www.burmeseclassic.com

TWO CATS PUBLICATION

ဖောင်ပျိုး စီစဉ်သည်

# ပန်းသခိုင်

လုံးချင်းဝတ္ထုသစ်

# ချစ်ခြင်းပြုံ့အနိုင်ယူ

design : bo bo htoon

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၁၁၉၇/၂၀၀၂ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၁၈၅/၂၀၀၃ (၃)
**ထုတ်ဝေသူ**
ဦးတင့်လွင်
အမှတ် (၆၀၅)၊
ဩဇမ္မာလမ်း
**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
ပထမအကြိမ် ၂၀၀၃ ခုနှစ် ဇွန်လ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com



လိမ္မော်သီး အရွယ်လုလုကြီးများကို ခြင်းနှင့်အပြည့်ထည့်ကာ အော်ရောင်းနေရာသို့ ဖွဲ့ကိုလည်း ခြေလှမ်းမြန်မြန်နှင့် ဝင်တိုးကြည့်လိုက်၏။ ပလက်ဖောင်းပေါ် ခင်းကျင်းထားသော ဈေးတန်းကြီးတစ်လျှောက်မှာ လူတွေ များပြားစည်ကားလှပါသည်။

ဖွဲ့ကို ရန်ကုန်ပြန်ရောက်လာကတည်းက ဒီလိုဈေးတန်းမျိုးကို အေးအေးဆေးဆေး လျှောက်မကြည့်ရသေး။

"ဆယ်လုံးမှ တစ်ထောင်တည်းနော်၊ တစ်လုံးတစ်ရာဆိုတာ ဟော ဒီမှာ ကျွဲကောသီးလောက်ကို ရှိတယ်။ ဝယ်ထားမှ တန်တာ"

ဦးလေးကြီးက စွပ်အော်နေသလို ဝယ်သူတွေမှာလည်း တိုးဝှေ့နေရသည်။

ဖွဲ့ကိုလည်း ဝင်အတိုးမှာ...

"အိုး...ဘယ်လိုဖြစ်တာလဲ၊ အရမ်းတိုးတာပဲ"

"ဆောရီး...ဆောရီး"

"ဘာဆောရီးလဲ၊ ဒီမှာ ရှင်တက်နင်းစာ ကျွန်မခြေဖဝါးကိုနာသွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ခြေဖျားလေးကို ငုံ့ကြည့်တော့ အဟုတ်ပဲ၊ ခြေသန်းနုလေးမှာ နီရဲသွားသည်။

"မတော်တဆ နင်းမိသွားတာပါဗျာ"

"နင်းမိမှာပေါ့၊ သေချာမှ မကြည့်ဘဲ။ ဒီမှာ ရှင့်အိတ်ကြီးကလည်း လွန်ကို လွန်တယ်။ အိတ်ကြီးလွယ်ပြီးများ သူများတွေကို ဝင်တိုက်ရဲ သေးတယ်"

ဖွဲ့ကိုသည် တောင်းပန်သောမျက်နှာလေးနှင့် ရယ်ကျဲကျဲ။

အမျိုးသမီးလေးကမူ အတော် ဒေါပွသွားပုံဖြင့် သူ့ကို မျက်စောင်း ထိုးသည်။

BURMESE CLASSIC

မျက်စောင်းရွယ်ပုံလေးမှာ ချစ်စရာကောင်းသဖြင့် ဖွဲ့ကိုအကြည့်တို့ ငေးစိုက်သွားရသည်။

ပလက်ဖောင်းပေါ် စည်ကားသက်ဝင် သွားလာလှုပ်ရှားဆူညံနေသံ တွေအားလုံးကို ထိုခဏမှာ သူ မေ့လျော့ မှင်သက်သွားရသည်။

တကယ်တော့ ဖွဲ့ကိုကလည်း ဖွဲ့ကို။

ဂေါ့ဖ်တန်တွေပါသော ဂေါ့ဖ်အိတ်ကြီးကို လွယ်လျက်သားမှ ရုတ်တရက် လီမွှော်သီးဝယ်ဖို့ စိတ်ကူးပေါက်တာ...။

ခုမှပဲ သူ့နံဘေးက အမျိုးသမီးလေးကို အားနာကာ နောက်တစ် လှမ်း ပြန်ဆုတ်ရသည်။

"တောင်းပန်ပါတယ်၊ အန်တီရယ်"

နန်းနွယ်က ပြူးဟဟမျက်နှာကို မော့ကြည့်မိသည်။

ပုံစံက မချိုမချဉ်နှင့် ဘာဖြစ်သွားရတာလဲမသိ။

အရပ်မြင့်မြင့်လူထွားကြီးက နန်းနွယ်ကိုများ အန်တီတဲ့။ ဒါ တမင်ခေါ်တာ။

ဖွဲ့ကိုသည် ထိုအမျိုးသမီးကို မြင်မြင်ချင်းမှာပင် တရင်းတနှီး စနောက်ချစ်မိ၏။

တကယ်ဆိုရင် သူဟာ အရင်က မျက်နှာပြောင်သူမဟုတ်၊ သူမကို တွေ့မှပဲ ကိုယ့်နှုတ်ခမ်းတွေဟာ မစေ့ချင်တော့ဘဲ ပြုံးမြဲ ဖြစ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာပါဗျာ၊ ဂေါ့ဖ်အိတ်ကြီးပါတယ်ဆိုတာ မေ့သွားတယ်။ တက္ကစီငှားထားပြီးမှ လက်ဆောင်ပေးဖို့ သတိရလို့ လိမ့်မှော်သီးပြေးဝယ်တာ။ ဆောရီးနော်...စိတ်မဆိုးပါနဲ့ နာသွားရင် ဦးဖွမန်းပေးရမလား"

"မလိုပါဘူး"

"ကျွန်တော့်အိတ်ကြီးကိုတော့ မျက်စောင်းမထိုးပါနဲ့ဗျာ၊ မနက်ဖြန် ဂေါ့ဖ်ရိုက်ချင်လွန်းလို့ သူငယ်ချင်းဆီက ဝင်ငှားလာခဲ့ရတာဗျ...သိလား"

အိုး...ဒီလူ နန်းနွယ်ကို ဘာကြောင့် ဒီလောက်ရှင်းပြနေတာလဲ။

သူ့အိတ်ကြီးက ငှားလာတယ်ဆိုတာပင် ပါသေး။

"ကဲပါ...ရှင် အရင်ဝယ်ပါတော့"

နန်းနွယ်က နောက်ဆုတ်ပေးမလို့ပင်။ သို့သော် သူက နန်းနွယ်နောက်ပါးမှာ နီးနီးကပ်ကပ်ရပ်နေရာက ဖယ်ကို မဖယ်။

သူ့ဆီက စီးကရက်နံ့သင်းသင်းနှင့်အတူ ရေမွှေးရနံ့တစ်မျိုးကိုပါ နီးနီးကပ်ကပ်ရှူရှိုက်နေရသည်မို့ နန်းနွယ်မျက်နှာလေး အလိုလိုနွေးလာရသည်။

"ရပါတယ်၊ ခင်ဗျားဝယ်ပါ။ မိန်းကလေးကို ပိုဦးစားပေးရမှာပေါ့ဗျ။ အားမနာပါနဲ့"

"ဟင်း...အခုမှ အပိုတွေ၊ ဦးလေးကြီးရေ ဒီမှာအရေးကြီးတဲ့လူတွေ အရင်ရောင်းပေးလိုက်ပါ"

"ရတယ်ဦးလေး...ဖြည်းဖြည်းပဲ"

ခုကျတော့လဲ ဖြည်းဖြည်းတဲ့။

ခုနတုန်းကတော့လည်း တက္ကစီငှားပြီးသည်အထိ ရေးကြီးသုတ်ပျာ အလောတကြီး ဖြစ်ရသတဲ့။

ဘယ်လိုပုဂ္ဂိုလ်လေးမှန်းပင် မသိတော့။

ဘေးပတ်ဝန်းကျင်က လူတွေကိုပင် သတိမပြုမိတော့သည် နန်းနွယ်ဆီက အကြည့်မလွှဲ။

တတ်လည်းတတ်နိုင်တဲ့ လူပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်လည်းကွယ် နှစ်ယောက်လုံး အတူတူဝယ်ပါ၊ ရပါတယ်။ ဆယ်လုံးစီ ထည့်ရမလား။

"ဟုတ်ကဲ့"

နန်းနွယ်က လွယ်ထားသော သားရေအိတ်အညိုလေးထဲက ပိုက်ဆံတစ်ထောင် ထုတ်ပေးသည်။

သူကမူ နန်းနွယ်လှုပ်ရှားမှုများကို မျက်တောင်မခတ် ငေးမော လျက်…

ကိုယ့်ကိုယ်ကို တည်ငြိမ်ရင့်ကျက်လှုပြီဟု ထင်မိသော နန်းနွယ် သည် သူ့မျက်လုံးတွေအောက်မှာ ရင်တွေဖိုလျက် ယောင်မှား ကြောင် အမ်းမိတော့မလို ဖြစ်သည်။

နူးညံ့ပျော့ပျောင်းသော၊ နွေးထွေးစူးရှသော၊ နက်မှောင်သက်ဝင် သော သူ့မျက်လုံးတွေဟာ အင်အားတစ်မျိုးဖြင့် နန်းနွယ်ရင်ထဲ နှလုံး သားထဲ ထိုးဖောက်ဝင်လာတော့မလို ထင်မိသည်။

လိမ္မော်သီးအိတ်ကိုဆွဲကာ နန်းနွယ်ပြန်ထွက်တော့ သူက နောက် သို့ဆုတ်ကာ ဖယ်ပေးသည်။

အကြည့်ငေးကတော့ ရုတ်သိမ်းမသွားချေ။

ခြေလှမ်း လေးငါးဆယ်လှမ်း အရောက်မှာ နန်းနွယ် ပြန်လှည့် ကြည့်လျှင် သူများထက် ခေါင်းတစ်လုံးသာနေသော သူ့အရပ်မြင့်မြင့် ကြီးကို လူတွေကြားထဲ အထင်အရှားမြင်ရကာ သူ့မျက်လုံးတွေဟာ နန်းနွယ်ကျောပြင်လေးဆီ ရှိနေဆဲပဲဆိုတာ အငိုက်တမိ မြင်တွေ့လိုက် ရပါသည်။

သူက နှုတ်ဆက်သလို လက်တစ်ဖက်မြှောက်ပြလိုက်သေး၏။ အမှတ်တမဲ့ အပြုံအမူတစ်ခုဟာ နန်းနွယ်ရင်ကို နွေးခနဲလှုပ်ရှားတုန် ယင်သွားစေသည်။

ထိုစဉ်က နန်းနွယ်နှုတ်ခမ်းတို့ ပြုံးနေမိသည် ထင်တာပဲနော်။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



"ခလေးရယ်...ကြည့်စမ်းပါဦး ချောလာလိုက်တာ"

နန်းနွယ်သည် ဝမ်းသာအားရပင် ခလေးခင်ကို ပွေ့ဖက်ကာ အသားနုနုလေးတွေကို ဖွဖွကိုင်တွယ်ကြည့်မိသည်။

"အရပ်ကလည်း ပိုမြင့်လာတယ်နော်၊ မမကိုတောင် ကျော်နေပြီ...တွေ့လား။ ဝမ်းသာလိုက်တာကွာ၊ ခလေး မြန်မာပြည်ပြန်ရောက်လာတာ တို့ဖြင့် အားတွေရှိသွားတာပဲ"

"ဒေါ်လေးမိရေ...ထွက်ခဲ့ပါဦး။ ဒီမှာ ခလေးကို လာကြည့်စမ်းပါဦး"

အတူနေလာတာကြာပြီဖြစ်သော ဒေါ်လေးမိကိုပါ ဝမ်းသာသံနှင့် အားတက်သရော အော်ခေါ်မိသည်။

ချက်ချင်းလိုပင် ဒေါ်လေးမိ ပြေးထွက်လာကာ အံ့ဩဝမ်းသာ[illegible] နှင့်။

"ဟယ်...တကယ်ပြန်ရောက်လာပြီ၊ ဘယ်တုန်း[illegible] သမီး၊ ဘယ်အချိန်က လေယာဉ်ဆိုက်တာလဲ၊ [illegible]

ဒေါ်လေးမိက မေးခွန်းတွေဆက်တိုက် မေး[illegible]

www.burmeseclassic.com

www.burmeseclassic.com



"ပြောပြမယ်၊ ဒေါ်လေးမိရေ...ခလေးဖို့ သံပုရာရည်ချဉ်ချဉ်လေး တစ်ခွက် ဖျော်ပေးနော်၊ ခေါင်းထဲမှာ ငြိုးစီစီနဲ့"

"အေးပါတော်...ဖျော်လာခဲ့ပါမယ်။ ကျုပ်က ဒီလိုမျိုးပြုစုချင်တာ ကြာပါပြီ။ အမြဲသတိရနေတာပါတော်..."

ပြောပြောဆိုဆို ဒေါ်လေးမိက လှစ်ခနဲ ပြန်ဝင်ပြေးသွားပြန်၏။

"ဟုတ်တယ် ခလေးရေ၊ သူလည်း တော်တော်ခလေးအကြောင်း ပြောတာ။ အိမ်မှာ ထောပတ်ထမင်းချက်ရင်လည်း ဒါလေးက ခလေး အကြိုက်၊ ငါးရံ့ခေါင်းဟင်းချိုချက်လည်း ဒါလေးက ခလေးအကြိုက်၊ စီဒီအသစ်ထွက်တာ၊ ကြော်ငြာတာမြင်ရင်လည်း ဒါလေး ခလေးကြိုက် မှာနဲ့ တဖွဖွပြောမဆုံးဘူး"

"ဟော့...တို့မှာ တကယ်လွမ်းနေရတာ ခလေးရယ်၊ ရှင်ကတော့ စက်ာပူမှာ အပျော်ကြီးပျော်လို့ ကျုပ်တို့ကို မေ့လို့မဟုတ်လား"

"ခလေးလည်း လွမ်းတာပါပဲနော်၊ ဟောဒီရင်ထဲက လွမ်းတာ၊ မမလို ပြောမပြတတ်လို့ပါနော်...သိလား"

"အမယ်လေး ဟုတ်ပါပြီ၊ ယုံပါပြီတော်"

ခလေးခင်က ခုမှ သူစီးလာတဲ့ ကြိုးသိုင်းဖိနပ်အမြင့်လေးကို အသာချွတ်လိုက်၏။

နန်းနွယ်မှာ သူမဟာန်ပန်လေးတွေကို ပြုံးငေးကာသာ ကြည့်နေ မိသည်။

ဒူးဆစ်ဖုံးရုံ ဘောင်းဘီကိုယ်ကျပ်လေးနှင့် ကြိုးချည်အကျီ စိမ်းပြာနု လေးကလည်း ပုံစံခပ်ဆန်းဆန်းနှင့် ခလေးကိုကြည့်ရတာ ဆယ့်ငါးနှစ် သမီးလောက်ပဲ ထင်ရ၏။ အသက်နှစ်ဆယ်ရယ်လို့ လုံးဝ ယုံချင်စရာ မရှိ။

မမြင်ရတာကြာပြီမို့ ခလေးပုံလေးက ပိုမိုချစ်စဖွယ်ကောင်းလာ သလို ထင်မိသည်။

"ခလေးဆံပင်က ဘာအရောင်တုန်း၊ လှလိုက်တာ၊ တစ်ချက် တစ်ချက် ခရမ်းရောင်ရိပ်ကလေး ပြေးနေပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ခရမ်းရောင်ဆိုးထားတာ...မမရဲ့၊ သူက မသိမသာ ရောင်ပြေးလေးပဲ။ နေပူထဲမှာဆို ပိုတောက်လှသေး"

"ဟယ်...ဟုတ်လား၊ ခရမ်းရောင်လား။ အဆန်းပါလား"

နန်းနွယ်သည် ခလေးရဲ့ဆံနွယ်လေးတွေကို ကိုင်ကြည့်မိသည်။ ပုံသွင်းထားတာကလည်း သပ်ရပ်အဆင့်မြင့်လိုက်တာ။ ဆံပင်တု စွပ်ထားသလားတောင် ထင်ရတာ။

ခလေးက ဒီမှာနေကတည်းက အသစ်အဆန်း အလှအပများကို စိတ်ဝင်စားသူလေးဖြစ်ရာ သူ ဘာပဲလုပ်လုပ် ဆန်းပြားငေးမောရသည်ချည်းပါ။

၁–နှလို နိုင်ငံရပ်ခြားမှာ လှည့်ပတ်နေလာခဲ့ပြီးချိန်မှာတော့ ခလေးအပြင်အဆင်တွေက ပိုမိုခေတ်မီ ဆန်းကြယ်နေတော့မှာ သေချာသည်။

"ကဲ...လာထိုင်စမ်းပါဦး၊ စကားမပြောရတာ ဘယ်လောက်ကြာနေပြီလဲ။ ဖုန်းထဲကပြောရတာ အားကိုမရဘူး။ တို့က လူတစ်ယောက်ကို မျက်နှာချင်းဆိုင်ကြည့်ပြီးမှ စကားပြောတတ်တာ ခလေးရ"

ခလေးခင်က နန်းနွယ်နှင့်အတူ ဆိုဖာခုံပေါ် ပူးကပ်ထိုင်ချလိုက်ပါသည်။

"ဆိုစမ်းပါဦး၊ ရန်ကုန်ရောက်တော့မယ်ဆိုတာ ဘာလို့ကြို မပြောလဲ။ ဟိုတစ်ခါ ဖုန်းဆက်တော့ဖြင့် မေလကုန်ပိုင်းလောက်မှ ရောက်မှာဆို။ အခု မြူနိုးစားကြီး ဘယ်လိုရောက်လာတာလဲ၊ နည်းနည်းပါးပါးကြိုပြောရင် မမတို့ လေဆိပ်လာကြိုမှာပေါ့ ခလေးရယ်"

"မြူနိုးဆို မြင်လိုက်ရင် မ–၁ ပိုပြီးဝမ်းသာရအောင်လေ၊ ပြီးတော့ လေယာဉ်တစ်စီးတည်း သူငယ်ချင်းလည်း အဖော်ပါလာလို့။ မေသက်လေ၊ မမသိတယ်မဟုတ်လား။ အခုတောင် မေသက်တို့အိမ်မှာ ပစ္စည်းတွေချပြီး ဒီကို တန်းထွက်လာတာ"

"ဟုတ်ပါရဲ့ ခလေးရယ်၊ မြူနိုးဆို ခလေးပြန်ရောက်လာ[illegible] တို့ဖြင့် အံ့ဩပြီး ယုံတောင်မယုံဘူး။ ဒါနဲ့ နေစမ်းပါဦး၊ ပစ္စည်း[illegible] ဘာကြောင့် ဟိုမှာချခဲ့တာတုန်း။ ဒီကို တစ်ခါတည်း မောင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ခလေးခင်က မချိုမချဉ်လေးပြုံးကာ မျက်နှာလေး ပြောင်စပ်စပ် လုပ်ရင်း…

"မေသက်တို့အိမ်မှာ တစ်ရက်နှစ်ရက်နေဦးမလို့ မမရဲ့"

နန်းနွယ်သည် ကိုယ်လေး မတ်ခနဲဖြစ်သွားရကာ မျက်နှာ ကွက်ခနဲ ပျက်လေသည်။

ခလေးလည်းပဲ သူမအပေါ် သူစိမ်းဆန်သွားခဲ့ပြီလား။ မြန်မာပြည်မှာ နန်းနွယ်ဟာ သူတို့သားအဖအတွက် အနွေးထွေး၊ အရင်းနှီးဆုံး လူသားတစ်ဦး မဟုတ်တော့ဘူးလား။

နန်းနွယ်ဟာ ဒီမှာ အိမ်စောင့်သက်သက်ပဲလား။

ချက်ချင်းလိုပင် စိတ်မကောင်းဖြစ်ကာ မျက်ရည်ရစ်ဝဲချင်လာသည်။

"မမနန်းနွယ်"

"ဟင်…"

"အဲဒါက ဘာဖြစ်သွားရတာလဲ။ မေသက်က အတင်းခေါ်လို့ ခဏလေး သွားနေမလို့ဉစ္စာ၊ မနေရဘူးလားဟင်…"

"မနေရဘူးလို့ တို့မပြောပါဘူး…ခလေးရယ်၊ ခလေးသဘောပါ"

နန်းနွယ့်အသံလေးက တိုးဖျော့သွားရ၏။

သူတို့သားအဖ စိတ်ချမ်းသာဖို့ကို နန်းနွယ် အမြဲရှေ့တန်းတင်ခဲ့တာပဲ မဟုတ်လား။

ခလေးခင်သည်လည်း ကိုယ်လုပ်ချင်ရာ ကိုယ့်စိတ်သဘောနှင့် ဆုံးဖြတ်ခဲ့ပြီးကာမှ မမနန်းနွယ်မျက်နှာလေး ညှိုးသွားတာမြင်တော့မှ မှားပြီလားဟု စိုးထိတ်သွားရသည်။

ဒီအစီအစဉ်ကို ဖေကြီးလည်း သိတာမဟုတ်။

သူမလည်းပဲ ကမန်းကတန်း ခေါ်င်းထဲရောက်လာသလို စိစဉ် လုပ်ကိုင်လိုက်တာပင်။

အဓိကကတော့…

အိုး…တစ်ဖြည်းဖြည်းမှပဲ မီးစင်ကြည့်ကရတော့မှာပဲလေ။

"မေသက်တို့ကိုလည်း အားနာလို့ပါ။ သူက သူငယ်ချင်းတွေ



www.burmeseclassic.com

www.burmeseclassic.com


ရန်ကုန်မှာ အတူပြန်ဆုံတုန်း ပါတီလည်း လုပ်မယ်ဆိုလို့ပါ။ ဒီမှာဆိုရင် မမမျက်စိနောက်နေမှာ သိလား"

"ဘာလို့ မျက်စိနောက်ရမှာလဲ၊ မမက ခလေးဘာပဲလုပ်လုပ် သဲဘောကျနေတာ၊ ပျော်နေတာပါ။ မေသက်တို့ပါ ဒီအိမ်ခေါ်ထားလည်း ရတာယ်လေ"

"ပြောပြီးဆိုပြီးသားကြီးဖြစ်နေပြီ မမရဲ့၊ ဒီတစ်ခါတော့ ခလေးကို ခွင့်လွှတ်နော်"

လက်သန်းလေးတစ်ချောင်း မျက်နှာရှေ့လာကပ်ထောင်ပြကာ ခေါင်းတိုးငှေ့ခွဲလိုက်တော့လည်း နန်းနွယ် ဘာမှ မတတ်နိုင်၊ မျက်နှာလေး ပြုံးလာရတော့သည်။

ခလေးနှင့်သူမကြားမှာ ရင်းနှီးနွေးထွေးမှုတွေ ရှိချင်ပါသည်။

ဘဝမှာ အတွယ်အတာ အနှောင်အဖွဲ့ဆိုလို့ သူတို့သားအဖပဲရှိ တာ မဟုတ်လား။

နန်းနွယ်သည် ခလေးပခုံးကိုဖက်ကာ နဖူးပြင်ကို နမ်းရှိုက်လိုက်မိသည်။

တကယ်တော့ ခလေးဟာ နန်းနွယ်ရဲ့ညီမလေးဆိုလည်း ဟုတ်သည်။ တပည့်လေးဆိုလည်း ဟုတ်သည်။ သူငယ်ချင်းတစ်ယောက် ဆိုရင်လည်း မမှား။

ခလေးကို အဖော်ပြုကာ နေခဲ့ရသော အချိန်လေးတွေကို အခုပင် လွမ်းချင်သေးသည်။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



နန်းနွယ်က တီဗွီကြော်ငြာလာတုန်း အပြင်ဘက်ကို ခပ်ငေးငေး ကြည့်မိကာ ပန်းကန်ပြားထဲက လက်ဖက်သုပ်တစ်ဇွန်းကို ငုံ့မကြည့်ဘဲ ခပ်စားလိုက်သည်။

ဒေါ်လေးမိရဲ့ လက်ဖက်သုပ်က အရသာထူးသည်မို့ နေ့ရယ်၊ ညရယ်မဟုတ်။ နန်းနွယ် အကြိုက်တွေ့ စားသောက်နေကြဖြစ်သည်။

ပြီးတော့...ရေနွေးပန်းကန်လုံးထဲက ခပ်နွေးနွေးရေနွေးကြမ်းကို တစ်ငုံသောက်လိုက်ပြန်သည်။

စံပယ်လက်ဖက်ခြောက် ခတ်ထားတာမို့ ရေနွေးကြမ်းက စံပယ် ပန်းနံ့လေး သင်းနေသည်။

ခလေးခင်လည်း သူ့မလိုပဲ လက်ဖက်ကြိုက်တာ ဖျတ်ခနဲ တွေးမိ၏။

ဒီအချိန် ခလေးအိပ်ပျော်နေပြီလား။

ဒါမှမဟုတ် ဘယ်တွေများလျှောက်သွားနေပြီလဲ၊ မေသက်တို့အိမ် မှာ ခလေးနေရ စားရတာ လွတ်လွတ်လပ်လပ်ရော ရှိရဲ့လား။

အင်း...နန်းနွယ်ကသာ စိတ်ပူနေတာ။



www.burmeseclassic.com

www.burmeseclassic.com



ခလေးက သတိမှရရဲ့လားမသိ။

"အိမ်ကြီးက ပျင်းချောက်ချောက်ကြီးနော်"

ဒေါ်လေးမိက စကားစလိုက်၏။

"ဩော်...ခါတိုင်းလည်း ဒီလိုပဲဟာ"

အရင်ညတွေတုန်းကလည်း ဒီလိုပဲ ဒေါ်လေးမိက စားစရာတစ်ခုခု လုပ်လာ၊ ပြီးရင် နန်းနွယ်တို့နှစ်ဦးသား တီဗွီရှေ့အပန်းဖြေကြ။ ဒီလိုပဲ နေခဲ့ကြတာပဲ။

တရုတ်ဇာတ်လမ်းတွဲ ကောင်းပြီဆို ပြီးအောင်စောင့်ကြည့်၊ သိပ် မကြိုက်တော့လည်း ဝင်အိပ်လိုက်တာပဲ မဟုတ်လား။

ဒီညမှ အထူးအဆန်း ပျင်းခြောက်သတဲ့။

"ခါတိုင်းနဲ့တော့ ဘယ်တူမလဲ၊ နန်းနွယ်ရယ်။ အမှန်ဆို ခလေးပါ ရှိနေရမှာ၊ သူလည်း စိတ်ပြောင်းသွားပြီ ထင်ပါတယ်"

"ဘယ်လို ဒေါ်လေးမိ"

"ကျုပ်တို့အပေါ် စိမ်းကားသွားပြီနဲ့ တူပါတယ်လို့..."

နန်းနွယ်ကိုယ်တိုင်ပင် တစ်ချက်တစ်ချက် ထိုသို့တွေးမိလျက် ဒေါ်လေးမိပြောတော့ နားထဲ လက်မခံချင်။

"မဟုတ်ပါဘူး၊ သူက ငယ်သေးတော့ အပျော်အပါးမက်တာ။ သူငယ်ချင်း မက်တာပါ။ နန်းနွယ်တို့က သိတဲ့အတိုင်း ကိုယ့်အလုပ်ကိုယ် လုပ်နေကြတာ မဟုတ်လား"

ဒေါ်လေးမိက သက်ပြင်းချကာ...

"အင်းလေ...ကျုပ်တို့ကတော့ သူ့ပဲ သံယောဇဉ်ကြီးမိတာကိုး...။ နိုင်ငံခြားမှာ နှစ်ချီနေပြီး ဒီကို ပြန်လာခိုက်လေးမှာ သူငယ်ချင်းနဲ့သွားနေ တယ်ဆိုတာ ယုံကို မယုံချင်ဘူး။ ခလေးအရင်ကနဲ့ မတူတာတော့ သေချာပါတယ်။ နန်းနွယ်ဘာပဲပြောပြော ခလေးစိတ်တွေ ကျုပ်တို့အပေါ် ပြောင်းလဲသွားပြီ"

"ဒေါ်လေးမိကလည်းနော်..."

"ဟုတ်တယ်လေ၊ ဒီမှာ ထမင်းလေးတောင် စားမသွားတဲ့ဥစ္စာ"

www.burmeseclassic.com



"ဒေါ်လေးမိလက်ရာ သူ ကြိုက်သားပဲ။ နောက်နေ့တွေ လာစားမှာပေါ့"

ဒေါ်လေးမိက ဘာမှ ထပ်မပြော။

နောက်နေ့အတွက်လည်း ယုံကြည်ထားပုံမရချေ။

နန်းနွယ်ရော...။

ခလေးအပြုအမူကို ဘယ်လိုနားလည်ရမှာပါလိမ့်။

အရင်ကဆို နန်းနွယ်လက်ရာ ရှောက်သီးသုပ်လိုမျိုး၊ ငါးဖယ်သုပ်လိုမျိုး၊ အသုပ်ကလေးတွေ အရမ်းကြိုက်တတ်လို့ တစ်မျိုးပြီးတစ်မျိုး မရိုးအောင် လုပ်ပေးရတာ။

ကိုယ်ကတော့ ခလေး ပြန်ရောက်လာရင် ဘာတွေလက်စွမ်းပြရမလဲဆိုတာ ကြိုတင် စိတ်ကူးယဉ်ထားရတာ။

ခုတော့...စိတ်ကူးတွေ မျက်နှာငယ်ရပြီ။

အင်းလေ...မတတ်နိုင်ပါဘူး။

သူ ပျော်သလိုနေပါစေ၊ ကိုယ်က ကလေးဆန်လို့မှ မရဘဲ။ နန်းနွယ်ကြိုင်တို့သည် တီဗွီအစီအစဉ်ပြီးသည်အထိ တိတ်တဆိတ် ထိုင်ကြည့်ကြသည်။

ပြီးလျှင် မီးတွေပိတ်ကာ အသီးသီး အိပ်ရာဝင်ခဲ့ကြ၏။

နန်းနွယ်သည် ချက်ချင်း အိပ်မပျော်သေး။

နဖူးပေါ်လက်ကလေးတင်ကာ၊ ဟိုဟိုဒီဒီတွေးနေမိ၏။ ထူးဆန်းစွာပင် စိတ်အာရုံ၌ ပေါ်လာသည်မှာ ပျာယီပျာယာနှင့် သူမကို ဝင်တိုးတိုက်သော အရပ်မြင့်မြင့် လူတစ်ယောက်ကိုပဲ ဖြစ်သည်။

နွေးထွေးသော သူ့ရဲ့အကြည့်ငေးဟာ နန်းနွယ်ရင်ထဲမှာ စွဲကျန်နေရစ်သည်။

သူဟာ ခဏလေးအတွင်းမှာ နန်းနွယ်ကို အတော်ကြီး ဖိုးမိုးနိုင်ခဲ့သည်။

သူ့ရဲ့ပြုံးချင်နေသော မျက်နှာကို ပြန်စဉ်းစားကြည့်မိတိုင်း နန်းနွယ်နှုတ်ခမ်းတွေပါ ကြည်နူးနှစ်သိမ့်ပြုံးလိုက်မိတာ ဘာကြောင့်များလဲ။



www.burmeseclassic.com

www.burmeseclassic.com



မတော်တဆ ဆုံဆည်းကြုံကြိုက်သော ယောကျ်ားလေးတစ်ယောက်ကို နန်းနွယ် ဘာကြောင့် စိတ်ကူးမိတာလဲ။ ကိုယ်တိုင်ပင်နားမလည်နိုင်တော့ပါ။

သူက ဂေါ်ဖ့်ရိုက်တာ ဝါသနာပါပုံပင်။

သူ့ရဲ့စတိုင်လ်ဖြောင့်လှသော ဟန်အမူအယာဖြင့် ဂေါက်သီးကို စနစ်တကျ အားမာန်နှင့်လွှဲရိုက်တဲ့အခါ ဘယ်မျှ ကြည့်ကောင်းလိုက်မလဲ။

သူ့မှာ ချစ်သူရော မရှိဘူးလား။

မရှိဘဲရော နေမှာလား။

ချစ်သူရှိလျှင် ထိုကောင်မလေးက သူ ဂေါ့ဖ်ရိုက်သွားလျှင် ဘေးကနေ စိတ်ရှည်ရှည်လိုက်ပါ စောင့်ဆိုင်းတတ်သလား။ နန်းနွယ်သာဆိုရင်တော့ သူ့ဝါသနာ၊ သူ့ရဲ့အားကစား လှုပ်ရှားမှုတစ်ခုကို လိုက်ပါအားပေး မိမှာပင်။

ကျွတ်...အတွေးတွေက ဘယ်အထိ ရောက်သွားတာလဲ။

သူ့နံဘေးက နေရာတစ်ခုကို ဖျတ်ခနဲတမ်းတလိုက်မိတာ။

နန်းနွယ်ဘဝမှာ ပထမဆုံး စတင်တွေးတောလာမှုဟာ ဘာကြောင့် သူ့ရဲ့အဖော်နေရာကို ဖြစ်နေရတာလဲ။

ရင်ထဲ၌ ရှက်သွေးတို့ ပျံ့နှံ့လာ၏။

နန်းနွယ့်နှလုံးသားမှာ တကယ်ပဲ အချစ်ကို လိုအပ်လာခဲ့ပြီလား။

မိသားစု အရင်းအချာရယ်လို့ တစ်ယောက်မှ မရှိခဲ့သောဘဝမှာ နှလုံးသားဟာ ထုံပေပေ မာကြောကြောနှင့် ခံစားမှုကင်းခဲ့သလို ထင်မိတာ။ အရင်ကတစ်လျှောက်လုံး နန်းနွယ်ဘဝမှာ လေးလေးဦးချစ်လွင်နှင့် ခလေးခင်တို့သာ ရှိခဲ့တာအမှန်ပါ။

လေးလေးကလည်း ဂေါ့ဖ်ရိုက်တာ ဝါသနာပါသည်။

တနင်္ဂနွေနံနက်တွေဆိုလျှင် နန်းနွယ်ရော၊ ခလေးခင်ပါ ဦးချစ်လွင်နှင့်ဂေါ့ဖ်ကွင်းသို့ လိုက်ပါခဲ့ကြစမြဲ။ စတိုးဆိုင်ကြီးမှာ ပစ္စည်းတွေဝယ်ကြသည်။

တစ်ပတ်ရောက်တိုင်း တစ်ခါ ဦးထုပ်အသစ်အဆန်း တစ်လုံးစီ ဝယ်ဆောင်းကြမည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် စားသောက်ဆိုင်ကနေ လေးလေးကို ထိုင်စောင့်ကြမည်။ ဘာဖြစ်ဖြစ် ပျော်စရာကောင်းခဲ့သည်သာ။

သို့သော် တစ်ရက်မှာ လေးလေးသူငယ်ချင်းတစ်ယောက် ပြောခဲ့တဲ့စကားကို နန်းနွယ်မမေ့နိုင်။

ရှက်လည်း အတော်ရှက်သွားရသည်။

ပတ်ဝန်းကျင်က ဒီလိုထင်၊ ဒီလိုပဲပြောသလားဟုလည်း အံ့အားသင့် နာကျင်သွားခဲ့ရပါသည်။

"ဦးချစ်လွင်တို့ကတော့ အမောကို ပြေနေတာပဲဗျို့။ ကြည့်ပါလား။ မျက်နှာက စိတ်ချမ်းသာတဲ့မျက်နှာ...

"ဟာဗျာ..."

"ဇနီးအသစ်ကလေးကလည်း ငယ်ငယ်ချောချော၊ သမီးနဲ့လည်း အဆင်ပြေ"

"ဟာ...ခင်ဗျားတို့ မဟုတ်တာတွေ လျှောက်ပြောပြန်ပြီ။ ဒါ... ကျွန်တော့်မွေးစားသမီးပါ ဆိုနေဗျာ..."

လေးလေးက မျက်စိပျက်၊ မျက်နှာပျက် ကြိတ်ငြင်းရှာသည်။

သူ့သူငယ်ချင်းတွေက လေးလေးစကားကို မယုံကြည်သလို ရယ်မောကြ၏။

လူတွေဟာ ဒီလို ရက်စက်သောအထင်နှင့် ဒီလိုပဲ စွပ်စွဲထင်ကြေးပေး ပြောဆိုတတ်ကြသလား။

လေးလေးက နန်းနွယ်ကြားမှာ စိုးရိမ်သလို သူငယ်ချင်းတွေကို အဝေးသို့ ဆွဲခေါ်သွားသည်။

သို့ပေမဲ့ နန်းနွယ်က ကြားဖြစ်အောင် ကြားခဲ့ပြီပဲ။ ထိုမှစ၍ တနင်္ဂနွေရောက်လျှင် လေးလေးဂေါ့ဖ်ရိုက်သွားရာသို့ မလိုက်တော့ဘဲ အကြောင်းတစ်ခုပြ ရှောင်နေခဲ့သည်။

နောက်ပိုင်း လေးလေးကလည်း မခေါ်တော့ပါ။

ခလေးခင်ကလည်း နန်းနွယ်မပါသောအခါ သူ့အဖေသွားရာ ဂေါ့ဖ်ကွင်းသို့ မလိုက်တော့ချေ။

www.burmeseclassic.com



ပျော်စရာကောင်းသော နေ့ရက်ကလေးတို့ဟာ ကိုယ်နှင့်မဆိုင်သော တစ်ပါးသူတို့ကြောင့် ပျက်ဆီးခဲ့ရသည်။

ထိုသို့ စကားတင်းဆိုမှာကို နှန်းနွယ်ကိုယ်တိုင် ရှက်ရွံ့ကြောက်လန့်ကာ နှလုံးသား၌ ဒဏ်ရာတစ်ခု ရခဲ့သည်ပဲဆိုပါတော့။

✿✿✿

ကြောင်းဖြောင်းခေတ်ကျောင်းဝက်ဆိုက်
www.burmeseclassic.com

www.burmeseclassic.com



နန်းနွယ်သည် ကားကို ဘက်ဆုတ်ဝင်ပြီးမှ ညင်သာစွာ စက်သပ်ရပ်လိုက်သည်။

ပြီးနောက်...သော့ကို ဖြုတ်ယူကာ စီးထားသော လေဒီရှူးအနက်လေးကို ကားထဲမှာပဲ သတိတရ ချွတ်ထားခဲ့လိုက်သည်။

ဒေါ်လေးမိကို ကြည့်တော့ ကားပြင်ပင် ရောက်နေပြီ။

နန်းနွယ်က ကားကို လော့ခ်လုပ်ကာ သော့ချိတ်လေးကို ပိုက်ဆံအိတ်ထဲသို့ ဖွင့်ထည့်လိုက်သည်။

ပြီးတော့...ဒေါ်လေးမိနှင့်အတူ ဓါတ်လှေကားရှိရာ လျှောက်လာခဲ့သည်။

ရွှေတိဂုံဘုရားဖူးလာတိုင်း နန်းနွယ်နှင့်ဒေါ်လေးမိတို့ လမ်းမှာ ငြင်းခုန်ရစမြဲ။

ဘာကြောင့်လဲဆိုရင် နန်းနွယ်က အနောက်မုခ်စက်လှေကားမှ တက်လိုသည်။

နန်းနွယ်ဟာ လိုအပ်ရင် ကားကိုသာ ပြိုင်မောင်းဝံ့သော်လည်း ဓါတ်လှေကားစီးရမှာ ကြောက်တတ်သူဖြစ်၏။ ဘာကြောင့်ရယ် မသိ။



www.burmeseclassic.com

www.burmeseclassic.com



ဓါတ်လှေကားထဲရောက်ပြီဆို လက်ဖဝါးတွေ ချွေးစေးပြန်ပြီး လူက ခေါင်းမူးချင်သည်။

အသက်ရှူကျပ်သလို ခံစားရသည်။

ထို့ကြောင့် တတ်နိုင်သရွေ့ ဓါတ်လှေကား ရှောင်မိ၏။ ဒေါ်လေးမိကျတော့ သူက နန်းနွယ်နှင့်ပြောင်းပြန်။ စက်လှေကားကို လုံးဝ မတက်ရဲ။

လွယ်လွယ်ကလေး ဘုရားပေါ်ရောက်သော ဓါတ်လှေကားသာ စီးချင်၏။

ရိုးရိုးလှေကားကျတော့ ဒူးနာလို့ မတက်နိုင်။

ဒီနေ့တော့ နန်းနွယ်ကပဲ လျှော့ပေးကာ ဒေါ်လေးမိနှင့်အတူ ဓါတ်လှေကားနှင့်တက်ဖို့ ဆုံးဖြတ်ရသည်။

ဘုရားတက်တိုင်း ကြောက်ကြောက်နှင့်စီးရစမြဲ။ ခုလည်းပဲ စိတ်ထဲ ဘုရားတကာ လျှောက်လာရတာ။ ကိုယ်ကသာ ဘာမဟုတ်တာလေးကို စိုးရွံ့တတ်တာ။ အပြင်ဖက်မှာ စောင့်နေတဲ့ လူတွေဖြင့် အများကြီး...

ဒေါ်လေးမိက ရှေ့ကို အသာတိုးသွားသည်မို့ နန်းနွယ်လည်း ထက်ကြပ်မကွာ ပါလာသည်။

တံခါးပွင့်တော့ ဖြုန်းဆို လူတွေအများကြီးပဲ အထဲကို လှမ်းဝင်လိုက်ကြ၏။

နန်းနွယ်ရော ဒေါ်လေးမိရော အထဲကိုရောက်မှ မထင်မှတ်ဘဲ တံခါးဖွင့်ပိတ်လုပ်ဖို့ ပါလာတဲ့ကောင်လေးက...

"လူများနေပြီ မရဘူး၊ တစ်ယောက်လောက် ကျေးဇူးပြုပြီး ထွက်ပေးပါ"

ဒေါ်လေးမိသည် ကိုယ်လုံးခပ်ဝဝနှင့် တံခါးဝမှာ ထိုကောင်လေးနားမှာ ရှိနေတာမို့ နောက်ပြန်ဆုတ်ကာ ထွက်ပေးလိုက်ရ၏။

နန်းနွယ် ပြန်ထွက်ဖို့စိတ်ကူးတော့ တံခါးက ပိတ်သွားပြီ။ ကြောက်တတ်ပါတယ်ဆိုမှ အဖော်က ကျန်ခဲ့ပြန်ပြီ။

ငြိမ့်ခနဲလှုပ်သွားလျှင် အပေါ်တက်ပြီဆိုတာ သိလိုက်၏။ နန်းနွယ်

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးကို စုံမှိတ်ထားလိုက်သည်။

လူက ငြိမ်ငြိမ်ရပ်နေရင်း ခေါင်းထဲမူးရိပ်ရိပ် ဖြစ်လာသည်။

ခါတိုင်းဆို ဒေါ်လေးမိလက်ကို ဆုပ်ထားနေကျမို့ ခုလည်းပဲ ယောင်ပြီး အနားက ဘယ်သူမှန်းမသိ အင်္ကျီစတစ်ခုကို ယောင်ကာ သွားဆွဲထားမိသည်။

ဓါတ်လှေကားအပေါ်ကို ရောက်ဖို့ဟာ အချိန်ဘယ်လောက်မှ ကြာတာမဟုတ်။ သို့ပေမဲ့ ထိုအချိန်တအောင့်လေးကို နန်းနွယ် တကယ်ပဲ အခက်အခဲနှင့် ဖြတ်သန်းရတာ အမှန်ပါ။

နောက်တစ်ကြိမ် ငြိမ့်ခနဲ အသည်းအေးသွားရပြီးလျှင်...

"မျက်လုံးလေးဘာလေးလည်း ဖွင့်ကြည့်ပါဦးဗျာ၊ ဘုရားပေါ် ရောက်လို့ သူများတွေတောင် ထွက်ကုန်ပြီဗျ"

"ရှင်..."

ရယ်သံပါသော ထိုစကားကြောင့် နန်းနွယ် မျက်လုံးဖွင့်လိုက်လျှင် ဓါတ်လှေကားထဲ သူမနှင့်တခြားလူတစ်ယောက်သာ ကျန်ရစ်တာ တွေ့ရ၏။

ရှက်ရှက်နှင့် မော့ကြည့်ကာ တောင်းပန်မည်ပြင်တော့...

"ဟင်...ရှင်..."

မျက်လုံးအဝိုင်းသားနှင့် အံ့ဩသွားပုံလေးကို ဖွဲ့ကို ချစ်စနိုးပြုံး ပြလိုက်မိသည်။

မှန်ချပ်ကိုဖြတ်ကာ အပြင်ကို ငေးကြည့်နေမိဆဲမှာ နံဘေးကနေ ကိုယ့်အင်္ကျီလက်မောင်းစကို လာဆုပ်တော့ ဘယ်သူများလဲကြည့် လိုက်ရာ မျက်လုံးမှိတ်လျှက် ပါးစပ်ကလေး ပွစိပွစိလှုပ်ရှားရေရွတ် နေသော သူမကို မထင်မှတ်ဘဲ တွေ့လိုက်ရသောအခါ ရယ်လည်းရယ် ချင်၊ ပျော်လည်းပျော်၊ ရင်လည်းခုန်။ ဘာတွေ ဖြစ်သွားမှန်းပင် ဖွဲ့ကို မသိတော့။

ရှာတုန်းက မတွေ့ဘဲ...ခုတော့လည်း တိုက်ဆိုင်ဆုံတွေ့ပုံက ဆန်းကျယ်နေပါလား။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



နန်းနွယ်သည်လည်း တခဏ မှင်သက်ငေးမော သွားရ၏။ ဓါတ်လှေကားအတွင်းဖက်မှာ သူ ကျောခိုင်းရပ်နေတာကို နန်းနွယ် ဘာကြောင့် စောစောက မတွေ့ရသလဲ။

မမျှော်လင့်ဘဲ သူ့နံဘေးကို ဘယ်လိုရောက်နေမိသလဲ၊ ပြီးတော့ နန်းနွယ်မျက်လုံးမှိတ်ပြီး အင်္ကျီစကို ဖမ်းဆုပ်မိသူဟာ ဘာကြောင့် သူမှ လာဖြစ်နေရသလဲ။

ကြုံတွေ့ရသော ဖြစ်ရပ်ကလေးကို အံ့အားသင့် ရင်ခုန်သွားမိသည်။

နန်းနွယ် ထင်သလိုပဲ၊ သူနှင့်နန်းနွယ်တို့ကြားမှာ ဘာမှန်းမသိသော တစ်စုံတစ်ရာဟာ တကယ်ပဲ ရှိနေခဲ့သည်။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဖွဲ့ကိုပါ"

"ဟုတ်ကဲ့"

"မှတ်မိတယ်နော်"

နန်းနွယ် ခေါင်းညိတ်ပြလိုက်သည်။

သူနှင့်အတူတူ ဓါတ်လှေကားအပြင်ဖက် စကြံနံလေးအတိုင်း လျှောက်လာမိ၏။

"တစ်ယောက်တည်းလား"

နန်းနွယ် သတိတရ ခြေလှမ်းရပ်သဖြင့် သူ လာမေးသည်။

"ဒေါ်လေးမိပါတယ်၊ လူပြည့်နေလို့ ကျန်ခဲ့တာ"

"ဩော်..."

သူသည် ခြေလှမ်းရပ်သွားကာ နန်းနွယ်ကို စေ့စေ့ကြည့်၏။

နန်းနွယ်မျက်နှာလေး နွေးသွားရသည်။

သူ့မျက်လုံးတွေက ဟိုတစ်ရက်ကလိုပဲ ချိုမြိန်ရင်းနှီးနေသည်။ ပျော့ပျောင်းနူးညံ့နေသည်။

ဒီမျက်လုံးအကြည့်ကို အာရုံထဲစွဲထင်နေခဲ့တာမို့ ပြန်တွေ့ရတော့

www.burmeseclassic.com



အပျော်စိတ်က ရင်ထဲအလုံးအရင်း ဝင်ဆောင့်တာအမှန်။

နန်းနွယ်သည် အခုမှပင် ကိုယ့်အဖြစ် ကိုယ်ပြုံးနိုင်ကာ...

"နန်းနွယ်က ဓါတ်လှေကားစီးရင် အလိုလိုမူးချင်တာလေ၊ ကျေးဇူးတင်ပါတယ်။ လူသိနဲ့လာတိုးတာ တော်သေးတယ်"

"ကျွန်တော်တို့ သိတယ်ပေါ့နော်"

"အင်းလေ..."

"ဝမ်းသာလို့ပါဗျာ၊ ခင်ဗျားနာမည်က နန်းနွယ်လား"

ဟိုတစ်ခါလိုပဲ သူ့ကို မျက်စောင်းရွယ်ချင်မိတော့၏။

"နန်းနွယ်ကြိုင်ပါ"

"ဟိုတစ်ခါ စမြင်ကတည်းက ကျွန်တော် အရမ်းစိတ်ဝင်စားတာ"

"ဘယ်လို့..."

နန်းနွယ့်မျက်လုံး ဝိုင်းသွားတော့ သူ ရယ်သည်။

"အဟဲ...စကားပြောလောသွားလို့ပါဗျာ၊ အဲဒီနေ့ကတည်းက ခင်မိတယ်။ ကျွန်တော်က စင်ကာပူရောက်နေတာကြာပြီဆိုတော့ ရန်ကုန်က သူငယ်ချင်းတွေနဲ့လည်း အဆက်အသွယ်ပြတ်နေပြီလေ။ ဒီမှာ ဟိုတယ်ပဲ တည်းလိုက်တယ်။ ဒီမှာ ကျွန်တော်တည်းတဲ့ ဟိုတယ်လိပ်စာ၊ ဖုန်းလည်း ဆက်လို့ရတယ်"

သူက လိပ်စာကဒ်တစ်ခု ထုတ်ပေး၏။

"နန်းနွယ်ရော ဘယ်မှာနေတာလဲ၊ ဖယ်မလီနဲ့လား။ စပ်စုတယ်တော့ မထင်နဲ့ဗျာ၊ တကယ်ခင်မင်လို့ပါ။ အမှန်အတိုင်းပြောရရင် ဟိုနေ့က တက္ကစီကို ခင်ဗျားကားနောက်က လိုက်ခိုင်းသေးတယ်၊ မီးပွိုင့်ရောက်တော့ဗျာ ကျွန်တော်တို့တက္ကစီက ကျန်ခဲ့ပြီ၊ ဘယ်လိုက ဘယ်လို မျက်ခြေပြတ်သွားမှန်း မသိဘူးဗျာ။ ဆွေးရော..."

"ဟော့တော့...ဘာလို့ လိုက်ရတာလဲ"

"ပြောပြီးပြီလေဗျာ၊ မိတ်ဆွေဖြစ်ချင်လို့"

"အဆန်းပဲ"

"ဟုတ်တယ်၊ ကျွန်တော့်စိတ်ထဲမှာ ထူးဆန်းနေတယ်။ နန်းနွယ်


www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေး မြင်လိုက်ကတည်းက ရင်ထဲမှာ ဘာဖြစ်သွားမှန်းမသိဘူး။ ခဏလေးကြုံတုန်း အခွင့်အရေးယူတယ်လို့တော့ မထင်နဲ့ဗျာ…နော်။ ကျွန်တော်က ပွင့်ပွင့်လင်းလင်း ပြောတတ်လို့ပါ။ နန်းနွယ် ဘယ်သူနဲ့ နေလဲ၊ ဖယ်မလီနဲ့လား။ အဲဒါလေး တစ်ဆိတ်လောက်တော့ မြန်မြန် ပြောဗျာ"

"ဩော်…ဘယ်လိုဖြစ်နေသလဲ၊ အခုမှ သိကြတာကို…"

"အဖြစ်သည်းတယ်ပဲ ဆိုချင်ဆိုဗျာ၊ ကျွန်တော် နန်းနွယ်ကို သတိရတယ်။ ပြန်တွေ့ချင်လို့ အဲဒီပလက်ဖောင်းဈေးတန်းကို နေ့တိုင်း သွားလျှောက်တယ်"

အို ဘယ်လိုလူလဲ။

သူ ပြောချင်တာတွေ တရစပ် မနားတမ်း ပြောနေတော့တာပဲ။

နန်းနွယ်မျက်နှာလေးပင် နီမြန်းစပြုလာသည်။ သူ့ဆီက ဒီလို စကားတွေကြားရတော့ ရင်ထဲတုန်လှုပ်လိုက်ဖိုကာ ဘာပြောရမှန်းပင် မသိတော့ပါ။

"ပြောလေဗျာ၊ ခင်ဗျား စင်ဂယ်ပဲလားဆိုတာ"

"အင်း…နန်းနွယ်မှာ ဖယ်မလီမရှိပါဘူး။ မိဘ ညီအစ်ကို မောင်နှမ ဘယ်သူမှ မရှိဘူး။ မွေးစားအဖေပဲရှိတာ၊ အဲဒီအဖေကလည်း နိုင်ငံခြားမှာပါ"

"ဟာ ဆောရီးဗျာ၊ ဒါပေမဲ့ အားမငယ်ပါနဲ့ နန်းနွယ်။ ကျွန်တော် နဲ့ခင်ဗျားက ဘဝတူတွေပဲဗျာ…သိလား။ ကျွန်တော်လည်း မိဘမရှိဘူး။ အစ်မဝမ်းကွဲမိသားစုနဲ့ ဟိုမှာနေတာ။ အဓိက ကျွန်တော့်ဆရာပေါ့နော်၊ ဆရာ့ကုမ္ပဏီမှာပဲ ကျွန်တော် အလုပ်လုပ်တယ်။ အခုတစ်ခေါက်ရန်ကုန် ပြန်လာရတာ ကျွန်တော့်အတွက် အရမ်းကို အဓိပ္ပါယ်ရှိသွားပြီဗျာ။ ခင်ဗျားကတော့ ယုံချင်မှ ယုံလိမ့်မယ်"

နန်းနွယ်က မျက်လွှာလေး ချသွားတော့၏။

ဖွဲ့ကိုသည် ပျော်ရွှင်မြူးတူးနေပုံရကာ အနားက စံပယ်ပန်းသည် လေး ဖြတ်သွားလျှင် ပါလာသမျှစံပယ်ပန်းကုံးတွေ တစ်ထုံးတစ်ထွေးလုံး



www.burmeseclassic.com

www.burmeseclassic.com



ကြီး အကုန်ဝယ်ပစ်လိုက်၏။ ပြီးလျှင် နန်းနွယ်ကို ပေးသည်။

မွေးပုံ့လှိုင်နေသော စံပယ်ပန်းကုံးတွေ ဒီလောက်အများကြီး နန်းနွယ်တစ်ခါမှလည်း မဝယ်ဖူး။

"ဘာလို့ အကုန်ယူလိုက်တာလဲ"

"နန်းနွယ်ကို လက်ဆောင်ပေးဖို့ပေါ့"

"အများကြီးပဲ"

"ဘုရားလှူပေါ့ဗျာ"

နန်းနွယ်လည်း ပန်းတွေဆွဲကာ ပျော်သွားရ၏။ ထိုအခ ဓါတ်လှေကားဆီက ဒေါ်လေးမိက သူမတို့ကို တအံ့တဩ ဖြစ်သွား ခဏလေး မျက်စိအောက်က ပျောက်သွားခိုက်မှာ နန်းနွယ်က အသ ဆွေနှင့်တိုးနေပါပေါ့လား။

ပြီးတော့ ထိုကောင်လေးက အရုပ်မြင့်မြင့်၊ ခပ်ချောချော။ နန်းနွယ်ကို ကြည့်နေပုံမှာ တရင်းတနှီး တယုတယဟန်နှင့်။

ဒေါ်လေးမိသည် အခြေအနေကို ချက်ချင်းသဘောပေါက်သွား ရ၏။

အင်းလေ...နန်းနွယ်မှာလည်း ဒီလိုအဖော်မျိုး တွေ့ထားနိုင်တာပဲ။

အရင်က ကြိုမသိထားတာကို ဒေါ်လေးမိ ကိုယ့်ဘာသာ အပြစ် တင်မိသည်။

ဒေါ်လေးမိရဲ့ အပြုံးကြောင့် နန်းနွယ်မျက်နှာလေး မထားတတ် အောင် ရှက်သွေးဖြန်းသွားရ၏။

တစ်မျိုးတော့ ထင်ပါပြီ။ သေချာသည်။

သူ့အမူအယာကလည်း ထင်ချင်စရာပဲလေ။ အမူအယာတင် မကပါဘူး၊ နှုတ်ကလည်း ဖွင့်ပြောနေတာပဲ။

နန်းနွယ်လည်း ဘာ့ကြောင့်မှန်းမသိ၊ သူ့ကို ချက်ချင်းလို ရင်းနှီး နွေးထွေးနေမိကာ မှုန်ချွဲစိတ်ကောက်ချင်မိသည်။

"ဟိုမှာ...ဒေါ်လေးမိ လာပြီ"

သူက ဒေါ်လေးမိကိုပါ ခေါင်းဆတ် နှုတ်ဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးမိက နန်းနွယ်တို့နှင့်အတူတူမလျှောက်၊ သူ့ဘာသာ ရှေ့က သွား၏။

နန်းနွယ်ဘို့နှစ်ဦးမှာ သပ်သပ်စုံတွဲလို ဖြစ်နေသည်။ သူ ကိုယ့် နံဘေးမှာရှိနေတာကို နန်းနွယ်လည်း ကျေနပ်မိသည်။

ရဲ သူ့မျက်နှာမှာလည်း ကြည်နူးမှုက အထင်းသားပေါ်လွင်နေသည်။

"နန်းနွယ် ကျွန်တော်တို့ အတူတူဘုရားဖူးဖို့ဖြစ်လာတာ ရေး စက်ကြောင့်ဖြစ်မယ်နော်။ ဘယ်လိုထင်လဲ"

သတ် ခေါင်းငုံ့ပြုံးမိလျှင် ဖွဲ့ဂိုက...

သွားစေ "တစ်ခုခု ပြန်ပြောပါလားဗျာ"

"ဘာပြောရမှာလဲ"

"နန်းနွယ်သဘောထား၊ ကျွန်တော့်အပေါ် ခံစားချက်"

"သဘောထားကို ပြောရမယ်၊ အဲဒါတော့ စောပါသေးတယ်နော်"

"ဒါဖြင့် ကျွန်တော် အိမ်လာလည်မယ်၊ လေ့လာဦးမယ်ဆိုလည်း အချိန်တော့ အကြာကြီး မယူနဲ့ဗျာ...နော်"

"ရှင် ဘာမဆို သိပ်လောကြီးတာပဲ"

"နန်းနွယ်ထင်လို့ပါ၊ ကျွန်တော့်ဘက်က သိပ်ကြာနေပြီထင် တာဗျ။ ဒီလိုပဲ အမြဲတမ်းအတူတူ လျှောက်ချင်တယ်၊ တစ်ဘဝလုံးကို ဆိုလိုတာနော်"

သူသည် ရည်းစားစကားကို လှည့်ပတ်ကွေ့ဝိုက်လို့ ဆိုနေသည်။ ပြီးလျှင် နန်းနွယ်နှင့် မျက်လုံးချင်းဆုံကြည့်ဖို့ ကြိုးစားသည်။ ကျွန်မ နှလုံးသားထဲက အဖြေကို ရှာမယ်ပေါ့နော်...။

နန်းနွယ်မညာပါ။

ထိုအဖြေဟာ နှလုံးသားမှာ သူ့အလိုအလျှောက် အချက်ပြ ဖြေနေခဲ့ပြီ မဟုတ်လား...။

ဒါပေမဲ့လည်း သူ မြင်သွားမှာတော့ နန်းနွယ်စိုးရိမ်သည်။

ဤမျှ မြန်ဆန်စွာ အဖြေထုတ်ပေးသော နှလုံးသားကိုလည်း အံ့ဩမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နန်းနွယ်သည်သူနှင့် မျက်လုံးချင်း မဆုံအောင် သတိထားသည်။

ဖွဲ့ကိုတော့ -နန်းနွယ်မျက်နှာလေးကို ကွက်ကြည့်ကွက်ကြည့်…

ဒေါ်လေးမိက သူ့ရဲ့မွေးနံ့ထောင့်မှာ အရင်အခါတွေတုန်းကလိုပဲ ဂုဏ်တော်ပုတီးကို အကြာကြီးစိပ်နေသည်။

ဖွဲ့ကိုနှင့်နန်းနွယ်က ဘုရားမှာ ပန်းလှူသည်။ ရွှေဆိုင်းကပ်လှူသည်။ လက်ဂျာရစ်တစ်ပတ်လှည့်လည် ဖူးမြော်သည်။

နှစ်ဦးသားရဲ့ရင်ထဲမှာ အတိုင်းမသိသော ကြည်နူးငြိမ်းချမ်းမှုတွေ လျှံဖိတ်နေရလေေသည်။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



ခလေးခင်သည် လက်ထဲ၌ လက်ဆွဲအိတ်နှစ်အိတ်နှင့် ခပ်သွက် သွက်လျှောက်ကာ တက္ကစီငှားပြန်ဖို့ တွေးလိုက်သည်။

တစ်ဦးတည်း ရှော့ပင်ထွက်လာခဲ့ပေမဲ့ သိပ်ကြာကြာလည်း မလည်ပတ်ချင်တော့တာမို့ အိမ်ပြန်ဖို့ပဲ စိတ်ကူးလိုက်တာ။

လည်ပင်းမှာ ကြိုးချည်စရာလေးပါသော အပြာအပွင့်နုပ်နုပ်အင်္ကျီ ကိုယ်ကျပ်လေးဖြင့် စတိုင်လ်ဘောင်းဘီကိုဝတ်ကာ ခွါချွန်ဖိနပ်အပြာ ကြည်ကြည်ဖြင့် ဆတ်တောက်ဆတ်တောက် လျှောက်သွားသော ကောင်မလေးကို မြင်သည်နှင့် ခလေးခင်မှန်း သိလိုက်ကာ ဖွဲ့ကို ကားကို သူမနံဘေး ကပ်ရပ်လိုက်သည်။

"ဟေ့...ခလေး"

"ဟင်...ကိုကို"

ခလေးခင်က မျက်မှန်အပြာလေးကို ဦးခေါင်းပေါ် ပင့်တင်ကာ သူ့ကို နှာခေါင်းလေးရှုံ့ပြသည်။

"ဘယ်တွေ လျှောက်သွားနေတာလဲ ခလေးရာ၊ မနေ့ကတို့ အိမ်ရောက်တော့လည်း တံခါးကြီးက သော့ခတ်ထားတယ်။ အပြင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေ သွားစရာရှိရင် ကိုယ့်ဆီဖုန်းဆက်ရောပေါ့။ တော်ကြာ…ဆရာက ခလေးကို ပစ်ထားတယ်လို့ ထင်နေပါဦးမယ်ကွာ။ ဒါပဲနော်…မင်း တစ်ခုခုဆို ကိုယ့်အပြစ် မဟုတ်ဘူး"

"သိပါတယ်…ကိုကိုက အပြစ်လွတ်ရင်ပြီးရော၊ ခလေးကို သံယောဇဉ်ဖြင့် ရှိတာမဟုတ်ဘူး"

"ကဲပါဗျာ…ကားပေါ်အရင်တက်ပါဦး။ ပြီးမှရန်စွာ။ ဘယ့်နှယ့်လဲ၊ သူငယ်ချင်းဆီက ခဏဆွဲထားတဲ့ကားလေ၊ ကောင်းတယ် မဟုတ်လား"

သူ့ကားလီမိတက်လေးက သန့်ပြီးတောက်ပနေတာမို့ ခလေးက သဘောကျသွားသည်။

"ကိုကိုက ဘယ်ဆိုးလို့လဲ၊ စီးစရာကားတောင် ရထားပြီ"

ဖွဲကိုက ပြုံးလိုက်သည်။

ယူစရာမိန်းမလည်း တွေ့ထားပြီဟာလို့ ကြွားလိုက်ချင်သေးသည်။

သို့ပေမဲ့ ဒီကလေးမက ပြောလို့ရတာမဟုတ်။ အကြောင်းမဲ့ တောင် စိတ်ကောက်ချင်ကောက်နေတတ်တာ။

သေချာမှပဲ အသိပေးတာ ကောင်းမည်။

"ဘာလို့ ပြုံးစိစိဖြစ်နေတာလဲ"

"ပျော်လို့ပေါ့ကွ"

"ကိုကိုနော်…ဘာတွေပျော်စရာတွေ့နေတာလဲ၊ ခလေးကဖြင့် မေသက် ခရီးထွက်သွားတော့ ဆရာမအိမ်သွားနေတာ"

"ဟာ…ဟုတ်လား။ မေသက်တို့အိမ်မှာ မနေတော့ဘူးလား။ ကြည့်စမ်း…ကိုယ့်ကိုတောင် မပြောဘူး"

"ပြောမလို့ဘဲ၊ ကိုကို့ဆီဖုန်းဆက်တာ ရမှမရဘဲ"

"ဒါဖြင့် ဟိုကို ပြောင်းသွားပြီပေါ့၊ လိပ်စာပြောလေ။ အခုအဲဒီကိုပဲ ပြန်မှာ မဟုတ်လား"

ခလေးခင်က တခဏတိတ်နေမိသည်။

ဖြစ်နိုင်လျှင် မမနန်းနွယ်လိပ်စာ သူ့ကို မသိစေချင်။ မမနန်းနွယ်နှင့် ဖွဲ့ကိုတို့နှစ်ယောက်ကို ခလေး ဆုံမပေးစေချင်။ သူတို့နှစ်ယောက် သိကျွမ်း



www.burmeseclassic.com

www.burmeseclassic.com



သွားမှာစိုးရိမ်မိသည်။

တကယ်တော့ အဓိပ္ပါယ်လည်း မရှိ။

ခလေးခင်က ကိုယ့်အတွေး ကိုယ်ပြုံးမိသည်။ ပြီးမှ လိပ်စာကို ပြောလိုက်၏။

ဖွဲ့ကိုက မျက်မှောင်ကုပ်သွားသည်။

ဒီလမ်းနံမည်ကို သူ သိနေသည်။

နန်းနွယ်ပြောတဲ့ခြံပဲ။

"ခြံနံပါတ်က ဘယ်လောက်...ခလေး"

"ဩော်...ရှစ်ဆယ့်ရှစ်ပါဆိုမှ အဲဒီကျတော့ ခလေးလမ်းညွှန်မှာပေါ့၊ မောင်းမှာ မောင်းစမ်းပါ ကိုကိုရယ်"

ဖွဲ့ကိုသည် ရင်ထဲတစ်မျိုး ဖြစ်သွားသည်။

နန်းနွယ်ကလည်း ရှစ်ဆယ့်ရှစ်မှာပဲ နေတာ။ ခြံနံပါတ်ကို အဘေတွေ၊ ဘိတွေ ထပ်များခွဲထားသလား...မဖြစ်နိုင်။

ဇဝေဇဝါအတွေးနှင့် တိတ်ဆိတ်သော လမ်းကလေးထဲ ရောက်လာသည်။ သူ့စိတ်က နန်းနွယ်ဆီလာချင်နေလို့များ ဒီလောက်တိုက်ဆိုင်နေရသလားမသိ။

"ရှေ့ကခြံပဲ၊ ဝင်းတံခါးတောင် ဖွင့်ထားတယ်"

ဖွဲ့ကိုသည် ခြံဝင်းထဲကားကို ခေါင်းထိုးပြီးမှ တုန့်ခနဲ ရပ်ပစ်လိုက်မိသည်။

ပြီးတော့ ခလေးခင်ဘက် လှည့်ကြည့်လိုက်သည်။

"ခလေးရဲ့ ဆရာမနံမည်က ဘယ်သူလဲ"

"ဘာလုပ်မလို့လဲ"

"သိချင်လို့မေးတာပဲ၊ ကိုယ့်ကို မိတ်ဆက်ပေးထားဦးလေ"

ခလေးက ဘာရယ်မှန်းမသိခင်ကဘဲ မျက်စောင်းရွယ်မိကာ...

"မိတ်မဆက်ပေးပါဘူး"

"ဘာလို့လဲ သူက သိပ်လှလို့လား"

"ကိုကိုနော်..."



www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်းပါ၊ ဒီအိမ်မှာ နန်းနွယ်ကြိုင်ဆိုတာရှိတယ် မဟုတ်လား"

ရုတ်တရက် ခလေးခင် ကိုယ်လေးမတ်ကာ မျက်လုံးပြူးသွားရ၏။

"ကိုကို ဘယ်လိုသိလဲ"

ဟုတ်နေပြီမို့ ဖွဲ့ဂိုလည်း ဘာကိုမှန်းမသိ မျက်နှာပျက်သွားသည်။

"သူပဲလားဟင်...မင်း ဆရာမဆိုတာ"

"ဘယ်လိုသိလဲ အရင်ဖြေ"

"အပြင်မှာ ဆုံဖူးရင်း ခင်မင်နေတာပါ"

"ခင်မင်နေတယ်"

ခလေးခင် သံယောင်လိုက် ရေရွတ်မိ၏။

ကိုယ်ကဖြင့် သူတို့ဆုံတွေ့မှာစိုးလို့ ဘာမှဆုံးဖြတ်မရခင် မေသက်တို့အိမ်လိုက်သွားမိတာ။ သူတို့ချင်း ဆုံတွေ့မှာ မလိုလားဘဲ စိုးရိမ်စိတ်တစ်မျိုးက အလိုလိုဖြစ်လာကာ ဆဋ္ဌမအာရုံသိနှင့်ကို သံသယအတွေးက ဝင်ခဲ့မိတာ။

အခုတော့ ကြည့်စမ်းပါဦး...။

သူတို့နှစ်ယောက်က ခင်တောင်ခင်နေပါသတဲ့။

မသိစိတ်ထဲက ပူလောင်ပြီး ကြိုတင်ကာကွယ်တားဆီးထားမိတဲ့ အရာမှ တည့်တည့်မတ်မတ် လာဖြစ်နေတော့ ကံတရားကို ခလေးခင် အံ့သြငြိမ်သက်သွားရသည်။

"ဒါပေမဲ့ သူက ဆရာမ လုပ်ဖူးတယ်တော့ မပြောပါလား... ခလေးရဲ့၊ ဘယ်တုန်းက ဆရာမလဲ ပြောပါဦး"

ခလေးခင်သည် ဆက်ညာထားဖို့ မဖြစ်နိုင်တော့ပြီမို့...

"ဆရာမတော့ မဟုတ်ပါဘူး။ သူက ဆရာလုပ်တတ်လွန်းလို့ တမင်ခေါ်တာ"

"ဘယ်လို ခလေး"

ချက်ချင်း လေသံပြောင်းကာ ငေါ့တော့တော့ ဟန်မူယာကို နှင်း နားမလည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်းရှင်းပြောရရင် သူက ဖေဖေ့မွေးစားသမီး ခလေးရဲ့အစ်မပဲ သိပြီလား"

ဒီတစ်ခါတော့ ဖွဲ့ကို မျက်ခုံးပင့်သွားရပြန်ကာ...

"ဟာ...ဆရာပြောပြောနေတဲ့ မွေးစားသမီးဆိုတာ သူလား"

ဖွဲ့ကို ကိုယ့်နဖူးကိုယ်သာ ရိုက်ချင်တော့၏။

ဆရာ့ကို ရှိသေလေးစားရတာမို့ ဆရာ့သမီး ဘယ်သူဘယ်ဝါဆိုတာ မစပ်စုခဲ့တာကပဲ ကိုယ့်အမှား။

တကယ်လည်း ကြားဖူးရုံလေး ကြားဖူးထားတဲ့ကိစ္စ နန်းနွယ်ကို ခလေးနှင့်ဒီလိုပတ်သက်လိမ့်မည်ဟု သူ မထင်ခဲ့တာမို့ ရုတ်တရက် ဘယ်လို ရင်ဆိုင်ရမယ်မှန်းပင် မသိတော့ချေ။

ခလေးခင်က ဖွဲ့ကိုအမူအယာ အပြောင်းအလဲကို အကဲခပ်သလို စူးစူးစိုက်စိုက် ကြည့်နေ၏။

နန်းနွယ်သည် ပန်းပင်ရေလောင်းရင်း ခြံဝမှာ ကားတစ်စီး ရပ်တာကို မြင်သည်။

ဘယ်ကကားလဲမသိသဖြင့် ရေ့တစ်လှမ်းနှစ်လှမ်း တိုးကာ ကြည့်လိုက်တော့ ကားတံခါးဖွင့်ကာ ဆင်းဟန်ပြင်နေသည့် ခလေးကို တွေ့သည်။

ဘေးက ဘယ်သူလဲကြည့်တော့ မထင်မှတ်ဘဲ ဖွဲ့ကိုဖြစ်နေသဖြင့် ရုတ်တရက်မြင်ကွင်းကို ကြောင်အမ်းကာ ယုံပင်မယုံချင်။

သူတို့ပုံစံကြည့်ရတာ အရင်ကတည်းကပင် ရင်းနှီးကျွမ်းဝင်နေပုံရသည်။

ဖွဲ့ကိုကလည်း နန်းနွယ်ကို လှမ်းမြင်သွားသည်။ သူ ကားပေါ်က ဆင်းပြီး နှုတ်ဆက်ဖို့ ရည်ရွယ်သည်၊ ဒါကို ကြိုတင်ရိပ်မိသော ခလေးခင်က...

"ရပြီကိုကိုရေ၊ ခလေးဒီကပဲ ဆင်းမယ်...တာ့တာ..."

"ဟာ...နေဦးလေ၊ ကိုယ်လည်း လိုက်မှာပေါ့"

"အမယ်...မခေါ်ပါဘူး၊ တော်ကြာ မမနန်းနွယ်ဆူနေဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် ဆူရမှာလဲ"

"ကိုကို မသိတာတစ်ခု ပြောဦးမယ်၊ မမနန်းနွယ်မှာ ယောက်ျား နဲ့နော်"

"ဘာ...ခလေး"

"သွားပြီ...တာ့တာ"

သူ မေးတာကို မဖြေဘဲ လှစ်ခနဲပြေးလေသည်။

ဖွဲ့ကိုသည် ကျောက်ရုပ်တစ်ရုပ်လို တခဏငြိမ်ကျသွား၏။ ပြီးမှ တားကို မောင်းထွက်ကာ သူ လှည့်ပြန်ခဲ့သည်။

✿✿✿

www.burmeseclassic.com

www.burmeseclassic.com



"ခလေးကို လိုက်ပို့တာ ဘယ်သူလဲ"

"မမ မြင်လိုက်လား...ကိုဖွဲ့ကိုလေ။ သူကတောင် မမနဲ့သိတယ်လို့ ပြောသေးတယ်"

"အင်း...ဆိုပါတော့"

ဖွဲ့ကိုနှင့်ခလေးကို အတူယှဉ်တွဲမြင်လိုက်ရကတည်းက နန်းနွယ် ရင်မှာ ဗုံးတစ်လုံးပေါက်ကွဲသွားခဲ့ပြီ ဖြစ်၏။

အရာရာဟာ သူမ သိထားသလို ရိုးရှင်းမနေဘူးဆိုတာ ချက်ချင်းလို သဘောပေါက်မိတာနှင့်တစ်ပြိုင်နက် သူမနှင့်ဖွဲ့ကိုကြားမှာလည်း အစိမ်းရောင် မဟာတံတိုင်းကြီးတစ်ခု ခြားသွားသလို ခံစားမိသည်။

"သူက ဖေဖေ့တပည့်လေ၊ စင်ကာပူက ကုမ္ပဏီခွဲမှာ ဒါရိုက်တာပဲ။ မမနန်းနွယ် မသိဘူးလား"

"ဟင့်အင်း..."

"ခလေးနဲ့ဟိုမှာကတည်းက အတူသွားလာနေတာ၊ ကိုကိုက ဘာမဆို အားကိုးရတယ် မမရဲ့။ ခလေးတို့ လေယာဉ်တစ်စီးထဲအတူတူ ပြန်ရတော့ ဖေဖေကလည်း ပိုစိတ်ချတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဪ…"

ဖွဲ့ကို သူမကိုပြောတဲ့ စကားတွေထဲ သူ့ဆရာရဲ့သမီးကလေးနဲ့ လေယာဉ်တစ်စီးထဲအတူတူ ပြန်လာခဲ့တယ်။ အဲဒီကောင်မလေးနဲ့ တပူးတွဲတွဲရှိနေခဲ့တယ်ဆိုတာ ပါမလာ။ ထိုအကြောင်းအရာကို သူ ချန်လှပ်ထားခဲ့သည်။ သူတစ်ယောက်တည်း ရန်ကုန်ကို အလုပ်ကိစ္စနှင့် လာသလိုလိုပဲ ပြောထားခဲ့တာ။

ဒါဟာ မရိုးသားလို့ပဲလား ဖွဲ့ကို။

ဘာကြောင့် အမှန်အတိုင်း မပြောနိုင်ခဲ့တာလဲ။

အခုလည်း ခလေးကို ကားပေါ်တင်ခေါ်လာပြီးမှ ပက်ပင်းတိုးလို့ ပြန်ပြေးရတာလား။

ရှင့်သဘောထားကို ကျွန်မ နားမလည်တော့ဘူး။

အစကတည်းက ဘာမှ မပွင့်လင်းခဲ့ရသေးတာ တော်ပါသေးရဲ့ ဖွဲ့ကိုရယ်။

ရှင်ဟာ ဘယ်လိုလူစားမျိုးလဲဟင်…။

ခလေးခင်က ပြောချင်တာတွေပြောပြီး သူ့အခန်းထဲသူဝင်ပြီး အဝတ်အစားလဲသည်။

ခဏနေလျှင် ကော်ဖီမှုန့်ရောင် ဂါဝန်နှစ်ထပ်ကလေးနှင့် ပြန်ထွက် လာသည်။

သူမ ကြည့်ရတာ ပျော်ရွှင်မြူးပျနေပုံပင်။

ထိုစဉ်မှာပင် ဖုန်းမြည်လာသဖြင့် နန်းနွယ်က ကိုင်မည်ပြုရာ ခလေးက ဖျော့ပါ[illegible] ပြေးလာသည်။

"ခလေးကိုပေး…"

(ကြီးမဲ့)ကော့လက်စ်ဖုန်းခွက်လေးကို နားနှင့်ကပ်ရင်း…

"သိသားပဲ ကိုကို ချက်ချင်းဖုန်းခေါ်မယ်ဆိုတာ"

ဖွဲ့ကိုဆီက ဖုန်းမှန်း နန်းနွယ်သိသွားရ၏။

"ခင်းဖုန်းကိုင်တာ အတော်ပဲ ခလေး။ ကိုယ်က နန်းနွယ်ကို [illegible]လို့ဘဲ။ ကိုယ် သိပ်သိချင်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ ကိုကိုရဲ့...ဟင်း...ဟင်း"

အမြင်ကပ်ပြီး တမင်ပြောလိုက်ပေမဲ့ ဖွဲကိုက ရှူးရှူးရှားရှားဖြစ်သွားတော့ ခလေးပြန်လျှော့ချဖို့ ပြင်သည်။ ဖုန်းပြောရင်း...အပြင်ဘက်ထွက်လာသည်။

"ဘာရယ်နေတာလဲ၊ မင်း...ခုနပြောတာ တကယ်လား"

"အလကား နောက်တာပါ"

"ဘာ...နောက်တာ၊ ဟုတ်လား။ ဒါ နောက်စရာလားကွာ၊ သူများရဲ့ဂုဏ်သိက္ခာကို ဘယ်လောက်ထိခိုက်သလဲ၊ မင်းသိလား။ မင်းသိပ်ဆိုးပါလား...ကျွတ်..."

ဖွဲကို ရှက်လည်းရှက်မိသည်။

ခလေးခင်ကိုလည်း စိတ်တိုသွားမိသည်။

သို့ပေမဲ့ ရင်ထဲက တင်းကျပ်ဆို့နစ်သွားသော ခံစားချက်ကြီးတစ်ခု လျော့ခနဲ ပြေပျောက်သွားရတာကိုတော့ ကျေနပ်သွားမိလေသည်။

"ကိုကိုက ခင်တယ်လည်း ပြောသေးတယ်၊ ဒါတောင် မသိဘူးလားလို့။ ခလေးက စချင်တာပေါ့...ဟွန်း..."

"အေးပါ...မင်းတွေ့မှ သိမယ်၊ နာဖို့သာပြင်"

"ခလေးပြောတာ ယုံတယ်ပေါ့"

"ဟေ့...တော်နော် မင်း။ သွားမေးမိရင် ကိုယ့်ကို ဘယ်လောက်ဒေါကန်လိုက်မလဲကွာ"

"ကဲပါ...အဲဒါ အသာထား။ ဒီည ဒင်နာဘယ်မှာ သွားစားမလဲပြော၊ ဂျပန်ဆိုင်ကောင်းကောင်းရှာထားပါဆိုတာ တွေ့ပြီလား။ တွေ့ရင် ခလေးကို လာခေါ်နော်"

ခလေးခင်က တစ်ခါတစ်ရံဂျပန်အစားအသောက်လေးတွေ သဘောတကျ သွားစားတတ်သည်။

သူကတော့ ဂျပန်စတိုင်လ်ကို ကြိုက်သည်လည်းမဟုတ်၊ သို့ပေမဲ့ ခလေးသဘောကျ လိုက်ပို့ပေးရသော အလေ့အကျင့်ကတော့ စွဲနေပါပြီ။

ခုတော့ ဒါတွေကို ဖွဲကို နောင်တရချင်သည်။ နှမ်းနွယ် သူ့အပေါ်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲသွားပြီလား၊ မြင်တွေ့ခဲ့ရသော အချစ်ရောင်ခြည်လေး ပြန်ရုပ်သိမ်းသွားပြီလား။

ကိုယ့်အပြစ်ပဲ ဆိုပါတော့ နန်းနွယ်ရယ်။

ဒါပေမဲ့ မှန်သောစကားတစ်ခွန်းကို ဆိုခွင့်ရှိရင်တော့…

နန်းနွယ်ကို သိပ်ချစ်မိသွားတဲ့အကြောင်း ထပ်တလဲလဲ ပြောချင်တယ်ဗျာ…ယုံစမ်းပါ။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



ဖွဲကို အိမ်ကိုလာလျှင် ခလေးခင်ရဲ့ညည်းသည့်အဖြစ်နှင့်သာ နေရသည်။

နန်းနွယ်က သူ့ကို ဟက်ဟက်ပက်ပက် စကားမဆို။

တစ်ခါတလေ မျက်နှာလေးပင် မြင်ခွင့်မရအောင် ရှောင်နေတတ်သေးသည်။

ဖွဲကိုသည် သက်ပြင်းတရှိုက်ရှိုက်နှင့် ဘာတွေကို မကျေနပ် ခံပြင်းနေမှန်းမသိ။

နံရံကိုပင် လက်သီးနှင့်ထိုးပစ်လိုက်ချင်သည်။

လောကမှာ ကိုယ်ချစ်တဲ့မိန်းမတစ်ယောက်ကို ချစ်ခွင့်မရတာလောက် စိတ်တိုဖို့ကောင်းတာ မရှိဘူးဟု ဖွဲကိုထင်သည်။

နန်းနွယ်နှင့်သူ ဆက်ဆံရေးဟာ အရင်ကလို မဟုတ်ဘဲ အပြောင်းလဲကြီး ပြောင်းလဲသွားပြီ မဟုတ်လား။

နန်းနွယ်က သူ့ကို မယုံကြည်နိုင်တော့ပြီထင်သည်။

နောက်ဆုတ်ဖို့ပဲ ဆုံးဖြတ်ထားဟန်ရှိသည်။

ဖွဲကိုကတော့ ဘာကြောင့်မှ နောက်မဆုတ်ချင်။

www.burmeseclassic.com

www.burmeseclassic.com



ခလေးခင်နှင့်သူဟာ ရင်းနှီးပတ်သက်မှုရှိတာ မှန်ပေမဲ့ ချစ်သူတွေမှ မဟုတ်ဘဲ။

ဒီအချက်ဟာ ဖွဲ့ကိုအတွက် ကယ်တင်မှုတစ်ခု မဖြစ်နိုင်ဘူးလား။

သူသည် နန်းနွယ်ရဲ့အချစ်ကို အလွန်အမင်းလိုချင် တောင့်တမိသည်။

အခုလို စိမ်းကားအေးစက်သွားပြီး သူ့ကို တစိမ်းပြင်ပြင်လို စကားကို မေးတစ်ခွန်း၊ ဖြေတစ်ခွန်းလိုအပ်မှ ပြောတာကို သူ မခံနိုင်။

အရင်က ဆုံကြည့်ဖူးသော နွေးထွေးရင်ခုန်ဖွယ် မျက်လုံးလေးကိုပဲ ပြန်လိုချင်သည်။

တစ်သက်မမေ့နိုင်သော ထိုရင်ခုန်မှုကို ဖွဲ့ကို မစွန့်လွှတ်နိုင်။

ဘာကိုမှလည်း သူ ဂရုမစိုက်ချင်တော့ပေ။

နန်းနွယ်သည် ဖွဲ့ကိုရဲ့ရှေ့ဆက်တက်လိုသော ခြေလှမ်းများကို ရိုပ်မိသည်။

သို့သော် သူမ မသိကျိုးကျွံ ပြုနေလိုက်၏။

အချစ်ဆိုတာ ပျော်ဖို့ချစ်တာ။

စိတ်ညစ်ခံရဖို့ ပြဿနာရှုပ်ထွေးဖို့၊ ဒဏ်ရာရဖို့ မဟုတ်ဘူး ဖွဲ့ကို။

နန်းနွယ်ကြောင့်လည်း ဘယ်သူ့ကိုမှ စိတ်မဆင်းရဲစေချင်ဘူးနော်။

အထူးသဖြင့် ခလေးခင်ကိုပေါ့။

သူမ ဘယ်တော့မှ သူစိမ်းတစ်ယောက်ရဲ့အချစ်နှင့် ပတ်သက်ပြီး မပြိုင်ဆိုင်ချင်၊ ပြီးတော့ သူမ မပြိုင်ချင်ဆုံး မပြိုင်သင့်ဆုံးလူကလည်း ခလေးခင်ပဲ မဟုတ်လား။

ဒီတော့ အချိန်မီ ဘရိတ်ဆွဲ နောက်ဆုတ်တာသာ အကောင်းဆုံး။

ခလေးခင်တို့သားအဖဟာ သူမရဲ့ ကျေးဇူးရှင်တွေပါ။

လေးလေးကဆို သူမကို သမီးအဖြစ်ပင် မွေးစားခဲ့ပြီး အစစအရာရာ လိုလေသေးမရှိ ကြည့်ရှုစောင့်ရှောက်ခဲ့တာ။

ထိုအကြောင်းအရာများကို ပြန်စဉ်းစားလိုက်လျှင် နန်းနွယ့်မျက်နှာလေး တစစညိုးနွမ်းကာ မျက်ရည်တို့ ရစ်ဝဲလာရတော့သည်။

www.burmeseclassic.com



စိတ်အစဉ်တို့သည် အတိတ်လွင်ပြင်တစ်ခုဆီသို့ ပြေး၏။
အထီးကျန် အားငယ်ခဲ့ရသောအတိတ်က ရက်စွဲတို့ဆီပဲ ဖြစ်၏။

✿✿✿

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



၁၁။

နန်းနွယ်ကြိုင်က တယ်လီဖုန်းစင်လေး၏ ဘေးမှာ ခြေစုံရပ်ပြီး ငိုင်တွေနေမိပါသည်။

ရင်ထဲမှာ ဝမ်းနည်းကြေကွဲနေသည်။ ပူဆွေး ဆင်းရဲနေသည်။

ဘယ်လိုပဲ အားတင်းထား အားတင်းထား ရင့်ကျက်တည်ငြိမ်မှုကို ရှာမရ။ အသက်ငယ်ငယ် နှလုံးသားနုနုမှာ သည်လိုပြင်းထန်သော ထိုင်းအထက်ကို ခံနိုင်ရည်မရှိပါ။

ဖေဖေ သိပ်ကြာကြာ မနေရတော့ဘူးဆိုတာကို နန်းနွယ်ကြိုင် သေသေချာချာသိခဲ့ပြီးပေမဲ့ ထိုအဖြစ်အပျက်ကို သွေးအေးအေးနှင့် ရင်ဆိုင်နိုင်ဖို့ဆိုတာတော့ မဖြစ်နိုင်ပါ။

သည်းသည်းလှိုက်လှိုက် တစ်ယောက်တည်း ကြိတ်ငိုခဲ့ပေမဲ့ နှလုံးသားမှာ တင်းကြပ်ဆို့နင့် စူးအောင့်နေသော ဝေဒနာသည် လျော့ပါး သွားခဲ့ပါ။

ဖေဖေ၏ နောက်ဆုံးအချိန်ကို ရင်ထဲမှာ တထိတ်ထိတ်နှင့် စောင့်ဆိုင်းရင်း…လူက ပုံမကျသွားအောင် အံကြိတ်ထားရသည်။

"သမီး…ခေါ်လို့ မရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းအိမ်က အခေါ်ကြီးက သတိထားမိပြီး မေးလာသည်။ ဒေးရည့်ဝတ္ထုရှားလည်း ရှိတာကိုး။

နန်းနွယ်ကြိုင် ခုမှ သတိဝင်ကာ ဖုန်းပြောခွက်ကို မယ"ိ"သည်။ ဖုန်းနံပါတ်ကို လက်ဖဝါးမှာ ဘောပင်နှင့်ရေးယူလာခဲ့တာမို့ ပြန်ကြည့်မိပါသည်။ ခေးထန်းသောချွေးကြောင့် ဖုန်းနံပါတ်က မထင့်တထင်ဖြစ်ကာ နေသည်။

ဖေဖေရယ်...။

ရင်ထဲမှာ ဆို့တက်ကာ မျက်ရည်တွေ ဝေ့တက်လာ၏။

သားအဖနှစ်ယောက်တည်းရှိသောဘဝမို့ ဖေဖေ့နှုတ်ဆက်ချိန်က သိပ်ကို စောနေပါလားဟု နန်းနွယ်ကြိုင် တွေးမိသည်။

ဖေဖေ့ကို မခွဲနိုင်သေးပါ။

နန်းနွယ်ကြိုင်က သည့်နှစ်မှ ဆယ်တန်းအောင်ထားတာ။ ဖြစ်နိုင်လျှင် ဘွဲ့ရပြီးချိန်အထိ၊ သည်ထက်ဖြစ်နိုင်လျှင် အိမ်ထောင်ရက်သားကျပြီးချိန်အထိ၊ သည်ထက်ပိုပြီးဖြစ်နိုင်လျှင် မြေးတွေထိန်း၊ ကျောင်းပို့ချိန်အထိ အရှည်ကြီး အကြာကြီးအသက်ရှင် နေစေချင်ပါသည်။

ဖေဖေ့သူငယ်ချင်း၏ ဖုန်းနံပါတ်ကို ခေါ်သာခေါ်ရတာ။ တစ်ခါမှလည်း မဆက်ဖူးပါ။ ဖေဖေက သူ့သူငယ်ချင်းကို တွေ့ချင်သည်။ နန်းနွယ်ကြိုင်ကို အပ်ခဲ့ချင်သည်တဲ့။

'ဦးချစ်လွင်'ဆိုတာ ဘယ်လို ပုဂ္ဂိုလ်မျိုးလဲ။

ဖေဖေ့သူငယ်ချင်း အချစ်ဆုံး၊ အခင်ဆုံးသူငယ်ချင်းတဲ့။

သူက နန်းနွယ်ကြိုင်ကို ဖေဖေ့ကိုယ်စား ဆက်ပြီးစောင့်ရှောက်ပေးနိုင်မှာတဲ့လား။

ဖေဖေက ဦးချစ်လွင်ကိုမှ ဘာကြောင့်အပ်ခဲ့ရတာလဲ။ ယုံကြည်စိတ်ချတာ ဘာကြောင့်လဲ။

ဖုန်းခေါ်နေချိန်မှာ ရင်ထဲတစ်ဒုတ်ဒုတ်နှင့် လှုပ်ရှားတုန်ရီ နေပါသည်။

ကိုယ့်ဘဝကို သူစိမ်းတွေနှင့်နေထိုင်ပြီး စရတော့မှာလား။ ဘာမှ

www.burmeseclassic.com



သွေးမတော်သားမစပ်မို့ ချစ်ခင်ကြင်နာမှု နွေးထွေးနားလည်မှုဆိုတာ ရှိပါ့မလား။

အားငယ်လွန်းလှပါဘိ။

တစ်လောကလုံးမှာ ဖေဖေတစ်ယောက်တည်းကိုပဲ အားကိုးမှီတွယ် ရှင်သန်နေခဲ့တာပါ။

ဘာမှန်းမသိသေးသော သူစိမ်းမိသားစုကို စိတ်ထဲမှာ ကြောက်နေသည်။ ကိုယ့်ကို အနိုင်ကျင့်နှိပ်စက်မှာလား။ စိတ်ဆင်းရဲအောင်လုပ်မှာလား။

သူတို့အိမ်မှာ နန်းနွယ်ကြိုင်က ဘယ်လိုပုံစံနှင့် မှီခိုနေထိုင်ရမှာလဲ။ မွေးစားသမီးလိုလား။ တူမဝမ်းကွဲလိုလား။ အိမ်ဖော်မလေးတစ်ယောက်လိုလား။

ဘာပဲဖြစ်ဖြစ် ဖေဖေ့စကားကို နားထောင်ရမှာပါ။ ဖေဖေကသူ မရှိတော့ရင် သူ့ရဲ့စိတ်အချရဆုံးလူဆီမှာ နန်းနွယ်ကြိုင်ကို ထားခဲ့မှာပါ။ ဒါက မလွဲမသွေ။

ဖေဖေယုံကြည်မှုတော့ ဦးချစ်လွင်ဟာ ဖေဖေ့အပေါ်ကောင်းလို့ စိတ်သဘောထားမြင့်မြတ်ဖြူစင်လို့ပဲ နေမှာပါ။ စိတ်သက်သာလို သက်သာငြားတော့ တွေးလိုက်ပါသည်။

(၁၇)နှစ်အရွယ်ပေမဲ့ နန်းနွယ်ကြိုင်က ဘဝကို ကောင်းကောင်းနားလည်နေပါပြီ။ အရှည်ကြီးကို မျှော်တွေးတတ်အောင် ဖေဖေက သင်ပေးသည်။ စာအုပ်တွေက လမ်းညွှန်ပေးသည်။

"ဟက်လို…ဟက်လို…"

နန်းနွယ်ကြိုင်က ဖုန်းခွက်ကို နားမှာကပ်ထားရင်း တစ်ဖက်က အသံကို နားထောင်နေမိသည်။

"ဟက်လို…ပြောပါ"

ဦးချစ်လွင် ဆိုတာများလား။

အသံက ခန့်ခန့်ညားညားနှင့် ဥပဓိရုပ်ကောင်းလိမ့်မည်ဟုထင်ရသည်။ အသံမှာ ဩဇာရှိသည်။ မာန်ရှိသည်။ အင်အားရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့မှုလည်းရှိသည်။ ကြည်လင်ပြတ်သားမှုလည်းရှိသည်။

ဟင်း…။

နန်းနွယ်ကြိုင် ပင့်သက်ရှိုက်မိသည်။

"ဟယ်လို…"

နောက်တစ်ကြိမ် ထူးလာသောအခါ စကားစကားဆိုဖို့ နန်းနွယ်ကြိုင် ကြိုးစားပြင်ဆင်မိပါသည်။

ဘယ်ကစပြီး ဘယ်လိုပြောရမလဲ။

လူက ထူထူပူပူ ငိုင်ငိုင်တွေတွေနှင့် ဘာမှ ပြင်ဆင်မထားခဲ့ပါ။ ဖုန်းဆက်ခေါ်ပေးပါဟု ဖေဖေက ခိုင်းလို့သာ ထွက်လာရတာ။

ညကလည်း တစ်ညလုံးအိပ်မပျော်။

တစ်ညမဟုတ်၊ ခုတလော ညစဉ်ညတိုင်းလိုလိုပါပဲ။

ဖေဖေ ရက်ကြာကြာမနေရတော့ဘူးဟု သိပြီးကတည်းကပါ။

ဖုန်းကို ခွပ်ခနဲချသွားသောအခါ 'ဟင်'ဟု အလန့်တကြားရေရွတ်မိပါသည်။ ပြောဖို့အရှိန်ယူ အားထုတ်နေတုန်းမှာပဲ တစ်ဖက်က စိတ်မရှည်စွာနှင့် ဖုန်းချသွားခဲ့ပြီ။

"မရရင် ခေါ်ပေးရမလား သမီး"

ဖုန်းအိမ်က အန်တီကြီးက မေးလာပြန်သည်။

"ဟုတ်ကဲ့…ခေါ်လို့ရပါတယ်"

နန်းနွယ်ကြိုင်က ထပ်တစ်ကြိမ်ဖုန်းခေါ်သည်။

တွေဝေငေးမောနေလို့ မရတော့ပါ။

ဆေးရုံမှာ ဖေဖေက တစ်ယောက်တည်း နာစ်ရှိပေမဲ့ မိသားစု အရင်းအချာ အနားမှာရှိသင့်သည်။

နန်းနွယ်ကြိုင်ကို ဖေဖေက ဘယ်မှ ပေးမသွားဘဲ အနားမှာ နေစေသည်။

ဦးချစ်လွင်ဆိုသော ဖေဖေ့သူငယ်ချင်းကို နန်းနွယ်ကြိုင်က တစ်ခါမှ မမြင်ဘူးပါ။ ဖေဖေနှင့်အလုပ်ထဲမှာ တွေ့ကြခင်ကြ ရင်းနှီးကြတာပါ။

ဦးချစ်လွင်အကြောင်းကိုလည်း နန်းနွယ်ကြိုင်က သိပ်မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒေဒေ့စကားကို ကြားရတော့ အံ့အားသင့်နေသည်။ တကယ်ဆို ဖေဖေ့ အစ်မဝမ်းကွဲတစ်ယောက် ရှိနေသေးတာ။ အဲဒီကြီးကြီးဆီပဲ သွားနေရမယ် မှတ်တာ။

ဖုန်းခေါ်ပေးနေသံကြောင့် နန်းနွယ်ကြိုင်အတွေးထဲက လွတ်မြောက်အောင် ရုန်းထွက်ကာ နားစွင့်နေ၏။

✿✿✿

www.burmeseclassic.com





ဖုန်းမြည်သံကြောင့် ဦးချစ်လွင်က ကိုယ်ကို မတ်လျက် နားစွင့်သည်။ ဘယ်လိုပါလိမ့်။ ထူးတော့လည်း ပြန်မဖြေ။

"ဖေဖေ...ဖေဖေဆွဲပေးတဲ့ပုံကြီးက လှလည်းမလှဘူး။ ရေအိုးရွက်ထားတာ ရေအိုးကြီးက စောင်းစောင်းကြီး။ နောက်တစ်ပုံ ပြန်ဆွဲပေးပါ။ ရေအိုးကို ခေါင်းပေါ်မရွက်နဲ့၊ လက်ထဲပဲ ပိုက်ထားလိုက်ပေါ့"

'ခလေးခင်'က ဖေဖေဆွဲပေးထားသော ပုံကိုကြည့်ပြီး ဝေဖန်ကိုးထူလိုက်ကာ ပြန်ပြင်ခိုင်းသည်။

"သမီးဆွဲလိုက်ပါကွာ၊ သမီးကဆွဲတတ်သားနဲ့။ ဖေဖေက ဆွဲမှမဆွဲတတ်ဘဲ။ ဖုန်းမြည်နေပြီ...ဖေဖေ သွားပြောဦးမယ်။ ခလေးဆွဲထားဟုတ်ပြီလား၊ ဖေဖေ့ပုံထက် လှပါစေနော်"

ဦးချစ်လွင်က သမီးငယ် ခလေးခင်ကို ပြောလိုက်၏။

"ဖေဖေ့ဖုန်းကလည်း ရှုပ်နေတာပဲ...မရဘူး။ အရင်ဆွဲပေး...ဒါပဲ။ ခလေးဆွဲခိုင်းတာ ဆွဲပြီးမှသွား..."

"သမီးရာ...ကြိုဖန်မဆိုးစမ်းပါနဲ့၊ လေးတန်းအောင်လို့ ငါးတန်းပဲ ရောက်နေပြီဟာ၊ သမီး ခလေးလေးမဟုတ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ခလေးခင်၏ ခေါင်းကလေးကို ဖွဖွပွတ်သပ်ပေးကာ ဆိုမိသည်။ ပြီးမှ ဦးချစ်လွင် တယ်လီဖုန်းရှိရာ လျှောက်လာခဲ့၏။

ခလေးခင်က နှုတ်ခမ်းလေးကို ချွန်ထော်နေအောင် စူထားကာ…

"ဖေဖေ…ဖေဖေ…ဒါဆို ရေသူမပုံဆွဲပေး" ဟု အော်နေ၏။

"အေးကွာ…ခဏတိတ်တိတ်နေ၊ ဆွဲပေးမယ်"

"အခု လာဆွဲပေးပါဆို"

သမီးကို စိတ်ပျက်စွာကြည့်ပြီး ဦးချစ်လွင် ပြုံးမိသည်။ တော်တော် ဆိုးတဲ့ ခလေးပါလား။

အဖေ့ကိုဆို ဗိုလ်ကျအနိုင်ကျင့်ဆိုးနွဲ့ စိတ်ကောက်နှင့် ပြောရ ကြပ် ဆိုရကြပ် ရှိလှသည်။

သူကလည်းသူ အရမ်းအလိုလိုက်ထားခဲ့မိပါသည်။ ခလေးခင်ကို သနားလို့ပါ။ အမေလည်းမရှိ၊ မောင်နှမလည်းမရှိ၊ အဖေတစ်ယောက် တည်းရှိတာ မဟုတ်လား။

"ခလေးရေ…လာဟေ့၊ ငါးခြောက်ဖုတ်ရပြီ၊ ထမင်းစားမယ်၊ အဖေ့ကိုပဲ ရှုပ်မနေနဲ့တော့"

ဒေါ်လေးမိက ခလေးခင်ကို လာခေါ်သွားလို့သာ တော်သေးသည်။ မဟုတ်ရင် ဖုန်းပြောဖို့ ပေးမှာကို မဟုတ်။

"ဟက်လို…ပြောပါ၊ ဦးချစ်လွင်ပြောနေပါတယ်"

တစ်ဖက်က မထူးဘဲ ငြိမ်နေမှာဆိုးတာကြောင့် ဖြည့်စွက်ဆိုလိုက် [illegible] စောစောတုန်းက ဖုန်းပဲဖြစ်မလားဟု ထင်မိသည်။

"နန်းနွယ်ကြိုင်ပါ" ပါ။

ဦးချစ်လွင်က မကြားဘူးသော အသံကလေးနှင့် လိုက်ထားမိတာ။ [illegible]ကြောင့် ကြောင်အမ်းသွားရသည်။ ယဉ်ကျေးနူးညံ့အောင် [illegible]များမှားနေပြီလား။ အောင်၊ ဘဝကို နားလည် [illegible] ကလေးမအသံလေးက [illegible] အဲ့ဒီလိုကောင်မလေး ဖြူပြင်ဆင်ရသည်။ နန်းနွယ်ကြိုင် "[illegible] ပြောချင်လို့လဲ" ဟ်မ့်ရမလဲ။

www.burmeseclassic.com

သမီးလေး ခလေးခင်၏ သူငယ်ချင်းလား။ အသံနားထောင်ရတာ အဲ့ဒီလောက် မငယ်ပါ။

"ဦးချစ်လွင်နဲ့ ပြောချင်လို့ပါ"

"ငါနဲ့ ဟုတ်လား"

"ဟုတ်ကဲ့"

"စောစောကဆက်တာ မင်းပဲလား"

"ဟုတ်ကဲ့"

"ဘာလို့မထူးဘဲ နေတာလဲ"

"ထူးမလို့ပါ၊ ဖုန်းချသွားလို့"

ဦးချစ်လွင် မျက်မှောင်ကြုတ်ကာ စဉ်းစားလိုက်၏။

နန်းနွယ်ကြိုင်...။

ဒီနာမည်ကို သိမှမသိဘဲ။

"ပြော...ဘာပြောမလိုလဲ"

"ဖေဖေက ဦးချစ်လွင်ကို ဖုန်းဆက်ခေါ်ပေးပါဆိုလို့"

"ဘယ်လို"

ရှင်းရှင်းလင်းလင်း မသိသေးတာမို့ သူ စိတ်ရှည်ရှည်ထားကာ နားထောင်နေလိုက်၏။

"ဖေဖေက ဦးမွေးကြိုင်ပါ၊ ဦးချစ်လွင်နဲ့ သူငယ်ချင်းလို့ ပြောပါတယ်။ အခု ဖေဖေ ဆေးရုံမှာပါ။ အဲ့ဒါ ဦးချစ်လွင်ကို တွေ့ချင်တယ်တဲ့"

"မင်းက ကိုကြိုင့်သမီးလား"

ဦးချစ်လွင်ခုမှ အံ့အားသင့်လျက် တရင်းတနှီး မေးမိတော့သည်။

ဟုတ်ပြီလား၊ ဖြစ်တာကြာပြီ ကိုကြိုင် ဘာဖြစ်လို့လဲ"

ဦးချစ်လွင်ဂါ ဖြစ်တာပါ"

"ဖေဖေ့ဖုန်းကလား"

ဒါပဲ။ ခလေးဆွဲခိုင်းတာ ဘ်ပူသွားတာ အသံမှာ ပေါ်လွင်သည်။

"သမီးရာ...ကြီဖန်မဆူဘူးလို့ပြောပါတယ်"

ရောက်နေပြီဟာ၊ သမီး ခလေး



www.burmeseclassic.com

www.burmeseclassic.com



နန်းနွယ်ကြိုင်အသံလေးက တိမ်ဝင်တိုးဖျော့သွား၏။ မျက်ရည်က ပါးပြင်ပေါ် လိမ့်ဆင်းကျလာသည်။

ဦးချစ်လွင် ဘာဆက်ပြောရမှန်းပင် မသိအောင် ဖြစ်ရ၏။

လုံးဝ ထင်မထားပါ။ သည်လိုအခြေအနေကို ကြားလိုက်ရတာ စိတ်ထိခိုက်ရပါသည်။ စိတ်ထဲမှာ လေးပင်သွား၏။

နန်းနွယ်ကြိုင်ကလည်း ချက်ချင်းလာစေချင်လို့သာ အဖြစ်မှန် အခြေအနေကို တစ်ခါတည်း ပြောထားလိုက်တာ။

"ကောင်းပြီလေ၊ လေးလေး အခုလာခဲ့မယ်။ ဆေးရုံအခန်းနံပါတ် ပြော၊ ချက်ချင်းလာမယ်လို့ ကိုကြိုင့်ကို ပြောထား၊ ဟုတ်ပြီလား။ တိတ်...တိတ်...မငိုပါနဲ့။ လေးလေးခုပဲထွက်လာခဲ့မယ်။ ဆေးရုံက စောင့်နေ"

နန်းနွယ်ကြိုင် တစ်ချက်ရှိုက်လိုက်တာကို ဦးချစ်လွင်ကြားသည်။ စိတ်ထဲမှာ ကရုဏာနှင့် မောဟိုက်သွားမိသည်။

ကိုယ်တို့ကလည်း သားအဖနှစ်ယောက်တည်း။

ကိုကြိုင်တို့ကလည်း သားအဖနှစ်ယောက်တည်း။

ဘဝတူတွေပါ။

နန်းနွယ်ကြိုင်လေး ဘယ်လောက် အားငယ်ရှာနေမလဲ။

ကိုယ့်သမီး ခလေးခင်ထက်တော့ အသက်အများကြီးပိုကြီးတာ သိသည်။ ဘယ်အရွယ်မှန်းတော့ တိတိကျကျမသိ။

အသံကလေးနားထောင်ကြည့်ရတာတော့ လိမ္မာသိမ်မွေ့မယ့်ပုံစံ လေးပါ။ ကိုကြိုင်ကလည်း သူ့သမီးကို သွန်သင်ညွှန်ပြမှုကောင်းမှာပါ။ ကိုယ်သာ သမီးငယ် ခလေးခင်ကို တရားလွှန် အလိုလိုက်ထားမိတာ။ ကိုကြိုင်က အမြော်အမြင်ရှိသူပီပီ သူ့သမီးကို ယဉ်ကျေးနူးညံ့အောင် ဉာဏ်ရည်မြင့်မားအောင်၊ တွေးတတ်ခေါ်တတ်အောင်၊ ဘဝကို နားလည် အောင် သင်ပေးထားပုံရပါသည်။

ဦးချစ်လွင်က ဖုန်းချပြီး ဆေးရုံသွားဖို့ပြင်ဆင်ရသည်။ နန်းနွယ်ကြိုင် တလေးကို ဘယ်လိုအားပေး နှစ်သိမ့်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကလေးမလေးမှာ နီးနီးစပ်စပ်ဆွေမျိုးသားချင်း ရှိမှရှိရဲ့လားမသိ။ တစ်ယောက်တည်း ဖြစ်နေရှာတာ သေချာသည်။

"ဒေါ်လေးမိ ခလေးကို နေ့လည်နှစ်နာရီ ကျူရှင်ပို့ပေးလိုက်ပါ။ ဒေါ်လေးမိပါ စောင့်နေလိုက်၊ လေးနာရီမှ အတူတူပြန်ကြပေါ့"

"ဟင်…ဖေဖေပဲလိုက်ပို့မယ်ဆို၊ ဒီနေ့အလုပ်ပိတ်ရက်ပဲဟာ"

ခလေးခင်ဆီမှ အလိုမကျငြူစူစောင့်အောင့်သံကလေး ထွက်လာသည်။

"ဖေဖေလိုက်ပို့ပေးမလို့ပါ သမီးရယ်၊ အရေးတကြီးကိစ္စပေါ် လာလို့ပါ။ ဒေါ်လေးမိနဲ့ပဲ သွားလိုက်ပါ"

"လုပ်ပြီ…"

ဦးချစ်လွင်က ခလေးခင်ကို ချော့မော့နှစ်သိမ့်ကာ ထွက်လာခဲ့၏။ တစ်လမ်းလုံး စိတ်ထဲမှာ လေးလံမွန်းကြပ်နေသည်။

ကိုယ်ကလည်း သမီးကလေးတစ်ယောက်နှင့် နှစ်ယောက်ကမ္ဘာ တည်ဖွဲ့နေတာမို့ ခုလို ကိုကြိုင့်အဖြစ်ကို မြင်ရတာ တုန်လှုပ်သည်။

ပြီးတော့ သမီးကလေး ခလေးခင်က အရမ်းဆိုးသည်။ နန်းနွယ် ကြိုင်လို မဟုတ်။ ခလေးခင်ကို လိမ္မာယဉ်ကျေးလာအောင် အသိဉာဏ် ကြွယ်ဝရင့်ကျက်လာအောင် ဘယ်လို သွန်သင်ရမလဲ။

ခလေးခင်က ငါးတန်းကျောင်းသူကလေးပဲ ရှိသေးတာ၊ ဦးချစ်လွင် စိတ်ထဲမှာတော့ ဘွဲ့ရကောင်းမလေး[illegible]စ်ယောက်လို ရင့်ကျက်တည်ငြိမ် စေချင်သည်။ သူ့ဆန္ဒတွေ အင်မတန်စောနေ၏။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ကိုကြိုင် ဆုံးသွားပြီးနောက် နန်းနွယ်ကြိုင်ကို ဦးချစ်လွင်က အိမ်ကို ခေါ်လာခဲ့ပါသည်။

နန်းနွယ်ကြိုင်ကို ကြည့်ရတာ ဖော်ဖော်ကလေး ဖျော့တော့ အားနည်းကာ ယဲ့ယဲ့ကလေးဖြစ်နေသည်။

ဖြူဖတ်ဖြူရော်နှင့် ညှိုးကျနေသော ကလေးမလေးကို ဦးချစ်လွင် က အသိဆရာပန်နှင့်ပြသကာ ဂရုတစိုက် စစ်ဆေးစေပါသည်။

ဒေါ်လေးမိကိုလည်း ပြုစုဖို့ အနားမှာ တစ်ချိန်လုံးရှိစေပါသည်။ နန်းနွယ်ကြိုင်ကို ကြည့်ရတာ အားငယ်သွားပုံရသည်။ အဖေတစ်ယောက် တည်းရှိတာမို့ သည်အဖေကို ဆုံးရှုံးရသောအခါ ရင်ကွဲပက်လက် ပုံကျ သွားတတ်ပါဘဲ။ ဦးချစ်လွင် စိုးရိမ်မိတာက ကလေးမလေး နလန်မထူနိုင် မှာကိုပါပဲ။

ကိုကြိုင်က မဆုံးခင်မှာ သူ့သမီးကလေးကို ဦးချစ်လွင်လက် သို့ ယုံကြည်စွာအပ်ခဲ့သည်။

"မင်းမှာလည်း သမီးကလေးတစ်ယောက်ရှိတော့ ငါ ဘာမှ ပြောစရာလိုမယ် မထင်ဘူးကွာ၊ မင်းနားလည်မှာပါ။ ငါ နန်းနွယ်ကို

www.burmeseclassic.com



စိတ်ချေဘူး"

"မင်း…စိတ်ချပါ ကိုကြိုင်ရာ၊ ငါ မင်းရဲ့သမီးကို ငါ့သမီး အရင်းလေးလို စောင့်ရှောက်မယ်။ ငါ အသက်ရှင်နေသမျှကာလပတ် လုံး…"

"အေးပါကွာ၊ ငါ မင်းကိုပဲ မျှော်လင့်တာပါ"

ဦးချစ်လွင်က သက်ပြင်းအကြိမ်ကြိမ်ရှိုက်မိသည်။

သူတို့သားအဖ၏အပူက သူ့ရင်ထဲဝင်ပြီး မွှေနှောက်ကာ နေသည်။

"ဘယ်လိုလဲ ဒေါက်တာ၊ နန်းနွယ်ကြိုင်အခြေအနေ။ သူ နေ ကောင်းရဲ့လား"

ဆရာဝန်မကို စိတ်ပူပြီး မေးမိသည်။

"ကောင်းပါတယ်၊ အားနည်းနေတာပါ။ အားဆေးထိုးပေးထား တယ်။ ဘာမှ မဖြစ်ပါဘူး။ ကောင်းသွားမှာပါ"

သည်လိုကြားလိုက်ရမှပဲ ဦးချစ်လွင် စိတ်နည်းနည်းအေးသွား သည်။

"အဖျားရှိနေတယ်၊ သောက်ဖို့ဆေးလည်း ပေးခဲ့တယ်၊ ဒေါ်လေး မိကို မှာခဲ့တယ်လေ။ ဦးချစ်လွင် စိတ်မပူပါနဲ့၊ ကလေးမလေးက စိတ်ထိ ခိုက်သွားလို့ပါ"

ဆရာဝန်ပီပီ သူ့မျက်နှာပေါ်က အပူကို သိသည်။ အားပေးစကား ပြော၏။

ဦးချစ်လွင်က ဆရာဝန်ကို လိုက်ပို့ပြီး နန်းနွယ်ကြိုင်ရှိရာအခန်း ထဲကို ဝင်လာခဲ့သည်။

"နေကောင်းရဲ့လား နန်းနွယ်…"

ဒေါ်လေးမိက နန်းနွယ်ကြိုင်ကို ကြက်ပေါင်းရည်တိုက်နေ၏။ ကလေးလေးလို တစ်ဇွန်းချင်းတိုက်နေတာကို နန်းနွယ်က လက်နှင့်တွန်း ထားပြီး…

'တော်ပြီ'ဟု ဆိုပါသည်။

"ဆရာဝန်မလေးက ဆေးသောက်ရမယ်တဲ့၊ အစာစားမှ သောက်



www.burmeseclassic.com

www.burmeseclassic.com



ရမယ်တဲ့၊ ဒါမှ ခေါင်းမမူးမှာတဲ့။ ကုန်အောင်သောက်လိုက်ပါ သမီးရယ်”

ဒေါ်လေးမိကလည်း နန်းနွယ်ကြိုင်ကို သနားမဆုံးရှိကာ မျက်ရည် တစ်စမ်းစမ်းနှင့်ပါပဲ။

ဆုံးသွားသည့်ကိုကြိုင်ထက် ကျန်ရစ်ခဲ့သော နန်းနွယ်ကို အား လုံးကဝိုင်းပြီး ကရုဏာသက်နေရှာသည်။

သူကလေးက တစ်ယောက်တည်း ဖြစ်သွားရှာပြီ မဟုတ်လား။ ဦးချစ်လွင်လည်း ခုံတစ်လုံး ဆွဲယူထိုင်ကာ စောင့်ကြည့်နေလိုက်၏။ ကိုကြိုင့်သမီးက ထင်ထားတာထက်ပင် သိမ်မွေ့နူးညံ့ကာ အင်မတန် ချစ်စရာကောင်းသည်။

“နန်းနွယ် ဒီမှာ ဘာမှအားနာစရာမလိုဘူး။ လေးလေးနဲ့ညီမ လေးကို မိသားစုလိုသဘောထား။ ဘာမဆိုတိုင်ပင် အားမငယ်နဲ့နော်၊ အဝဆိုတာ ဒီလိုပါပဲ။ ဒေါ်လေးမိလည်း ရှိသားပဲ၊ အခုဆို နန်းနွယ်မှာ မိသားစုသုံးယောက်ရှိသွားပြီ။ လေးလေးအတွက် ညီမလေးအတွက် နန်းနွယ် နေကောင်းအောင်နေပါ။ ပျော်ပျော်နေပါ။ စိတ်ထိခိုက်တယ် ဆိုတာ တဖြည်းဖြည်းမေ့ယူလို့ရတဲ့ ကိစ္စပါ။ ကိုကြိုင်လည်း နန်းနွယ် ပျော်ရွှင် နေကောင်းနေတာကိုပဲ လိုလားမှာပါ။ မြင်ချင်မှာပါ”

ဦးချစ်လွင်လည်း စိတ်ထဲရှိသလောက် တတ်သလောက် မှတ်သ လောက် တရားပြ အားပေးတာပါပဲ။

နန်းနွယ်ကြိုင်က သူ့စကားတွေကို အလေးအနက်တော့နားထောင် ခေါင်းညိတ်သည်။

သူ့ရင်ထဲမှာလည်း သည်ကလေးမအတွက် ရတက်မအေးနိုင်။ ပူပင်နေသည်။ လောလောဆယ်မှာတော့ နန်းနွယ်ကြိုင် ခံစားနေရဦးမှာ ပါပဲ။

နန်းနွယ်ကြိုင်က ဒေါ်လေးမိတိုက်သော ကြက်ပေါင်းရည်ကို သောက်ရင်း မျက်ရည်စက်က ကြက်ပေါင်းရည်ပန်းကန်ထဲ ကျသွား သည်။ ခြေလှိုကို မရသေးပါ။ ဘာပဲတွေးတွေး မျက်ရည်က အရင်လိုက်ကျ လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းကိုက်လာဦးမယ် သမီး၊ မငိုပါနဲ့ကွယ်"

ဒေါ်လေးမိက မချိတင်ကဲ ဖျောင်းဖျသည်။

"တိတ်...တိတ်...လေးလေးတို့ရှိနေပြီပဲ၊ မငိုနဲ့တော့နော်။ ကျန်းမာရေးထိခိုက်လာလိမ့်မယ်။

ဦးချစ်လွင်က နန်းနွယ်ကြိုင်၏ လက်ဖမိုးလေးကို ဖျစ်ညှစ်ကာ အားပေးသည်။ နန်းနွယ်ကြိုင်က ဦးချစ်လွင်လက်ပေါ် နဖူးအပ်ကာ ငိုရှိုက်၏။

တုန်ခိုက်ဝမ်းနည်း ယူကျုံးမရဖြစ်နေတာကို ဘယ်လိုချော့မော့ နှစ်သိမ့်ရမှန်းမသိပါ။

ရင်ခွင်မှာ တယုတယ ပွေ့ပိုက်အားပေးရအောင် ကလေးလေး လည်းမဟုတ်။

အခုလို အချိန်မျိုးမှာ နန်းနွယ်ကို ပိုက်ထွေးနှစ်သိမ့်ဖို့ အဒေါ်ရင်း၊ အမေရင်း၊ ဦးလေးရင်း...ဒါမှမဟုတ်လည်း အစ်မတစ်ယောက်လောက် တော့ လိုအပ်လှသည်။

"တိတ်ပါကွယ်...တော်ကြာ သမီးခေါင်းတွေကိုက်လာမှ တစ်နေ့ လုံး ဝေဒနာဖိစီးနေမယ်။ ငိုလွန်းအားကြီးရင် မျက်လုံးထိခိုက်တတ်တယ်"

ဒေါ်လေးမိလည်း မဆိုးလှပါ။ အငိုတိတ်အောင် ချော့မော့၍ တလှည့်၊ ခြောက်လှန့်၍တလှည့် ဖျောင်းဖျတတ်သည်။

တော်တော်ကလေးကြာမှ နန်းနွယ်ကြိုင် အိပ်ပျော်သွား၏။

ဦးချစ်လွင်က ဒေါ်လေးမိကို နန်းနွယ်ကြိုင်အခန်းထဲမှာပဲ စောင့် အိပ်စေသည်။ သူကိုယ်တိုင်ကတော့ လေးကြိမ်ထက်မနည်း လာလာ ချောင်းကြည့်ကာ တစ်ညလုံး ကောင်းကောင်း မအိပ်လိုက်ဖြစ်တော့ပေ။

ဆေးအရှိန်ကြောင့်ပဲလား၊ အိပ်ရေးပျက်ထားခဲ့တာတွေ များလွန်း၍လား၊ စိတ်ကို အလုံးစုံလျှော့ချလိုက်၍လားတော့ မသိ။ နန်းနွယ်ကြိုင် တစ်ညလုံး နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့သည်။ တရေးပင် မနိုး။

မနက်မိုးလင်းနိုးလာတော့ ဒေါ်လေးမိက ဟောလစ်နို့ပူတစ်ခွက် တိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လန်းလန်းဆန်းဆန်းရှိလာတာ မြင်ရမှပဲ ဦးချစ်လွင်စိတ်သက်သာရာရ၏။

ခလေးခင်ကို ကျောင်းပို့ပြီး ပြန်လာမှပဲ တရေးတမော အိပ်ရတော့သည်။ ကိုကြိုင့်ကိစ္စကြောင့် အလုပ်လည်းမသွားဖြစ်ဘဲ လွှဲထားရပါသည်။

မနက်ဖြန်သဘက်ခါတော့ ပြန်သွားရမည်။

အခုဆို နန်းနွယ်ကြိုင်၏တာဝန်ပါ ဦးချစ်လွင်အပေါ် ကျရောက်လာခဲ့ပြီ။

ခလေးခင်တစ်ယောက်တည်း မဟုတ်တော့ပါ။

ကိုကြိုင်ထားရစ်ခဲ့သော အမွေအားလုံးကို သူက ဘာတစ်ခုမှမယီဘဲ နန်းနွယ်ကြိုင်ကို ခေါ်ယူမွေးစားခဲ့တာပါ။

သူပဲ အစစအရာရာ တာဝန်ယူချင်ပါသည်။

"သက်သာရဲ့လား နန်းနွယ်"

မနက်အိပ်ရာနိုးလာသောအခါ မေးမိသည်။

"ဟုတ်ကဲ့"

"ပိုပြီးလန်းဆန်းသွားအောင် ခြံထဲဆင်းပါလား၊ စိတ်ထိခိုက်စရာတွေ ပြန်မတွေးနဲ့တော့နော်၊ မေ့ထားလိုက်"

နန်းနွယ်ကြိုင်က ခေါင်းညိတ်သည်။

"အိမ်မှာပျင်းရင် ခလေးခင်ကျောင်းသွားပို့တာ လိုက်ခဲ့ပေါ့၊ လိုက်ချင်လား။ လမ်းထွက်တော့ စိတ်အပြောင်းအလဲ ဖြစ်တာပေါ့"

နန်းနွယ်က ဦးချစ်လွင်ကို ငေးငေးကလေးကြည့်ကာ ငြိမ်နေသည်။ အဖေရင်းလို ဂရုစိုက်ကြင်နာတာကို မယုံမရဲနှင့် အံ့သြရင်း ဝမ်းနည်းဝမ်းသာ ဖြစ်ရသည်။

အဖေက ဦးချစ်လွင်ဆီအပ်ခဲ့တာ၊ ထိုစိတ်ဓါတ်ကြောင့်ပဲဆိုတာ နားလည်သည်။ ဖြူစင်မွန်မြတ်ပြီး မျှတကြင်နာသော စိတ်ဓါတ်မျိုး ဦးချစ်လွင်မှာ ရှိနေသည်။

အရှေ့ရှူးတင်တာထက် ပိုမိုနက်ရှိုင်းသော စိတ်တစ်မျိုး ရင်ထဲမှာ ဖြစ်ပေါ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လိုက်မလား။ လိုက်ရင်အဆင်သင့် လုပ်တော့လေ"

"ဟုတ်ကဲ့"

ခုထက်ထိ လေးလေး၏သမီး ခလေးခင်ဆိုတာလေးကို မတွေ့မိသေးပါ။ နန်းနွယ့်အခန်းထဲကို လုံးဝ ဝင်မလာ။

အာလို့ပါလိမ့်။

နန်းနွယ်ကြိုင်က စကတ်အနက်ကလေးနှင့်ဂျင်းအင်္ကျီအပြာလေးကို လဲလိုက်ပြီး အခန်းထဲက အပြင်ထွက်လာခဲ့၏။

ဧည့်ခန်းမှာ ဖြူစိမ်းဝတ်စုံကလေးနှင့် ကောင်မလေးတစ်ယောက် ကျောပိုးအိတ်ကလေးလွယ်ပြီး ရပ်နေတာမြင်ရသည်။

လေးလေးဦးချစ်လွင်၏သမီး ခလေးခင်ဆိုတာလေး ထင်ပါရဲ့။

ဖြူဖြူသွယ်သွယ်ကလေးနှင့် ချစ်စရာကောင်းလှသည်။ မျက်လုံး စူးစူးလက်လက်များနှင့် နန်းနွယ်ကြိုင်ကို လှမ်းကြည့်လာ၏။ နန်းနွယ် ပြုံးပြမိပါသည်။

လေးလေး၏သမီးလေးမို့ နန်းနွယ် ချစ်ရပါမည်။

ခလေးခင်က တော်တော်နှင့် ပြန်ပြုံးမပြဘဲ နန်းနွယ်ကို စိုက်ကြည့်နေ၏။

"ဟော အဆင်သင့်ဖြစ်နေကြပြီလား။ သမီး ဒါသမီးလေး မမ နန်းနွယ်ကြိုင်တဲ့၊ မမနန်းနွယ်ကို ခလေးက ရှိသေရမယ်နော် ကြားလား"

ဦးချစ်လွင်က ခလေးခင်၏ ဆွဲခြင်းပေါက်စလေးကို ကိုင်ထားပေးရင်းက ဆိုပါသည်။

ဆွဲခြင်းအပြာလေးထဲမှာ ထမင်းဘူးရော၊ ရေဘူးရော၊ စားစရာ သောက်စရာလေးတွေ အဆင်သင့်ဖြစ်အောင် ဒေါ်လေးမိက ပြင်ဆင်ပေးခဲ့ပုံရသည်။

"လေးလေး နန်းနွယ်ကိုင်ထားပေးမယ်"

"ဪ...အေးအေး"

ခလေးခင်၏ ဆွဲခြင်းလေးကို နန်းနွယ်ကြိုင်က ဦးချစ်လွင် လက်ထဲက ပြောင်းယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခလေးခင်က နန်းနွယ်ကြိုင်ကို မပြုံးချင်ပြုံးချင် ပြုံးပြကာ ရှေ့မှ ထွက်သွားနှင့်ပါပြီ။

"နန်းနွယ်..."

"ဟုတ်ကဲ့ လေးလေး"

ဦးချစ်လွင် ဘာများပြောဦးမလဲဟု နန်းနွယ်နားထောင်နေမိပါသည်။

"ခလေးခင်ကို လေးလေးက အရမ်းအလိုလိုက်ထားတော့ တစ်ခါ တလေ ဆိုးချင်တယ်၊ ဗိုလ်ကျချင်တယ်။ နန်းနွယ် သိထားအောင် ပြောပြတာပါ။ နန်းနွယ်က အကြီးဆိုတော့ ညီမလေးကို မွေ့မယူရဘူး။ တည့်အောင်နေရမယ်၊ လိမ္မာအောင် ပြောပြရမယ်"

"ဟုတ်ကဲ့"

ဇခါင်းကလေးအသာညိတ်ပြရင်း စိတ်ထဲမှာတော့ နည်းနည်း လေးသွား၏။ ခလေးခင်က အိမ်မှာ ဗိုလ်ဖြစ်ပုံရသည်။

နန်းနွယ်ကြိုင်ကို သိပ်မလိုလားတာလည်း ပေါ်လွင်နေသည်။

ခလေးခင်နှင့် ပြေလည်ဖို့က အရေးကြီးသည်။

သည်အိမ်မှာက ခလေးခင်ပဲ အဖော်လုပ်စရာရှိတာ။ ဒေါ်လေးမိ အသည်း လူကြီး။ လေးလေးကလည်း မိုးလင်းမိုးချုပ်အပြင်သွားနေမှာ။ ညီမလေးနှင့် သင့်မြတ်ပါမှ အပေးအယူတည့်ပါမှ...။

"ခလေး...မမ ဒီဘက်မှာ ထိုင်မယ်နော်"

တားပေါ်တက်ကာနီး ဆိုမိသည်။

"ထိုင်ပေါ့...အကျယ်ကြီးပဲဟာ"

ခလေးခင်က လှည့်မကြည့်ဘဲ ပြန်ဖြေသည်။

နန်းနွယ်ကြိုင် ခလေးခင်ကို ကြည့်နေမိပါသည်။

မျက်တောင်ကော့ကော့ကလေးများနှင့်၊ နှုတ်ခမ်းထူထူကလေး နှင့် ချစ်စရာကောင်းသည့် ခလေးခင်။

အတယ့်ညီမရင်းလေးသာဆို ငုံ့ပြီး မွှေးရှိုက်မိမှာ။ ပါးဖောင်း ဖောင်းလေးတွေကို မနာအောင်ဆွဲမိမှာ သေချာသည်။

"ခလေး...လာကြိုမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ဖေဖေလာကြိုမှာပေါ့။ မနက်ဖြန်ဆိုရင်တော့ ဒေါ်လေးမိခဲ လာကြိုလိမ့်မယ်"

"ဖေဖေ..."

"ဘာလဲကွ"

"ခလေးခင်မရှိတုန်း ဘယ်မှ လျှောက်မသွားရဘူးနော်၊ ခလေးက ကျောင်းမှာဆိုပြီး ချန်ရစ်ခဲ့မယ် မစဉ်းစားနဲ့။ ဘယ်သွားသွား ခလေး လိုက်မှာပဲ သိလား"

"ဟုတ်ပါပြီ သမီးရယ်၊ ခေါ်မှာပါ။ သမီးကို မထားခဲ့ပါဘူး စိတ်ချ။ ကျောင်းမှာ စိတ်မဖြောင့် ဖြစ်မနေနဲ့ဦး"

"ပြောတာပါနော်...ဒီတစ်ပတ် ဆယ်ရက်လုံးလုံး ခလေးကို ခေါ်လို့လား၊ အိမ်မှာပဲ အောင်းငေါက်ထားခဲ့ပြီးတော့များ"

ခလေးခင်က မကျေနပ်သမျှ ဖွင့်ပြောလာသည်။

"သမီးရယ် ဆေးရုံသွားတာ လိုက်လို့ရမလား၊ ပြီးတော့ သမီးပဲ ကြောက်တတ်တာ။ ညဘက် အိမ်မက်ဆိုးတွေ ဘာတွေမက်မှာစိုးလို့ ဖေဖေက မခေါ်တာပါ။ အပျော်သွားတာဆို ဖေဖေက သမီးလေးကို ချန်ရစ်ပါ့မလား။ သမီး မလိုက်သင့်တဲ့နေရာတွေမို့ ထားခဲ့တာပါ။ ဖေဖေ ရှင်းပြပြီးသားပဲ မဟုတ်လား"

ခလေးခင်က ခုထက်ထိ ကျေနပ်ပုံမရ။

"ပြီးရော...ပြီးရော၊ ခလေးကျောင်းကပြန်လာမှ အပြင်သွားနော်၊ ဖေဖေ ကတိပေးထား"

"ဟုတ်ပါပြီ၊ ကျေးဇူးရှင်မလေးရယ်"

သူတို့သားအဖ အပြန်အလှန် စကားဆိုနေတာကိုကြည့်ပြီး နန်းနွယ်ကြိုင် မျက်လွှာချ ပင့်သက်ရှိုက်မိသည်။

မျက်လုံးအိမ်ထဲ စိုစွတ်လာတာကို အနိုင်နိုင်ထိန်းထားရသည်။ ဖေဖေနှင့်နန်းနွယ် အတူတူနေထိုင်ခဲ့သော နေ့ရက်ကလေးတွေဆီ ပြန်လွင့်သည်။

ဖေဖေလည်း နန်းနွယ်ကို တစ်ဦးတည်းသောသမီးမို့ ထားစရာ

www.burmeseclassic.com



ရှိအောင် ငုံထားမတတ် ချစ်ခဲ့တာပါ။

ဦးချစ်လွင် ခလေးကို ချစ်တာထက် လုံးဝမလျော့။

ခလေးခင်က အရမ်းကံကောင်းသည်။ ဦးချစ်လွင်၏ အချစ်တွေ အားလုံး သိမ်းကျုံးပိုင်ဆိုင်ထား၏။

"မမနန်းနွယ်ကို ခလေးခင်မရှိတုန်း အပြင်ခေါ်သွားပြီး မုန့်ဆိုင်တွေဘာတွေ သွားမှာစိုးလို့"

ခလေးခင်က ကလေးပီပီ နှုတ်ခမ်းလေးစူလျက် စိတ်မချတာကို ဖွင့်လင်းစွာ ပြောလာသည်။

သူ့အဖေက နန်းနွယ်ကို ပိုဂရုစိုက်သွားမှာ စိုးရိမ်နေသလား မသိပါ။ နန်းနွယ် ခလေးခင်ကို လှည့်ကြည့်ကာ...။

"စိတ်ချပါ၊ ခလေးခင် ကျောင်းကပြန်လာမှပဲ သွားမယ်။ မနန်းနွယ် ခလေးခင်ကို မထားခဲ့ပါဘူး"

နန်းနွယ်ကြိုင်ကပါ ဝင်ပြောလိုက်မှ ခလေးခင် စိတ်အေးသွားတော့သည်။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီအရွယ်က ပြောရဆိုရ တော်တော်ကြပ်တဲ့အရွယ်"

ခလေးခင် ကားပေါ်ကဆင်းသွားတော့ ဦးချစ်လွင်က နန်းနွယ်ကြိုင်ကို လှည့်ပြော၏။

"ကလေးလည်း မဟုတ်၊ လူကြီးလည်း မဟုတ်နဲ့"

နန်းနွယ်ကြိုင်က ဘာမှပြန်မပြောဘဲ နားထောင်နေသည်။

"လူကြီးလို အသိဉာဏ်၊ ဆင်ခြင်ဉာဏ်လည်းမရှိ။ ကလေးလို နားမလည် ပါးမလည်လည်းမဟုတ်။ ပြောသင့်တာလည်း မပြောဘဲ မြှုထားရင်ထားမယ်။ မပြောသင့်တာလည်း ချပြောရင်ပြောမယ်။ စိတ်ထဲထင်ရင် ထင်သလို၊ မထင်ရင် မထင်သလို ထိန်းချုပ်မှု လုံးဝမရှိသေးတဲ့အချိန်"

"နန်းနွယ် သည်းခံနိုင်ပါတယ်လေးလေး"

"အင်း...ရှစ်တန်း၊ ကိုးတန်းရောက်ရင် လိမ္မာသွားမလား မသိဘူး"

ဦးချစ်လွင်ကတော့ သူ့သမီး ခလေးခင်ကို လုံးဝ ဇွဲမယူဘဲ အချစ်တွေသာ တစ်ရိပ်ရိပ်တိုးနေပုံ ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းနွယ်ကြိုင်အတွက်တော့ ခလေးခင်လို ညီမလေးတစ်ယောက် ရှိတာ ဝမ်းသာစရာပါ။ ခလေးခင်သာမရှိလျှင် နန်းနွယ်ပျော်မှာမဟုတ်၊ အဖော်တမ်းတနေသော နန်းနွယ်အတွက်တော့ ကုသိုလ်ထူးတာပဲ။

✿

ခလေးခင်က စာကျက်နေရာမှ နန်းနွယ်ကြိုင်ကို လှည့်ကြည့်၏။ မည့်ခန်းလေးကို ပြောင်လက်သန့်ရှင်းနေအောင် ရှင်းလင်းတာ ကြာလှ ပါပြီ။

"မမနန်းနွယ်"

"ဟင်..."

ခလေးခင် လှမ်းခေါ်တာမို့ ကြက်မွေးကို ချထားရစ်ပြီး ထလာခဲ့ ၏။

"ဘာလဲ...ကော်ဖီသောက်မလား၊ ပန်းသီးစားမလား"

"ဟင့်အင်း..."

"ဒါဆို ဘာစားမလဲပြော"

"မစားချင်သေးပါဘူး။ ခဏနေရင် ဒေါ်လေးမိက လက်ဖက်သုပ် ကျွေးမယ်တဲ့ ပြောထားပြီးသား"

"ဟုတ်လား"

ခလေးခင်က နန်းနွယ်ကြိုင်ကို စေ့စေ့ကြည့်ပြီး။

'အခုဆို မမနန်းနွယ်က ခလေးခင်ရဲ့အစ်မ ဖြစ်သွားပြီ'ဟု ဆိုပါသည်။

"ဟုတ်တယ်လေ အဲဒါဘာဖြစ်လဲ..."

"ဦးချစ်လွင်ရဲ့သမီးက ခလေးခင်လေ"

"ဟုတ်ပါတယ်"

"ခလေးခင်ရဲ့အစ်မဆိုတော့ နာမည်ပြောင်းပေးရမယ်"

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ ခလေးခင်အစ်မ နန်းနွယ်ကြိုင်ဆိုတော့ ဘယ်သင်တူဖြစ်ပါ့မလဲ"

နန်းနွယ်ကြိုင်က ပြုံးမိ၏။

"ဘယ်လို နာမည်လဲ၊ ပြောင်းလေ။ ခလေးခင်ကြိုက်သလို ခေါ်ဖို့ ရတာပဲ"

"ခလေးခင်ရဲ့ အစ်မဆိုတော့ မလေးခင်ပေါ့"

"အဟင်း…လှသားပဲ၊ ခေါ်ချင်ခေါ်ပေါ့"

ခလေးခင်က သဘောကျစွာ တစ်ခစ်ခစ် ရယ်နေသည်။

"အလကားစတာပါ မမနန်းနွယ်ရဲ့၊ ခလေးခင်တစ်ယောက်တည်း တစ်ခါတလေခေါ်ဖို့ နာမည်ပေးထားတာ"

"ဟုတ်ပါပြီ ဟုတ်ပါပြီ"

နန်းနွယ်ကြိုင်က ကြက်မွှေးကို သွားကောက်ယူပြီး၊ ဖုန်တွေခါ စာအုပ်တွေရှင်းနှင့် အလုပ်ထဲ စိတ်နှစ်ထားမိသည်။

"မမနန်းနွယ်"

"ပြော…"

"မမက တက္ကသိုလ်တက်ရတော့မှာနော်"

"အင်းလေ…"

"ပျော်စရာကောင်းမှာပဲ"

"ခလေးခင်လည်း အခု ငါးတန်းရောက်နေပြီ နောက်ဆို တက်ရမှာပဲ"

"မမနန်းနွယ်နဲ့ လိုက်ခဲ့မယ်"

"ခေါ်မှာပေါ့၊ ရသားပဲ"

"တကယ်နော်…"

"အင်း…"

ခလေးခင်က တစ်ခါတလေ သိပ်ချစ်ဖို့ကောင်းပြီး တစ်ခါတလေ ဂျိကျ ဂျစ်တိုက်လွန်းလှပါသည်။

ငယ်သေးလို့ စိတ်သဘောထား မမှန်သေးတာများလား။



www.burmeseclassic.com

www.burmeseclassic.com



နန်းနွယ်ကို အရမ်းရင်းနှီးချစ်ခင်လိုက်၊ ခပ်ဖယ်ဖယ် ခပ်ခွာခွာနှင့် စိမ်းသက်သွားလိုက် တလှည့်စီ ဖြစ်နေသည်။

ဒေါ်လေးမိက လက်ဖက်သုပ်ပန်းကန်နှင့် ရေနွေးခါတ်ဗူးကို စားပွဲပေါ် တင်ပေးသည်။ ခလေးခင်က စာအုပ်ကို ဖြန့်ချထားလျက် မသိမ်းသေးဘဲ လက်ဖက်သုပ်တစ်ဇွန်း ခပ်စားသည်။

"စာအုပ်တွေ ခဏသိမ်းထားလိုက်ဦး"

နန်းနွယ်ကြိုင်က မနေသာဘဲ သိမ်းပေးရ၏။

"မမနန်းနွယ် စားလေ"

"ခလေးခင်စားပါ"

"အတူတူစားမှာပေါ့ အများကြီးပဲ။ ဒီမှာတွေ့လား ပုစွန်ခြောက်အကြီးကြီး"

ဒေါ်လေးမိက ခလေးခင်ကိုကြည့်ပြီး သဘောကျလျက် ရယ်သည်။

"နန်းနွယ်...စားလေ"

နန်းနွယ် ဒေါ်လေးမိကို ခေါင်းညိတ်ပြမိ၏။

ဘာလိုလိုနှင့် သည်မိသားစုအတွင်းမှာ နန်းနွယ် နေသားကျနေခဲ့ပြီ။

ပျော်သည်မဟုတ်သော်လည်း ပြည့်စုံလုံခြုံသည်။

ဖေဖေက နန်းနွယ်ကြိုင်အတွက် အကောင်းဆုံးကို ရွေးချယ်ပေးခဲ့တာပါ။

"ပြီးရင် မမနန်းနွယ်နဲ့ ကစားမယ်"

"ဘယ်လို..."

"ခြံထဲဆင်းပြီး စိန်ပြေးတမ်း ကစားမယ်"

ခလေးခင်ကလည်း ရွယ်တူအဖော်မရှိတော့ နန်းနွယ်ကြိုင်ကို အပေါင်းအသင်း လုပ်နေတော့သည်။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



နန်းနွယ်ကြိုင်ရယ်၊ ဦးချစ်လွင်ရယ်၊ ခလေးခင်ရယ် ကော်ဖီဝိုင်းမှာ ထိုင်မိကြစဉ် ဒေါ်လေးမိက လက်ဆွဲခြင်းနှင့် ပိုက်ဆံအိတ်နှင့် ဈေးသွားဖို့ပြင်သည်။

"ဒီမှာ အားလုံးအဆင်သင့်ပဲ။ ဒေါ်လေးမိ ဈေးသွားဦးမယ်"

နန်းနွယ်ကြိုင်က 'အင်း...'ဟု ခေါင်းညိတ်ပြမိရင်းက ဒေါ်လေးမိ လက်ထဲက ပုဆိုးထပ်ကို မြင်သည်။

"ပုဆိုးတွေက..."

"ချုပ်ဖို့လေ နန်းနွယ်ရဲ့"

"ချုပ်ပြီးသား မဟုတ်ဘူးလား"

"မချုပ်ရသေးဘူး သမီးရဲ့"

"ဟုတ်လား လေးလေးအတွက် မဟုတ်လား။ နန်းနွယ် ချုပ်ပေးမယ် ထားခဲ့လိုက်ပါ"

"နန်းနွယ်လေးက ချုပ်တတ်လား"

"အင်း...ပုဆိုးတို့ ထမီတို့လောက်ပဲ ချုပ်တတ်တာပါ"

နန်းနွယ်ကြိုင်စကားကြောင့် ဒေါ်လေးမိက ပုဆိုးထပ်ကို စားပွဲ



www.burmeseclassic.com

www.burmeseclassic.com



ထောင့်မှာ တင်ထားခဲ့၏။

"နန်းနွယ် စက်က ဟိုဘက်အိမ်မှာ။ လေးလေး ယူခဲ့ပေးပါလား ဟင်။ ဒီမှာ ဘာလေးညာလေး ချုပ်စရာရှိရင်..."

"ရပါတယ် အပ်ချုပ်စက် တစ်လုံးဝယ်ပေးမယ်"

ခလေးခင်က သူ့ဖေဖေနှင့် နန်းနွယ်ကြိုင်ကို တလှည့်စီကြည့်နေပါသည်။ တစ်ခုခုဝယ်ပေးမယ်ဆိုသံကြားရုံနှင့် ခလေးခင် ခေါင်းလေးထောင်ကာ စိုက်ကြည့်တတ်၏။

"ဖေဖေဝယ်ပေးခဲ့တဲ့ စက်ကလေးဆိုတော့ အဲဒါပဲ ယူထားချင်တယ်။ နန်းနွယ်ရှစ်တန်းအောင်တဲ့နှစ်က ဝယ်ပေးတာ"

"ဟုတ်လား...ဒါဆိုလည်း လေးလေးယူလာပေးမယ်၊ နန်းနွယ်တို့အိမ်သော့ ပေးလိုက်ပေါ့"

"ဟုတ်ကဲ့၊ ဖေဖေ့ပုဆိုးတွေ နန်းနွယ်ပဲ ချုပ်ပေးတာ၊ လေးလေးပုဆိုးတွေလည်း ချုပ်ပေးချင်တယ်"

"ဟုတ်ပြီလေ၊ နန်းနွယ်ရဲ့အပ်ချုပ်စက်ကို ဒီညနေ ဝင်ပြီးသယ်လာပေးမယ်"

ဦးချစ်လွင် မျက်နှာက ကျေနပ်ရိပ်လွှမ်းသွား၏။

"ဖေဖေ"

"ဟင်..."

"ခလေးခင်ကို စက်ဘီးဝယ်ပေး"

"ဟင်...စက်ဘီးအသစ်ရှိသားပဲ"

"မသစ်ပါဘူး ဟောင်းနေပြီ"

တမင်ပူဆာမှန်းသိတော့ ဦးချစ်လွင်က ရယ်ရယ်မောမောပဲ ခေါင်းညိတ်၏။

"ဝယ်ပေးမယ်"

နန်းနွယ်ကြိုင်က ခလေးခင်ကို ရယ်ချင်ပါသည်။

"ဟွန့်...ထမင်းကြော်ကလည်း ပဲပြုတ်နဲ့ မကြိုက်ပါဘူး"

ထမင်းကြော်ပန်းကန်ကို တွန်းဖယ်ကာ ခလေးခင်ပြောတော့



www.burmeseclassic.com

www.burmeseclassic.com



နန်းနွယ်ကြိုင်က ကောက်ယူမိသော ဇွန်းခက်ရင်းကို ပြန်ချပြီး...။

"မကြိုက်ဘူး ဟုတ်လား၊ ခလေးခင့်က ဘယ်လိုစားချင်လို့လဲ တင်"ဟု ပျာပျာသလဲ မေးမိသည်။

"ကြက်ဥကြော်ပေး"

"အင်း...အင်း...ခဏလေးစောင့်နော်"

နန်းနွယ်ကြိုင်က ချက်ချင်းထလုပ်ပေးပါသည်။

ဒေါ်လေးမိမှ မရှိဘဲ။

တမင်ဂျီကျတာပဲဖြစ်ဖြစ်၊ တကယ်စားချင်တာပဲဖြစ်ဖြစ် လုပ်ပေးရမှာက အကြီးဖြစ်သည့်နန်းနွယ်တာဝန်။

ဦးချစ်လွင်က သမီးငယ်ကို မကြိုက်သလိုကြည့်သည်။

နန်းနွယ်ခင်မျာ စားရင်းသောက်ရင်း ထလုပ်ပေးရရှာတာ မဟုတ်လား။ ခလေးခင်ကို မဆိုးစေချင်ပါ။ အခွင့်ရေး မယူစေချင်ပါ။

နန်းနွယ်သည် ကိုကြိုင်နှင့်နေစဉ်က ဖူးဖူးမှုတ်အလိုလိုက်ခံရသော ချစ်မဝသည့် သမီးကလေးပါ။

မကြိုက်လှပေမဲ့ ဦးချစ်လွင်က ခလေးခင်ကို တစ်ခွန်းမငေါက်ပါ၊ မဆူပါ၊ နှုတ်ဆိတ်ကာပဲ နေလိုက်၏။

ကြက်ဥကြော်ပန်းကန်လေးနှင့် နန်းနွယ် ပြန်ရောက်လာပြီး ခလေးခင်ရှေ့ကို ချပေး၏။

နန်းနွယ်ထိုင်ခုံမှာ ပြန်ထိုင်ရုံရှိသေး ခလေးခင်က...။

'ဟာ...ကျက်လည်းမကျက်သေးဘူး၊ မကြိုက်ဘူး။ ကြက်ဥကို ကျက်အောင်ကြော်ပေးပါ' ဟု တစ်မျိုးဆိုပြန်သည်။

ဦးချစ်လွင်က မနေသာတော့ဘဲ...။

"ပေး...ပေး...ဖေဖေလုပ်ပေးမယ်၊ နန်းနွယ် စားလေ။ ထမင်းကြော် အေးကုန်ပြီ"ဟု က[illegible]ာဆိုမိ၏။

"ရပါတယ် လေးလေးရဲ့၊ ခလေးခင်အကြိုက် နန်းနွယ် လုပ်ပေးပါ့မယ်။ ခဏလေးနော်...ခဏလေးစောင့်၊ ခုချက်ချင်းရမယ်။ ဖေဖေလေး ကော်ဖီသောက်ပါ။ တော်ကြာ...နောက်ကျနေပါ့မယ်"ဟု နန်းနွယ်က



www.burmeseclassic.com

www.burmeseclassic.com



ပြောမိသည်။

ကြက်ဥကြော်ကို မီးဖိုပေါ်ပြန်တင်ပြီး မီးဖိုခလုတ်ကို ဖွင့်မိချိန်မှာ ရှုတတနှင့် နာကျင်သောဝေဒနာတစ်မျိုး ရင်ထဲဖြစ်ထွန်းလာ၏။

ညီမအရင်းလေးဆို အော်ငေါက်လိုက်လို့လည်းရသည်။ ပွစိပွစိ မကျေမနပ် ပြောလို့လည်းရသည်။

အခုဟာ သူက သူစိမ်းတွေဆိုတော့ ဘာတွေမှန်းမသိသော အခြေအနေတွေက ရှိနေသည်။

ခလေးခင်က တမင်ညစ်ပြီး ဂျိကျတာ။

ဒါကို နန်းနွယ်ကြိုင်က သိသည်။ လေးလေးလည်း သိလောက်သည်။

ခလေးခင်၏ စိတ်မှာအလိုလိုက်ခံရသော အစ်မရင်းလို အဖော်ရသော သူငယ်ချင်းလိုဖြစ်လိုက်၊ သူ့ဖေဖေက ပိုများချစ်သွားမလားဟု စိုးရိမ်လိုက် ဘာတွေဝယ်ပေးမလဲ လုပ်ပေးမလဲဟု တွက်ကပ်ယှဉ်ပြိုင် မနာလိုလိုက် အဲဒီစိတ်တွေက တစ်ဖက်...။

ပတ်ဝန်းကျင်စကားများကြောင့် ဖေဖေ့ကို အကဲခတ်လိုက် နန်းနွယ်ကို အကဲခတ်လိုက်နှင့် သံသယက တစ်ဖက်။

တချို့ကလည်း ခလေးခင် အထင်မှားအောင် တလွဲတွေတွေးမိအောင် ပြောဆိုကြတာတွေ ရှိကောင်းရှိနိုင်သည်။

နန်းနွယ်နှင့်ခလေးခင်က အသက်ချင်းကွာသည်။

ဦးချစ်လွင်နှင့် နန်းနွယ်ကို အပြင်ကလူတွေ နားလည်မှုလွဲချင်လည်း လွဲကြမှာ။ မွေးစားသမီးဆိုပေမဲ့ နန်းနွယ်က ကလေးမဟုတ်။

ဒါတွေကို နန်းနွယ် တဖြည်းဖြည်း နားလည်လာ၏။

ခလေးခင်၏ စိတ်မှာလည်း သံသယနှင့် မနာလိုစိတ်နှင့် တစ်ခါတလေ ပူလောင်နေရှာမှာပဲဟု တွေးမိကာ သနားပိုရသည်။

ခလေးခင် မြန်မြန်ကိုးတန်း၊ ဆယ်တန်း ရောက်လာပါစေဟု သာ သုတောင်းရတော့မည်။

လူကြီးစိတ်ကလေး ဝင်လာလျှင် သည်လို ဟုတ်ချင်မှ

www.burmeseclassic.com

ရှာ ပန်းသီးနိုင်

ဟုတ်တော့မှာ။

နှန်းနွယ်ကြိုင်ကို နားလည်မှု ပိုရှိလာနိုင်ပါသည်။

✿✿✿

www.burmeseclassic.com



နောက်ပိုင်းမှာ ခလေးခင်က နန်းနွယ်ကို အတော်ကလေး သံယောဇဉ် ဖြစ်သွားတော့သည်။

လေးလေး ခရီးထွက်တဲ့အခါ ကျောင်းကပွဲလိုမျိုး၊ ကျောင်းဆုပေးပွဲလိုမျိုး နေရာတွေကအစ နန်းနွယ်ပဲ အဖော်လိုက် တက်ရောက်ပေးရသည်။

သင်တန်းတက်လည်း ကြိုပို့၊ ခလေးခင် စားချင်တာ ကိုယ်တိုင်ချက်ကျွေး၊ ဘယ်သွားသွား အတူပါ။ တစ်ခါတလေ နှစ်ယောက်သားစကားစျေး တစ်နေကုန်ပတ်လျှောက်လည်၊ မခွဲမခွာရှိတာမို့ ချစ်ခင်မှုရှိလာခဲ့တာအမှန်ပါ။

သို့ပေမဲ့ ခလေးခင်စိတ်မှာ ဖေကြီးက မမနန်းနွယ်ကို ဦးစားပေးတာကို မကြိုက်။

နန်းနွယ်ဟာ သူမတို့သားအဖအတွက် တစ်စတစ်စ ပိုမိုအရေးပါလာတာကို သူမ မနာလို။

အထူးသဖြင့် ဖေကြီးက မမနန်းနွယ်အပေါ် တွယ်တာသံယောဇဉ်ရှိသွားမှာကို မလိုလား။



www.burmeseclassic.com

www.burmeseclassic.com



ဘောပတ်ဝန်းကျင်ရဲ့ ထင်ကြေးတွေကို ခလေးခင်အတော် နားခါးစပြုလာသည်။

ဦးချစ်လွင်ကတော့ နန်းနွယ်ကိုသာ သနားပိုရသည်။

သူလေးခင်မှာ ကိုယ်တို့သားအဖမျက်နှာကိုသာ ကြည့်နေရရှာတာ။ ကိုယ့်ကိုဆိုလည်း ပြုစုရ၊ သမီးကိုဆိုလည်း အလိုလိုက်အကြိုက်ဆောင်ရ…။

သူ့ဘဝ သူ့ကမ္ဘာသည် နန်းနွယ်ကြောင့် စိုပြေသက်ဝင်နေသလို ခံစားမိသည်။

သူ့ရဲ့မသိစိတ်ထဲ နန်းနွယ်ကို နက်ရှိုင်းစွာနှောင်ဖွဲ့မိမှာလည်း ဦးချစ်လွင် တိတ်တဆိတ် စိုးရိမ်ခဲ့သည်။

သူ့ကြောင့် နန်းနွယ်ရဲ့ဂုဏ်သိက္ခာ ထိခိုက်ညှိုးနွမ်းမှာလည်း ပူပန်ခဲ့သည်။

သမီးလေး ခလေးခင်ရဲ့ အမြင်တွေတိမ်းစောင်းပြီး မလိုတမာအတွေးတွေ ဝင်လာမှာလည်း စိုးသည်။

ဦးချစ်လွင်က ခလေးနှင့်နန်းနွယ်ကို အစဉ်အမြဲ သင့်မြတ်ချစ်ခင်စေလိုသည် မဟုတ်လား။

နောက်တော့ ကုမ္ပဏီကိစ္စနှင့် ခဏခဏ ခရီးထွက်ရသည်။

ထိုအခါမျိုးမှာ ဦးချစ်လွင် သမီးကို လွမ်းသည်။

နန်းနွယ်ကိုလည်း လွမ်းသည်။

သမီးကို လွမ်းတဲ့အကြောင်းက ပွင့်ပွင့်လင်းလင်းဖွင့်ပြောလို့ ရပေမဲ့ နန်းနွယ်ကို လွမ်းတဲ့အကြောင်းကတော့ ရာသက်ပန် တံခါးပိတ်သိမ်းဆည်းရုံ။

ကိုယ့်အရိပ်မှာ မှီခိုနေတဲ့ချာတိတ်မလေးမို့ သူ့ဝေဒနာတွေကို ဦးချစ်လွင် မဖွင့်လှစ်ရဲပါ။

နှစ်ရှည်နိုင်ငံခြားခရီးထွက်ဖို့ ဖြစ်လာတော့ ဦးချစ်လွင် ဝမ်းပန်းတသာပဲ လက်ခံလိုက်သည်။

နန်းနွယ်အပေါ် တကယ်သံယောဇဉ်ကြီးလျှင် နန်းနွယ်နှင့် ဝေးရာ

www.burmeseclassic.com



မှာပဲ ရပ်တည်ဖို့ သူ ဆုံးဖြတ်သည်။

ဒါတွေကို နန်းနွယ်ကတော့ ရိပ်မိမှာမဟုတ်ပါ။

ဦးချစ်လွင်သည် စက်ဘုပူရောက်ပြီးနောက် သမီးလေးကိုပါ ကျောင်းတက်ဖို့ ခေါ်ယူခဲ့သည်။

ခလေးခင်က ကျောင်းပိတ်ရင် ရန်ကုန်ပြန်။

သူကိုယ်တိုင်တော့ နှစ်စဉ်မပြန်ဖြစ်ပေ။

ဒါပေမဲ့ တယ်လီဖုန်း အဆက်အသွယ်တော့ ရှိစမြဲ။

ဒီတစ်ခါ ခလေးခင်ပြန်တော့ ဦးချစ်လွင် မအားလပ်တာမို့ မလိုက်နိုင်။

သူ့တပည့်လေးတစ်ဦးနှင့်ပဲ သမီးကို လွှတ်လိုက်သည်။ ဖွဲ့ကိုသည် သူ့ကို ကြည်ညိုလေးစားသော အရည်အချင်းရှိသော တပည့်တစ်ဦး ဖြစ်သော်လည်း နန်းနွယ်ကြိုင်နှင့် သိကျွမ်းခြင်းလည်းမရှိ။

ပြီးတော့ ဖွဲ့ကိုက ခလေးခင်နှင့် သံယောဇဉ်ငြိတွယ်နေသည်ဟု သူ ထင်သည်။

နောင်အခါ တကယ်တမ်း ဖြစ်ပျက်ပေါ်ပေါက်လာသော အခြေအနေများကို ဦးချစ်လွင် မည်သို့မျှ ခန့်မှန်းတွေးဆကြည့်နိုင်မည် မဟုတ်ပေ။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



နန်းနွယ်ကြိုင်က သဇင်တိုင်များကိုကြည့်ကာ ကျေနပ်စွာပြုံးမိပါသည်။ လှလှပပဝေဝေဆာဆာရှိနေလိုက်တာ။ စိုက်ရကျိုးနပ်သည်။

ခြံဘေးဘက်မှာ နန်းနွယ်က သဇင်တိုင်တွေ အများကြီးစိုက်ထား၏။ ဆောင်းတွင်းအချိန်ဆိုတော့ သဇင်တွေပွင့်ပါပြီ။

မနက်စောစော ခြံထဲဆင်းပြီး သဇင်ပန်းတွေကို ကြည့်ရတာ ကြည်နူးလန်းဆန်းလှသည်။

ဖွဲ့ကိုက ဆွယ်တာအနက်ကလေးနှင့် လက်ပိုက်ရပ်နေသော နန်းနွယ်ကြိုင်ကို လှမ်းကြည့်မိကာ ရင်ထဲမှာ တဒိတ်ဒိတ်နှင့် အခုန်မြန်လာ၏။

ကားကို စက်သပ်ရပ်ပြီး ခြံတံခါးကို အသာဟကာ နန်းနွယ်ဘေးကို တရွှေ့ရွှေ့ တိုးကပ်သွားမိသည်။

ခြံတံခါးကို ညပိုင်းလောက်သာ သော့ခတ်ထားတတ်တာကို ဖွဲ့ကိုက သိပါသည်။

အိမ်ဘက်ကို တစ်ချက်ကြည့်မိတော့ ခလေးခင်ဗျာ အရိပ်အရောင်ကို မမြင်ရပါ။ မနိုးသေးတာလား ဒါမှမဟုတ် အခန်းထဲမှာ အေရိုး

www.burmeseclassic.com



ဇစ် ကနေသလား၊ ကော်ဖီသောက်နေသလား၊ တစ်ခုခုပါပဲ။ ဒေါ်လေးမိကတော့ ဈေးသွားနေလောက်ပြီ။

ဖွဲ့ကိုက နန်းနွယ်ကြိုင်ဘေးမှာ ခြေစုံရပ်ပြီး နန်းနွယ်မျက်နှာလေးကို တရှိုက်မက်မက် ငေးမောငြိမ်သက်နေဖြစ်သည်။

ချစ်သူလေးကို မနက်ခင်းမှာ မြင်ခွင့်ရတာ ကံကောင်းလွန်းလှပါသည်။ ရင်ထဲမှာ အချစ်ရှိတိုင်းလည်း ကံတရားက မျက်နှာသာပေးချင်မှ ပေးတတ်တာ။

ဖွဲ့ကိုကတော့ မြင်ခွင့်ရတာလေးကိုပဲ ကျေနပ်နေသည်။ ဝမ်းသာနေသည်။ တစ်ခါတလေဆို မြင်ချင်လွန်းလို့ ရင်မှာလစ်ဟာပြီး မောဟိုက်နေရသည်။

စိတ်ထဲက နှစ်နှစ်ကာကာမြတ်နိုးရသူမို့ မြင်နေခွင့်ကလေးရရုံနှင့်ကိုပဲ တော်တော်ကလေး ချမ်းမြေ့ကြည်နူးစရာကောင်း၏။

သည်မိန်းကလေးကို သူ စစ်မှန်စွာ ချစ်မြတ်နိုးမိပါသည်။ ပိုင်ဆိုင်ချင်စိတ် တစ်သက်လုံး အတူတူနေခွင့်ရချင်စိတ်တွေနှင့် သူ့နှလုံးသားမှာ တလှပ်လှပ် တထိတ်ထိတ်ရှိလှသည်။

နန်းနွယ်ကြိုင်က သူ့ကို ချစ်မှချစ်ရဲ့လား မသိပါ။

သူ့ဘက်ကတော့ အင်မတန်ချစ်သည်။

ချစ်လွန်းလို့ မမြင်ရမနေနိုင်အောင်ပင် ဖြစ်ရသည်။

'ချစ်လိုက်ရတာ သေလုမတတ်ပါပဲ'ဆိုသော စကားကို သူ ယုံကြည့်လက်ခံခဲ့မိပါပြီ။

ခလေးခင်က လှပေမဲ့ သူ့ကို အရေးပေးပေမဲ့ သူ့စိတ်တွေက နန်းနွယ်မှ နန်းနွယ်။

ဒါဟာ ရှေးဘဝက ပါလာခဲ့တဲ့ ဖူးစာထင်ပါရဲ့။

နန်းနွယ်ကြိုင်ကို မြင်လိုက်စဉ်ခဏလေးအတွင်းမှာပင် သူ စွဲလမ်းသွားခဲ့ရပါသည်။

"ဟင်..."

မြန်းစားကြီး နီးနီးကပ်ကပ် မြင်လိုက်ရတာကို နန်းနွယ်ကြိုင်



www.burmeseclassic.com

www.burmeseclassic.com



လန့်သွား၏။ လုံးဝ ထင်မထားပါ။

ရင်ထဲမှာ အလုံးအရင်းနှင့် မြတ်နိုးရသူက ဖျတ်ခနဲ ကိုယ့်ဘေးလာ ရပ်ငေးကြည့်နေတော့ နှလုံးသားက ငှက်တစ်ကောင်လို ကောင်းကင်ပေါ် ပျံပြေးသွားမလောက် ကြည်နူးမြူးရိသွားရပါသည်။

ချက်ချင်းပဲ နွေးတေးတေး ပူရှိန်းရှိန်းခံစားမှုနှင့်အတူ ပေါ့ပါး ပျော်ရွှင်လာမိတာကို ခံစားရသည်။

ဒါဟာ စစ်မှန်တဲ့ အချစ်များလား။

"အစောကြီးပါလား"

"ဟုတ်တယ်၊ ခလေးခင်က သွားစရာရှိတယ်ဆိုပြီး ခေါ်ထားလို့ပါ၊ နန်းနွယ်က စောစောနိုးတတ်သလား"

ဖွဲ့ဂိုက နန်းနွယ့်မျက်နှာလေးကို မလွှဲတမ်းကြည့်ကာ မေးမိပါသည်။

ရိုင်းတယ်ပဲ ထင်ချင်ထင်တော့ကွာ။

အားလည်း မနာနိုင်တော့ဘူး။

မြင်ခွင့်ရတုန်း အခိုက်အတန့်လေးမှာ ကြည့်နေပါရစေ၊ ငေးနေပါရစေ။ မျက်လုံးချင်း ဆုံခွင့်ပေးပါ။

စကားအဖြစ် ပြောခွင့်မရသေးလျှင်တောင် မျက်လုံးတွေနဲ့ ပြောပါရစေ။ မျက်လုံးတွေကနေတစ်ဆင့် နားလည်မှု၊ ယုံကြည်မှု၊ ပြီးတော့ စိတ်ချမှု တဖြည်းဖြည်း ခိုင်မြဲသထက်ခိုင်မြဲ။

"ခလေးခင် နိုးနေပါပြီ၊ အိမ်ထဲဝင်သွားလိုက်လေ"

နန်းနွယ်ကြိုင်၏ လုစ်ခနဲအပျော်သည် ချက်ချင်းပဲ ပျောက်ဆုံးသွား၏။ သူက ခလေးခင်၏ မိတ်ဆွေသူငယ်ချင်းလေး မဟုတ်လား။ ဒါကို မေ့ထားလို့မရပါ။

"နိုးနေလည်း ကြာဦးမှာပါ"

ဖွဲ့ဂိုစကားကို နန်းနွယ်ကြိုင် ပြုံးမိသည်။ သူ့ကို ကြည့်ရတာ စိတ်ရှည်တတ်ပုံမရ။

"အေရိုးဗစ် ကဦးမှာနဲ့ ကော်ဖီသောက်ဦးမှာနဲ့ ရေမိုးချိုးအလှပြင် မှာနဲ့ အရမ်းကြာတယ်"



www.burmeseclassic.com

www.burmeseclassic.com



နန်းနွယ်ကြိုင်က သူ့မျက်လုံးစူးစူးများကြောင့် အနေကျုံ့ကာ ကြည့်မိအောင် မျက်လုံးလွှဲဖယ်နေမိပါသည်။

"မိန်းကလေးဆိုတော့ လှချင်တာပေါ့ သဘာဝပဲဟာ"

ခလေးခင်ဘက်က ကာကွယ်သောစကားကို ဆိုဖြစ်သည်။

မိန်းကလေးချင်းမို့ ဘက်လိုက်သည်ပဲ ဆိုရမလား။

အလှပြင်ချိန်ကလေးကို စိတ်ရှည်ရှည်စောင့်ရမှာ ယောကျ်ားလေးတွေရဲ့ ဝတ္တရားပဲ မဟုတ်လား။

"နန်းနွယ်ရော အဲဒီလိုပဲလား"

ဟင် မဆီမဆိုင်။

ယှဉ်မေးစရာလား။

နန်းနွယ်က နှုတ်ခမ်းစေ့ပြုံးမိသည်။

"အင်း...နန်းနွယ်လည်း မိန်းကလေးပဲဟာ"

ဖွဲဂိုက ဆံပင်တွေသပ်ကာ မျက်ခုံးပင့်ရင်း ခေါင်းတဆတ်ဆတ်ညိတ်၏။ ချစ်သူစကားဆိုတော့ ဟိုး...ရင်ထဲအထိရောက်သည်။

"ဒါဆို အေရိုးဗစ်ရော ကဖြစ်လား"

"အင်း...တစ်ပတ်နှစ်ရက်လောက်ပေါ့"

"ဟုတ်လား"

သူ အံ့ဩနေတာကို မသိသလို နေမိ၏။

"ခလေးခင်က ပိုပြီး ဖွဲ့ကောင်းတယ်"

ဖွဲဂိုက နန်းနွယ်ကို စေ့စေ့ကြည့်နေသည်။

"ခလေးခင်ကိုဆို အမြဲအကောင်းပဲပြောတယ်၊ တော်တော်ချစ်တယ်နော်"

ပင့်သက်မျှင်းမျှင်းရှိုက်မိရင်းက သဖင်တိုင်တွေကိုပဲ တည့်တည့်ကြည့်နေလိုက်၏။

ခလေးခင်ကရော နန်းနွယ်အကြောင်း ဘာများမကောင်းလို့ ပြောလို့လဲဟင်ဟု မမေးချင်ပါ၊ မသိချင်ပါ။

လေးလေး၏ သမီးလေး ခလေးခင်သည် နန်းနွယ်ကြိုင်၏ ညီမ



www.burmeseclassic.com

www.burmeseclassic.com



လေးပါပဲ။

ပုပ်ပုပ်စပ်စပ် ညစ်ညစ်ထေးထေး စိတ်ဓာတ်မျိုး ခလေးခင်မှာ မရှိရှာပါ။ ဖြူစင်ပွင့်လင်းတာ သိထားပါသည်။

နန်းနွယ်အပေါ် မကောင်းတာတစ်ခုခု ပြောခဲ့လျှင်တောင် ခလေးခင်မှာ အပြစ်မရှိပေ။

နန်းနွယ်မနေတတ်လို့ ဖြစ်မှာပါ။

ခလေးခင် စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်မိလို့ပဲ ဖြစ်မှာပါ။

ခလေးခင်ရယ်...။

တမင်လုပ်တာ မဟုတ်ရပါဘူး။

ဖွဲ့ဂိုကို နန်းနွယ်အမှတ်တမဲ့ ချစ်သွားမိတာပါ။

အဲဒီအတွက် ခလေးခင် ရင်ထဲမှာ တစ်ခုခုခံစားရတယ်ဆိုရင် နန်းနွယ်ရဲ့ အပြစ်ပါပဲ။

ဖွဲ့ဂိုကို ခလေးခင်က သိပ်ဂရုစိုက်တာ အူတိုတတ်တာ။

ပျာယာခတ်နေအောင် နှစ်သက်နေတာ မြင်တွေ့သိရှိနေပြီးသားပဲ မဟုတ်လား။

ခလေးခင် စိတ်ထဲပူပန်အောင် လုပ်မိတဲ့အဖြစ်ကို နန်းနွယ်စိတ် မကောင်းပါ။

နန်းနွယ်ကြိုင်က ဖွဲ့ဂိုဆီ တစ်ချက်ကြည့်၏။

"ခလေးခင်က နန်းနွယ်ထက်ကို ပိုပြီး စိတ်သဘောထား နူးညံ့ ဖြူစင်ပါတယ်၊ ပြီးတော့ ခလေးခင်က ငယ်သေးတယ်"

ခွင့်လွှတ်နားလည်ပေးနိုင်သည်။ သဘောထားကြီးနိုင်သည်။

လွယ်လွယ်တော့ မဟုတ်ပါဘူး။

နန်းနွယ့်နှလုံးသားကို လစ်လျူရှုပြီး အံကြိတ်ဆုံးဖြတ်ရတာပါ။ ဘယ်လောက်ကြေကွဲနာကျင်ရသလဲဆိုတာ ကိုယ်တိုင်ပဲ သိပါတယ်။

ဖွဲ့ဂိုက နန်းနွယ်ကြိုင်၏ စကားများကို နားထောင်ပြီး မျက်ခမ်း တွေ နည်းနည်းတင်းသွားသည်။

ဘာမှထပ်မပြောဘဲ လှည့်ထွက်ဖို့ပြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခုံလေးပေါ်မှာ ဗန်းကလေးနှင့်တင်ထားသော သဖင်ခက်တွေကို မြင်မိ၏။

“ဒါတွေက...”

“အဲဒါကောင်မလေးတွေ လာမှာထားလို့”

“ဪ...”

“ဘွဲ့နှင်းသဘင်တွေရှိတော့ သစ်ခွတွေ သဖင်တွေ ဈေးတက်ကုန်တာနဲ့ ဒီမှာလာမှာကြတာလေ။ ဒီက တိုက်ရိုက်ဆိုတော့ နည်းနည်းသက်သာတာပေါ့”

ဖွဲ့ဂိုက ရှင်းပြတာကို ခေါင်းညိတ်ပြီး သဖင်ခက်လေးတစ်ခု ကောက်ယူလိုက်သည်။

“ကျွန်တော် တစ်ခက်ယူမယ်နော်”

“ဟင်...”

မျက်လုံးလေးဝိုင်းလျက် နားမလည်နိုင်အောင် ဖြစ်သွားရပြီ။ ခလေးခင်အတွက်များလားဟု တွေးမိကာ နှလုံးသားသည် အမြင့်ကြီးမှ ပြုတ်ကျပြီး တစ်ခုခုနှင့်ဝင်ဆောင့်မိသလို လွင့်စင်သွားမတတ် ရှိ၏။

“တိတိကျကျ ဖယ်ထားတာလား”

“ဪ...မဟုတ်ပါဘူး။ ရပါတယ် ယူပါ”

ဖွဲ့ဂိုက သဖင်ခက်ကို ငုံ့ကြည့်ကာ ပီပြင်စွာ ပြုံးလိုက်၏။

သူ့အပြုံးသည် နန်းနွယ်၏ စိတ်ကို ညို့ယူဖမ်းစားနိုင်လွန်းသည်။ သူ့စကားသည် နန်းနွယ်၏ နှလုံးသားကို စည်းချက်မှန်စွာ ခုန်လှုပ်မိန်းမူးလာစေသည်။

“လက်ဆောင်ပေးမလို့လား ရပါတယ်၊ ယူပါ။ တစ်ခက်တည်းဆိုတော့ မျက်နှာငယ်နေမှာပေါ့”

တန်မပျက် ပြောဆိုမိပါသည်။ ဝေဒနာကို လူမမြင်အောင် ဖုံးထားတတ်တဲ့ အကျင့်ကလေးပင် ရနေခဲ့ပါပြီ။

“ကျွန်တော်က တစ်ခက်ပဲပန်တာ ပိုလှမယ်ထင်တယ်”

www.burmeseclassic.com



"အင်း…အင်း…ဒါကတော့ တစ်ယောက်တစ်မျိုးစီပေါ့နော်၊ တစ်ခါတ်ပဲယူချင်လည်း ယူပါ၊ အားနာပြီး တစ်ခါက်ပဲယူမှာမှတ်လို့ပါ"

"မဟုတ်ပါဘူး"

ခွဲကိုမျက်နှာက တစ်မျိုးဖြစ်နေသည်။ သူ ရှက်နေတာများလား။

ခလေးခင်က ညှော်ခန်းဝမှာရပ်ရင်း တအံ့တဩ ငေးမောငြိမ်သက်နေမိသည်။

ကိုကိုရောက်နေပြီပဲ။

မမနန်းနွယ်နှင့် ဘာတွေပြောနေပါလိမ့်။

ခလေးခင်ကဖြင့် သူ မရောက်သေးဘူးထင်ပြီး စောင့်နေလိုက်ရတာ။

ရောက်ရောက်ချင်း ဘာလို့ ခလေးခင်ဆီမလာဘဲ၊ မမနန်းနွယ်နှင့် စကားပြောနေရတာလဲ။

ဟွန်း…။

တံခါးကိုမှီပြီး ခလေးခင် စိတ်တိုမိပါသည်။

မမနန်းနွယ်နှင့်တွေ့လျှင် ခလေးခင်ကိုမေ့၊ အားလုံးကိုမေ့ မျက်နှာကြီးကပြုံးလို့ မျက်လုံးတွေ ကျွတ်ကျမတတ်ငေးလို့ အဲဒီလောက် ပျော်ဝင်သာယာနစ်မျောနေတာကို ကြည့်မရချင်တော့ပါ။

ခလေးခင်မှာတော့ ပူလောင်စိုးရိမ်လိုက်ရတာ။

ခုလည်း အိမ်ထဲဝင်မလာနိုင်အောင် ဖြစ်နေသည်။

ဟာင်…။

သဇင်ခက်ကို မမနန်းနွယ်စီ လှမ်းပေးလိုက်တာလား။

မြင်ရတာကို မယုံချင့်မယုံရဲ မယုံနိုင်ပါ။

ဟင့်အင်း…မဟုတ်ပါဘူးဟု ငြင်းပစ်ချင်သည်။

မမနန်းနွယ်က ချက်ချင်းမယူသေးဘဲ နောက်မှ လှမ်းယူသည်။

ခလေးခင်ရင်ထဲမှာ လှပ်ခနဲ အေးစက်ထုံကျင်လာသည်။

နှုတ်ခမ်းကို မသိမသာ ကိုက်မိသည်။

ဘယ်လိုလုပ်သင့်လဲဆိုတာ စဉ်းစားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



နန်းနွယ်ကြိုင်သည် ရုတ်တရက် ဖွဲ့ဂိုက လှမ်းပေးလာသောအခါ ဘာပြောရမှန်း မသိအောင် အမ်းတန်းတန်းဖြစ်လျက် ပါးပြင်လေးတွေ ပူနွေးရဲတက်လာရသည်။

'နန်းနွယ်ပန်ဖို့'တဲ့။

ဟုတ်မှဟုတ်ရဲ့လား။

ဒါ တကယ်ဖြစ်ပျက်ကြုံတွေ့နေရတာလား။

"သဇင်တွ ဒီလောက်အများကြီး ဖြစ်အောင်စိုက်နိုင်ပြီး သဇင်တစ်ခက်လောက်တော့ ခေါင်းပေါ်ပန်သင့်ပါတယ်"

ဖွဲ့ဂိုက တဟက်ဟက်ရယ်ပြီး မျက်နှာပူအနေကျပ်တာကို ဖြေဖျောက်နေရသည်။

'မယူပါဘူး'ဟုလည်း မငြင်းရက်ပါ။

"ဘယ်သူ့ဖို့များလဲ"ဟု စိုးတထင့်ထင့်နှင့်ပါ။

ဖွဲ့ဂိုရယ်...။

နန်းနွယ်ကြိုင် ရှေ့မှာတော့ တစ်ခြားတစ်ယောက်ကို တယုတယ လုပ်မပြပါနဲ့နော်...။

နန်းနွယ် ရင်ကွဲပက်လက်ဖြစ်ရမှာ...။

ခလေးခင်ကိုပဲ လက်တွဲရမယ်ဆိုလည်း နန်းနွယ်ဝေးဝေးပြေးပါ့မယ်၊ ခံနိုင်ရည် မရှိလို့ပါ။

"နန်းနွယ် ပန်ဖြစ်အောင်ပန်ပါဗျာ"

နန်းနွယ်ကြိုင်က ရှက်စနိုးအပြုံးလေးနှင့် မရဲတရဲအကြည့်လေးကြောင့် သူ့ရင်ထဲ လှုးသွားရသည်။

စွေ့ခနဲ ပွေ့ချီပြီး အဝေးကြီးကို ပြေးသွားချင်သည်။

သဇင်ခက်ကလေးကို စူးစိုက်ကြည့်ပြီး အသက်ရှုမြန်နေတာကို ဟန်ဆောင်ထိန်းချုပ်ထားရသည်။

"မမနန်းနွယ်..."

မြုန်းခနဲအနားရောက်လာပြီး ခေါ်လိုက်တာကြောင့် ဖွဲ့ဂိုရော နန်းနွယ်ကြိုင်ပါ လန့်ဖြန့်လျက် ခလေးခင်ဆီ အကြည့်ပြိုင်ကျရောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းနွယ့်စိတ်ထဲ တင်းကျပ်ရှုတ်ထွေးသွား၏။

"ဒီသဇင်တွေက ဘာလုပ်ဖို့လဲဟင်၊ ခလေးခင် လက်ဆောင်ပေးချင်လို့ ယူသွားမယ်နော်"

"ဟင်..."

နန်းနွယ်ကြိုင်က ခလေးခင်ကို အငေးသားကြည့်လျက် တားရခက်မိပါသည်။ သူများ မှာထားတာမို့ မတားလို့လည်းမရ။

"ကြိုတင်မှာထားတာ ခလေးရဲ့"

"ရပါတယ် နောက်နေ့မှလာယူလို့ ပြောလိုက်ပေါ့"

"မရဘူး၊ ဘွဲ့ယူမယ့်ကောင်မလေးတွေ..."

"တစ်ခြားမှာဝယ်ရင်ရပါတယ် မမနန်းနွယ်ရယ်"

ခလေးခင်က တမင်ပြဿနာလုပ်တာများလား၊ မကျေနပ်တာကြောင့် နန်းနွယ်အပေါ် ဆိုးချင်တာလား။

နန်းနွယ်ကလည်း နန်းနွယ်ပါပဲ။

ခလေးနဲ့မှ ထိပ်တိုက်ရင်ဆိုင်မိသည်။

ခလေးကို နန်းနွယ်ရှောင်သင့်တာ။

ခလေးခင်ဆိုတာ နန်းနွယ်တစ်သက်လုံး အလျှော့ပေး အလိုလိုက်ခဲ့ရသော ကောင်မလေးပါ။

"ဈေးမှာဝယ်ရင် ဈေးကြီးလို့ ဒီမှာလာမှာထားတာ ခလေးရဲ့၊ ဒီလို ဘွဲ့နေ့တွေဆို သဇင်တစ်ခက်ကို ငါးရာကနေ ခုနှစ်ရာထိ ပေးဝယ်ရတယ်။

နန်းနွယ်ကြိုင်စကားကို ဖွဲ့ကို အံ့သြမိပါသည်။

သဇင်ဈေးကို သူ မသိပါလား။

"ပွဲတွေရှိချိန်ဆို အဲဒီလိုပဲ၊ ခါတိုင်းဆိုရင်တော့ တစ်ရာ၊ တစ်ရာ ငါးဆယ်ပါ။ ဆံထုံးနဲ့ပန်မှာဆိုတော့ ဆယ့်ငါးခက်လောက်ပန်မှ ဝေဝေဆာဆာရှိမှာ၊ တစ်သောင်းဖိုးလောက်ဖြစ်နေပြီ။ အဲဒါကြောင့် မမနန်းနွယ်ဆီမှာ လာမှာကြတာပေါ့"

ခလေးခင်ကို နားလည်အောင် ရှင်းပြရသည်။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလေးစူပြီး ဂရုမစိုက်သလို လုပ်နေတာကို သက်ပြင်းမော တရှိုက်နှင့် ကြည့်နေဖြစ်သည်။

"လက်ဆောင်ပေးချင်တာများ နောက်မှပေးလည်း နောက်မကျ ပါဘူး။ ခလေးသူငယ်ချင်းတွေက အလကားရမှာပဲဟာ၊ ဘယ်နေ့ပေးပေး ပေါ့။ အခု အဆင်သင့်ဖြစ်ပြီလား သွားစို့"

ဖွဲ့ဂိုက ဝင်ရောက်ပြောဆို ဖြန်ဖြေလိုက်ရပါသည်။

"ပြီးရော...ပြီးရော"

ခလေးခင်က ဖွဲ့ဂိုစကားကို ချက်ချင်းလက်ခံခေါင်းညိတ်သည်။ အခြေအတင် ထပ်မလုပ်တော့ပါ။

"ပြီးပြီလား...သွားမယ်လေ"

"အင်း..."

ဖွဲ့ဂိုက လှည့်အထွက်မှာ ခလေးခင်က ဖွဲ့ဂိုလက်မောင်းကို ဖမ်းဆွဲ ဆုပ်ကိုင်ထားလျက် ပါသွားသည်။

ခလေးခင်က ပေါ်ပေါ်ထင်ထင် သူ့လက်မောင်းကို တွဲခိုလျှောက် လိုက်တာမို့ ဖွဲ့ဂို ကိုယ်ကြီးမတ်ကာ မျက်နှာပျက်ရသည်။ နန်းနွယ် တို့ အားနာသည်။

"နေဦး ဒီလောက်ချောကောင်းတဲ့ သဇင်တစ်ခက် ခလေးလည်းပန် ပေါ့"

ဖွဲ့ဂိုက ဗန်းကလေးထဲမှ သဇင်တစ်ခက်ကောက်ယူကာ ခလေးခင် ကို ပေး၏။

ခလေးခင်၏မျက်နှာလေးမှာ လန်းလန်းဆန်းဆန်း ပွင့်နေသော နှင်းဆီရဲကလေးလို ကျေနပ်ပုံကြွားသွား၏။

ဖွဲ့ဂိုက ခလေးခင်ကို ငုံ့ကြည့်ပြီး ဟက်ခနဲရယ်သည်။

သဇင်ခက်ချင်း အတူတူပါပဲ။ ကွဲပြားခြားနားသွားတာက စိတ်ပါ။ သူ့စိတ်၊ သူ့အတွင်းစိတ်။ သူ့နှလုံးသားနှင့် သူ့ရင်ခုန်သံ၊ ပြီးတော့ ထိုက်လှဲ့ခွေးထွေးမှု၊ သက်ဝင်ငြိတွယ်မှု မြတ်နိုးမက်မောမှု။

ခလေးခင်ကို ညီမလေးလို သူငယ်ချင်းလိုပေးမိတာ၊ ရှိုက်မိတာ။

www.burmeseclassic.com



နန်းနွယ်ကြိုင်ကိုတော့ ရင်ထဲမှာ တလှိုက်လှိုက် တနင့်နင့်နှင့် နက်ရှိုင်းစွာ ချစ်သည်။ ပိုင်ဆိုင်ချင်သည်။

နန်းနွယ်ကြိုင်က ဖွဲ့ဂိုနှင့်ခလေးခင်ကိုကြည့်ကာ မျက်ရည်ကလေး ထည့်အောင်ပင် စိတ်ထိခိုက်သွားမိသည်။

သိပ်ကို လိုက်ဖက်ညီတဲ့ စုံတွဲလေးပါ။

ဖွဲ့ဂိုကို ခလေးခင်က အင်မတန် သံယောဇဉ်ပိုနေတာကို နန်းနွယ် သိသည်။ မြင်သည်။ ခလေးခင်ကိုလည်း ဝေဒနာမပိုစေချင်ပါ။ ခလေးခင် ၏ အမုန်းကိုလည်း နန်းနွယ်မလိုချင်။

ခလေးခင်ရဲ့ မျက်ရည်တွေနဲ့ နန်းနွယ်ရဲ့ ရင်ခုန်မှုကို မဖန်တီး ချင်ပါဘူးကွယ်။ နန်းနွယ်ကြောင့် ခလေးခင်ငိုမှာ စိုးပါတယ်။

လေးလေးနဲ့ခလေးခင်က နန်းနွယ်ရဲ့ဘဝတစ်ခုလုံးကို ကယ်တင် ဖေးမခဲ့တဲ့ ကျေးဇူးရှင်၊ မေတ္တာရှင်၊ ကရုဏာရှင်တွေပါ။ ဒါတွေကို ဥပက္ခာပြုဖို့ မလွယ်လှပါဘူး။

နန်းနွယ်ကြိုင်ကပဲ အရှုံးပေးပါတယ်။

ခလေးခင် သဘောမတူတဲ့ကိစ္စကို ဖွတ်မတိုးတော့ပါဘူး။

ဖွဲ့ဂိုရယ်...။

ရှင့်ကို စွန့်လွှတ်ဖို့ပဲ နန်းနွယ်တွေးနေမိတယ်။

တွေးမိလေ ဆုံးရှုံးရမှာကြောက်လေမို့ နန်းနွယ် ဘာဆက်လုပ် ရမှန်းတောင် မသိတော့ဘူး။

✿✿✿

www.burmeseclassic.com

www.burmeseclassic.com



၆

ဖွဲ့ဂိုက ဧည့်ခန်းမှာခြေစုံရပ်ရင်း ဟိုဟိုဒီဒီ ဝေ့ဝဲရှာမိပါသည်။ နန်းနွယ်ကြိုင်ကို တွေ့မလားလို့ပါ။

မတွေ့ရတာ သုံးရက်တိတိရှိပါပြီ။

သူ့ကို တမင်များရှောင်နေသလား။

စနိုးစနောင့်ဖြစ်ကာ စိတ်တွေမာဆတ်နေသည်။

ပုန်းနေတာမှန်လျှင် တွေ့ရဖို့မလွယ်။

ခလေးခင်၏ အပြုအမူကြောင့် နန်းနွယ် စိတ်ထိခိုက်သွားသလား။ ဒါမှမဟုတ် ဆုံးဖြတ်ချက် ခိုင်မာသွားပြီလား။ သံယောဇဉ်ကို သည်လောက် လွယ်လွယ်ပြတ်တောက်လို့ ရပါ့မလား…နန်းနွယ်ရယ်။

နန်းနွယ်ကြိုင်ကို မြင်ချင်သည့်စိတ်က ပြင်းပြင်းပြပြဖြစ်ပေါ်နေသည်။ မြင်ချင်စိတ်ကြောင့်ပဲ ရောက်လာတာ…။

ခလေးခင်က ခေါ်ထားတာမဟုတ်ဘဲ၊ သူ့သဘောနှင့်သူလာခဲ့မိတာပါ။ နန်းနွယ်ကြိုင်ကို တွေ့ချင်လို့ပါ။

“ဟယ်…ကိုကို”

ခလေးခင်က သူ့ကို တွေ့သွားပြီး နှုတ်ခမ်းလေးလှုပ်ရုံခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com


သူ လာတာကို ခလေးခင်ကတော့ ကြိုဆိုဝမ်းသာ အပျော်လွန်သွားမှာပါ။

"ကိုကို ဘယ်ကလှည့်ဝင်လာတာလဲဟင်၊ ခလေးကို သတိရသာလဲ ခလေးက ဖုန်းဆက်ခေါ်ရမှာပဲ ထင်တာ"

"ဟုတ်လား"

"အင်းလေ…ဖုန်းဆက်မှာပဲ လာတာများ"

ဖွဲ့ဂိုက ဆံပင်တွေ လက်နှင့်သပ်ပြီး ရယ်နေသည်။

"ခလေး…ဘာလုပ်နေလဲ"

ခလေးခင်က ညှိခန်းထောင့်မှာ ချထားသော အော်ဂင်ရှိရာ မေးငေါ့ပြသည်။

"တယ်ဟုတ်ပါလား ကိုကို့ကို တီးပြပေါ့"

"အင်း…ကိုကို မဟားရဘူးနော်"

"မဟားပါဘူး"

ဖွဲ့ဂိုက အော်ဂင်ရှေ့မှာ သွားရပ်သည်။

"ဘယ်သူမှ မရှိဘူးလား"

"ရှိပါတယ်"

သိချင်လွန်းစွာ မအောင့်အီးနိုင်ဘဲ မေးမိသည်။

"ထိုင်လေ…ကိုကို"

ခလေးခင်က သူ့အတွက် ခုံတစ်လုံး ယူလာပေးသည်။

"ကိုကို ကော်ဖီသောက်မလားဟင်၊ အော်ဂင်တီးနေရင်းနဲ့ ကော်ဖီသောက်ချင်သလို ဖြစ်လာလို့လေ၊ မတီးဖြစ်တာကြာပါပြီ ဒီနေ့မှ…"

"သောက်မှာပေါ့"

ခလေးခင်က ပြတင်းပေါက်လိုက်ကာပြာနုနုကို ကြိုးဆွဲပြီး ဖွင့်လိုက်၏။

"ခဏနော် ကော်ဖီဖျော်လာခဲ့မယ်"

"အင်း…"

ဖွဲ့ဂိုက လိုက်ကာမရှိတော့သည့် ပြတင်းပေါက်စီအပြည့်ရောက်ကာ ခြံထဲက သဏ္ဍာန်လေးကြောင့် 'ဟာ'ခနဲ ဖြစ်ရသျှက် စူးစိုက်ငေး


www.burmeseclassic.com

www.burmeseclassic.com



မောသွားရသည်။

တွေ့လိုက်တိုင်း ကြည့်မိတာ သတိလက်လွတ်ပါပဲ။

သူ လုံးဝဟန်မဆောင်နိုင်။ အကြီးအကျယ် ကျရှုံးတာချည်းပင်။ နန်းနွယ်က သူ့ကို ရှန်းမရအောင် ချည်နှောင်ထားသည်။

ဒရင်းဘတ်ခ်လေးပေါ်မှာ ခြေဆင်းထိုင်နေပြီး သိုးမွေးထိုးတံလေးက သွက်သွက်လက်လက် လှုပ်ရှားနေ၏။ နန်းနွယ်ထိုးနေတာက ပိုက်ဆံအိတ်ကလေးတစ်ခုပါ။ ခုတလော အဲဒါလေးတွေ ခေတ်စားနေသည်။ အရောင်လေးက ဆင်စွယ်ရောင်ကလေး။ ပြီးသလောက်ပင်ဖြစ်နေပြီ။ သိပ်မလှမ်းတာကြောင့်လည်း သူ သဲသဲကွဲကွဲ မြင်ရပါသည်။

သူ့ဆန္ဒပြည့်သည်။

နန်းနွယ်ကြိုင်ကို တိတ်တဆိတ် ကြည့်နေခွင့်ရသည်။

ခလေးခင်ကသာ လိုက်ကာကို မဖယ်ပေးခဲ့လျှင် သူ မြင်ခွင့်ရမှာမဟုတ်။ ခြံဘေးမှာ နန်းနွယ်ရှိမှန်းသိလျှင် အိမ်ထဲကို သူ ဝင်လာဖြစ်မည်မထင်။

ရှာရတာ မောလိုက်တာကွာ။

နန်းနွယ်ကြိုင်က သူ့ကိုမမြင်။ ပိုက်ဆံအိတ်ကလေးအပေါ်သာ အာရုံစူးစိုက်နေသည်။

လိမ္မော်ရောင် ဖျော့ဖျော့ဘတ်စုံလေးသည် နန်းနွယ်ကြိုင်၏ နူးညံ့ပျော့ပျောင်းသော ခန္ဓာကိုယ်လေးမှာ သိပ်လိုက်ဖက်လို့နေပါသည်။

အသားဝင်းဝင်းနုစ်နုစ်ကလေးက လိမ္မော်ရောင်ကြောင့် ပိုပေါ်လွင်နေသည်။

လှုကာသာခုံမှာ ငြိမ်ငြိမ်ထိုင်နေတာ။ စိတ်တွေက နန်းနွယ်ကြိုင်၏ အနားကို ဝုန်းခနဲရောက်သွားခဲ့ပြီ။

ခလေးခင်က ကော်ဖီခွက်ကလေး နှစ်ခွက်ကို ကိုင်လျက်သား စောင့်ကြည့်နေလိုက်၏။

ဖွဲ့ကို သဲသဲမဲမဲကြည့်နေတာကို ဖွဲ့ကိုနောက်မှာရပ်နေတာ မြင်ရသည်။ ဘာကိုကြည့်နေတာလဲ ဆိုတာလည်း မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ဆတ်ခနဲ နာသည်။

ကိုကိုရယ်…။

နှလုံးသားသည် အလွန်နက်သော ရေတွင်းထဲ ပြုတ်ကျသွားသလို ခံစားမှုတွင်ပြီး ခုန်လှုပ်လာ၏။

တန့်ဖိုးထားမက်မောသော အရုပ်ကလေးတစ်ရုပ် ကျကွဲသွားသော ခံစားမှုထက်များစွာပိုသည်။

အောင်လိမ့်မည်ဟု အပြည့်အဝ မျှော်လင့်ယုံကြည်ထားပြီး အောင်စာရင်းကို အပြေးလာကြည့်မိကာမှ ကိုယ့်နာမည် ရှာမရသော အဖြစ်မျိုးထက်လည်း ဆိုးပါသည်။ တစ်ခုခုပြောလိုက်ဖို့ပင် အားမရှိ ဖြစ်ကာ နှုတ်ခမ်းတွေ ခြောက်သွေ့သွားသည်။

ကိုကိုရောက်လာတာ ခလေးခင်ဆီလာချင်လို့မှ ဟုတ်ရဲ့လား။

ဘယ်လိုပဲ ကျိန်ပြောကျိန်ပြော ငြိမ်သက်ငေးမောနေပုံက လေးနက် သက်ဝင်လွန်းလှတာမို့ ခလေးခင်ဆီလာတာပါဆိုတာ လုံးဝ မယုံကြည်နိုင် တော့ပါ။

ကြေကွဲဝမ်းနည်းမှုနောက်မှာ ထပ်ကြပ်မကွာ လိုက်ပါလာတာက တော့ ဒေါသပါ။ ဟုန်းခနဲ ရင်ထဲအောင့်တက်လာ၏။

ခလေးခင် မာနကို ထိပါးသလိုပါပဲ ကိုကို…။

ခလေးခင်က အရှုံးနဲ့နာကျင်မှုနဲ့ ကျန်ရစ်ခဲ့ရမှာလား။

မတရားဘူးကွာ…။

ဒီအဖြစ်မျိုးကို ခလေးခင် လက်မခံနိုင်ပါဘူး။

နှုတ်ခမ်းကို တစ်ချက်ကိုက်ပြီး ကော်ဖီနှစ်ခွက်ကို စားပွဲပေါ် အသာတင်သည်။

"ကိုကို ကော်ဖီရပြီနော်"

"ဩော်…အင်း"

ခလေးခင်က ပြတင်းပေါက်လိုက်ကာကြိုးစကို ပြန်ဆွဲပိတ်လိုက်၏။ ဖွဲ့ကိုကို ဘာတစ်ခွန်းမှမဆို။

"အလင်းရောင်စူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးပြောမိပြီး ခလေးခင်က ဖွဲ့ကိုကို ကော်ဖီခွက်လှမ်းပေးလိုက်သည်။

ဖွဲ့ကိုက သက်ပြင်းတစ်ချက်ရှိုက်ကာ စကားမဆို။

ခလေးခင်ကတော့ တားမိမှာပဲ ကိုကို…။

ကိုကို့ကို အဆုံးရှုံးမခံနိုင်တာက ချစ်လို့တစ်ခုတည်းမဟုတ်ဘူး၊ ခလေးခင်ရဲ့မာန။ ပြီးတော့ ခလေးခင်ဘက်က ရင်းနှီးခဲ့ရတဲ့ အလျှော့ပေးမှု၊ အလေးထားဂရုစိုက်မှု။

ခလေးရင်ထဲကို ဝင်ကြည့်ပေးပါ ကိုကို။

ဂိုင်ဆိုင်ချင်စိတ်တွေနဲ့ လစ်ဟာ၊ နာကျင်၊ မွန်းကျပ်နေရပါပြီ။

မမနန်းနွယ်ကို ခလေး ဘယ်တုန်းကမှ မမုန်းခဲ့ဘူး။

သည်တစ်ခါတော့ စိတ်နာချင်တယ် ကိုကို။

ခလေး မြတ်နိုးရတဲ့ကိုကို့ကို ဘာလို့ စိုက်ကြည့်ရတာလဲ မျှော်လင့်ချက်တွေပေးပြီး ဖြားယောင်းနေတာလားလို့ မစွပ်စွဲရက်ဘူးနော်၊ အဲဒီလို မဟုတ်ပါစေနဲ့။

"ခလေး…"

"ဟင်…"

မျက်လွှာချငြိမ်သက်နေသော ခလေးခင်ကို ဖွဲ့ကို ခေါ်မိသည်။

သူလွန်တာ သူ အသိဆုံးပါ။

သူ့ကြောင့် ခလေးခင်နှင့် နန်းနွယ်ကြိုင် ပြဿနာတက်နိုင်သည်။

သူက ခလေးဆီလာမှတော့ ခလေးကို မျှော်လင့်ချက်ပေးသလို ဖြစ်ရပြီ၊ နန်းနွယ်ဆီလာတာဟု ထင်ချင်မှထင်မှာ မထင်ဖို့ကများသည်။

နန်းနွယ်ကလည်း ခလေးဆီလာတာပဲဟု နားလည်ထားမှာ မလွဲမသွေ။

သူ့မျက်လုံးတွေထဲက အမှန်တရားကို နှစ်ယောက်စလုံးနားလည်သည်ပဲထား၊ ထိုအမှန်တရားကို လက်ခံနိုင်မှာမဟုတ်ပါ။ ထို့ကြောင့် ဖွဲ့ကို မကောင်းသလို ဖြစ်ရပြီ။

ခလေးဆီလာပြီး နန်းနွယ်ကို ကြည့်နေတာ သူ မှားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာလေ...ဘယ်သီချင်းတီးပြမှာလဲ"

ဖွဲ့ကိုစကားကို ခလေးခင်က ခေါင်းရမ်းသည်။

မတီးချင်တော့ဘူး"

"ဟာ...ဘာလို့လဲ"

"အနုပညာဆိုတာ ဖီးလ်ပါမှ လုပ်လို့ရတာ၊ တစ်ခုခုကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရင် လုပ်မရတော့ဘူး"

ဖွဲ့ကိုက ခလေးခင်စကားကြောင့် နှုတ်ဆိတ်သွားသည်။

"ကိုကို့ကို ပြောရဦးမယ်"

ခလေးခင်က သူနှင့် ခပ်လှမ်းလှမ်းမှာ သွားထိုင်သည်။

ခါတိုင်းလို သူ့အနားကို လာကပ်ပြီးချွဲကာနွဲ့ကာ ရယ်ကာမောကာ ဟက်ဟက်ပက်ပက် နွေးနွေးထွေးထွေးမရှိ။

"ခလေး ကျိုက်ထီးရိုးသွားမလို့ သူငယ်ချင်းတွေနဲ့"

ဖွဲ့ကိုက ခလေးခင်ကို လှမ်းကြည့်နေသည်။

ခလေးခင်က သူ့ကို လိုက်ခဲ့ဖို့မခေါ်ပါ။

သတိပေးရုံ သက်သက်များလား။

ခေါ်ချင်လည်း ရအောင်ခေါ်မှာ၊ ဖွဲ့ကို နေခဲ့လို့ရမှာမဟုတ်ပါ။

"ကိုကို လိုအပ်တာရှိရင် မမနန်းနွယ်ကို ပြောပေါ့။ မမနန်းနွယ်နဲ့ ဒေါ်လေးမိရှိမှာပဲ"

ခလေးခင်က အသက်ကို အားပါးတရရှူပြီး ပြောဖြစ်အောင် ပြောလိုက်ပါသည်။ ဒါဟာ ပြောသင့်သောစကား။

ဖေဖေ့သားတပည့်အနေနှင့်ပဲဖြစ်ဖြစ်။

ခလေးခင်၏ မိတ်ဆွေတစ်ယောက်အနေနှင့်ပဲဖြစ်ဖြစ် ပြောကိုပြောရပါမည်။

ဖွဲ့ကိုက ရန်ကုန်မှာ ဆွေမျိုးရှိတာမဟုတ်။ တစ်ခုခုဆို သူ့မှာ ခလေးခင်တို့အိမ်ပဲ ရှိရှာတာ။

သို့သော် ရင်ထဲမှာတော့ ထိုစကားအတွက် ထိခိုက်ကြေကွဲရပါသည်။ နှမြောတွန့်တိုတာလည်း ချစ်လို့ပါ။ ဖန်တိုပ်မိတ်တာလည်း

www.burmeseclassic.com



ချစ်လို့ပါ၊ ကန့်သတ်တားမြစ်ချင်တာလည်း ချစ်လို့ပါပဲ ကိုကို၊ ခလေးမရှိတဲ့ သည်ကိုလာရင် ကိုကို မမနန်းနွယ်ကို တစ်ချိန်လုံး ကြည့်နေတော့မှာ။

ခလေးခင်ဆိုတဲ့ အတားအဆီးကြောင့် ကိုကိုတို့စည်းဘောင် မကျော်ဘူးဘဲထား၊ မျက်လုံးချင်းတော့ ဆိုတ်ကြမှာပဲ မဟုတ်လား။ အကြည့်လေးတစ်ချက်က သဝန်ကြောင်အူတိုချင်တယ် ကိုကို။ ခလေး မှားလား။

ဖွဲ့ကိုက ခလေးခင်ကို ဆတ်ခနဲဖြစ်ကာ ကြည့်မိသည်။

သည်လိုစကားကို ပြောနိုင်တာတော့ လေးစားချီးကျူးမိပါသည်။

သူ့အပေါ် ခလေး သဘောထားကို သူ သိပါသည်။

ခုလိုခွင့်ပေးဖို့မလွယ်...။

'ခလေး မရှိတုန်း မလာရဘူး'ဟု တားမြစ်မလားဟုသာ နားစွင့်နေတာ။

"မမနန်းနွယ်ကိုလည်း မှာခဲ့ပေးမယ်"

ဖွဲ့ကို တအံ့တသြ မယုံနိုင်သလို ဖြစ်နေပေမဲ့ ခလေးခင်က အေးစက်သော မျက်နှာကလေးနှင့် ရှိနေသည်။

ကိုကို အားနာပါတယ် ခလေးရယ်။

စိတ်လည်း မကောင်းဘူး။

ခလေးခင်ဘက်ကပဲ ကြည့်မယ်ဆိုရင် ကိုကို တော်တော်မကောင်းတာပါ။

ကိုကို့ကို နားလည်ပေးပါ။

ခွင့်လွှတ်ဖို့တော့ မတောင်းဆိုချင်ပါဘူး။ ကိုကို့မှာ အပြစ်က ခိုင်ခိုင်မာမာ ရှိနေတယ်။

ခလေးအပေါ် တမင် ခုလိုလုပ်တာ မဟုတ်ပါဘူးကွာ။

ဒါကို ခလေး ယုံကြည်ပါ။

"ဘယ်နေ့သွားမှာလဲ"

"မနက်ဖြန်"

"ကိုကို ဘယ်အထိ လိုက်ပို့ရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရတယ်၊ သူငယ်ချင်းတွေ လာခေါ်လိမ့်မယ်"

ခလေးခင် ရင်ထဲမှာ အောင့်သွားရသည်။

လိုက်ခဲ့မယ်လို့ ဘာကြောင့် မပြောတာလဲ ကိုကိုရယ်။

ကိုကို ပြတ်သားလိုက်တာနော်...။

ဟန်ဆောင်လို့ပဲဖြစ်ဖြစ် လိုက်ခဲ့ရမလားလို့ တစ်ခွန်းမမေးဘူး။

ခလေး သိပါပြီ။

ကိုကို ရက်စက်တယ်။

လိုက်ခဲ့စေချင်တယ်ဆိုတာ သိရက်နဲ့...။

"ဘယ်သွားဦးမလဲ ဒီနေ့..."

ခလေးခင်က ငေးရီသော မျက်လုံးကလေးများနှင့် သူ့ကို စိုက်ကြည့်နေသည်။ ညှို့ခန်းတစ်ခုတည်းမှာ အတူတူရှိနေကြပေမဲ့ မိုင်ပေါင်းများစွာ ဝေးကွာသွားသလို ထင်မိသည်။

အလုပ်ကိစ္စတွေ ဘယ်လောက်ရှိရှိ သုံးလေးရက်ထားခဲ့ပြီး ခလေးနဲ့ လိုက်လို့ရပါတယ်။

နေခဲ့ဖို့ဆုံးဖြတ်နိုင်မှတော့ ကြာလေကြာလေ ပိုဝေးကွာလေ ဖြစ်မှာပေါ့။

ရင်းနှီးပွင့်လင်းမှုတွေလည်း တဖြည်းဖြည်း မှေးမှိန်လာပါပြီ။

'ကိုကို လိုက်ခဲ့ရမှာပဲ မသိဘူး မရဘူး'ဆိုပြီး စိတ်မလုပ်မိတာ ဖွတ်မတိုးမိတာ ဆန်းကြယ်လှသည်။

မမနန်းနွယ်အပေါ် ကိုကို စိတ်ဝင်စားနေပါလားဆိုသော အသိသည် ခလေးခင်၏ နှလုံးသားကို ရေခဲတုံးနှင့် ဖိကပ်လိုက်သလို ထုံကျင်အေးစက်သွားစေသည်။

ရင်ခုန်သံတွေ နှေးကွေးသွား၏။

ကိုကို ခလေးခင်ကို မချစ်ဘူးဆိုသော စိတ်နှင့် ခလေးခင်၏ အသဲတွေ မာကျောအေးစက်လာသည်။

အမုန်းတော့လည်း ချစ်လွန်းလို့ နာမိတာပါ။ အချစ်ကြီးရင် အမျက်ကြီးသည်တဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပါပဲ။

ခလေး ကိုကို့ကို မုန်းချင်လာပါပြီ။

ကိုကို့ရှေ့မှာ ခလေးမငိုချင်ပါ။ အရှုံးမပေးချင်ပါ။

မာနနှင့် ဟန်လုပ်နေမိသည်။

မချစ်လည်း နေပေါ့ ကိုကိုရယ်။

နေနိုင်အောင် နေကြည့်ပါ့မယ်။

နှလုံးသားကို ဖွတ်ပဲ အမိန့်ပေးမိသည်။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com


နန်းနွယ်ကြိုင်က ဖုန်းမြည်သံကြောင့် အခန်းထဲက ကပျာကယာ ထွက်လာခဲ့သည်။

ခလေးခင်လည်း မရှိတာကြောင့် နန်းနွယ်က ပိုသတိထားရသည်။ လေးလေးဖုန်းဆို ချက်ချင်းသွားထူးနိုင်အောင် ကြိုးစားမိပါသည်။

"ဟယ်လို"

"ဟယ်လို ခလေးခင်တို့ အိမ်ကလား"

"ဟုတ်ပါတယ်"

တစ်ခါမှ မကြားဘူးသောအသံပါပဲ။

"ခလေးခင် ရှိပါသလား"

"ဘယ်သူပါလဲ"

"ကျွန်တော်ပါ ဗညားနီပါ၊ ခလေးခင် မိတ်ဆွေပါ။

"ဗညားနီ..."

"ဟုတ်ပါတယ်"

နန်းနွယ်ကြိုင်က သေချာအောင် မေးထားလိုက်၏။ ခလေးခင် ပြန်လာလျှင် ပြောရအောင်ပါ။


www.burmeseclassic.com

www.burmeseclassic.com



"ခလေး မရှိဘူး"

"ဗျာ..."

"ပြန်လာရင် ပြောလိုက်မယ်လေ ဘာမှာဦးမလဲ"

တစ်ဘက်က ခဏလေး အသံတိတ်နေပြီးမှ။

"ရပါတယ်၊ ဗညား ဖုန်းဆက်တယ်လို့ပဲ ပြောပေးပါ"

"အင်း...အင်း ပြောပေးမယ်"

နန်းနွယ်ကြိုင်က ဖုန်းခွက်ကို ပြန်တင်ထားပြီး မျက်မှောင်ကလေး ကုတ်အောင်ပင် စဉ်းစားမိပါသည်။

ခလေးခင်က အဲဒီဗညားနီအကြောင်း တစ်ခါမှ မပြောဘူးပါလား။ ဘာလို့ပါလိမ့်။ ဗညားနီဆိုသည့် ကောင်လေးက အသံနားထောင်ကြည့် ရတာတော့ တည်ကြည်လေးနက်ပုံပါ။

ပင့်သက်ကလေး ရှိုက်ပြီး ခုံမှာသွားထိုင်မိသည်။

ခါတိုင်းလိုဆိုရင်တော့ ဘယ်ကကောင်လေးလဲ ဘာညာနှင့် မေး ကြည့်လို့ ကောင်းပါသည်။

အခုတော့ နန်းနွယ်ကြိုင်ကို ခလေးက အမြင်ကြည်လင်မှာ မဟုတ်၊ ဖွဲ့ကိုနှင့် ပတ်သက်ပြီး နန်းနွယ်ကို နာကြည်းနေချင် နေမှာ။ မုန်းရင်လည်း မုန်းနေမှာ။

ဘာလို့သည်လိုတွေ ဖြစ်ရတာလဲနော်။

နန်းနွယ်ကြိုင် စိတ်တွေရှုပ်ထွေးလာမိပါသည်။

✿

"ဩော်...ဗညားနီလား"

ခလေးခင်က မှန်တင်ခုံရှေ့မှာ ဆံပင်တွေကို ဘီးကြဲနှင့်ဖြီးရင်းက မေးပါသည်။

"အင်း...အင်း၊ ခလေး ပြန်ဆက်လိုက်မယ်"

နန်းနွယ်ကြိုင်ကို တစ်ခွန်းပဲပြောပြီး ဧည့်ခန်းထွက်သွားလျှက်

www.burmeseclassic.com



ဖုန်းခေါ်သည်။ နန်းနွယ်က တီဗွီတိုးတိုးဖွင့်ပြီး ကြည့်နေလိုက်၏။ ဖုန်းပြောတာကို မနှောင့်ယှက်ချင်ပါ။

ခလေးခင်၏ အခန်းထဲမှာလည်း မကျန်ရစ်ခဲ့ချင်။ ဧည့်ခန်းထွက်လာတော့လည်း ခလေးဖုန်းပြောရတာ မလွတ်လပ်မှာ စိုးသည်။

ထို့ကြောင့် တီဗွီရှေ့ပဲ ထိုင်ကြည့်နေလိုက်၏။

"ဖေဖေလား...၊ ဖေကြီး"

နန်းနွယ်ကြိုင်က ခလေးအသံလေးကြောင့် မတ်ခနဲပင်ဖြစ်ရသည်။

ဗညားနီဆီ ဖုန်းဆက်မယ်ဟုပဲ ပြောခဲ့တာ။

"ရှိပါတယ်ဖေကြီးရဲ့၊ ကောင်းပါတယ်။ တီဗွီကြည့်နေတယ်။ ဟာ...ပြီးမှပြောပါ ဖေကြီးရယ်။ ခလေး ဗညားနဲ့ပြောချင်လို့ ခဏလေး။ ဗညားက နေ့ခင်းက ဖုန်းဆက်တယ်ဆိုလို့။ အင်းပါ ကိုကိုလည်း နေကောင်းပါတယ်။ ဒေါ်လေးမိလား ဟာ...ဖေကြီးကလည်း မေးခွန်းတွေများလိုက်တာ အဲဒါတွေ မသိဘူး။ မမနန်းနွယ်ကိုမေး ဗညားရှိလား ခေါ်ပေးပါ ဖေကြီးရဲ့"

ခလေးခင်၏ အသံလေးက မြူးသွက်နူးညံ့လွန်းလှသည်။

ဗညားနီဆိုတာ လေးလေးနှင့်အတူတူ ရှိနေသည်လား။

နန်းနွယ်ဘာလို့ မသိတာပါလိမ့်။

ဖွဲ့ကိုလိုပဲ လေးလေး၏ တပည့်လေးများလား။

"ဗညားလား"

ခလေးခင်၏ အသံလေးက တိုးပြီးပို၍ချိုသွားသည်။

"အမယ် အခု ပြန်ဆက်တာပဲဟာ လုပ်မနေနဲ့"

နန်းနွယ်ကြိုင်က မရည်ရွယ်ဘဲ နားထောင်နေမိသည်။

"အဟင်း...ပိုလိုက်တာ၊ ထားပါတော့။ တစ်ဝက်ယုံလိုက်မယ်။ အကုန်လုံးတော့ မယုံပါဘူး။ ဟား...ဟား ခလေးကို ရန်ကုန်သို့ ဟုတ်လို့လား၊ တကယ်လာခေါ်မှာလား။ မလွမ်းပါဘူး လွမ်းစရာလား...သွား"

နန်းနွယ်ကြိုင် မျက်လွှာချမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်ထားခဲ့သလိုပင် ဗညားဆိုတာလေးက ခလေးခင်အပေါ် ရေစိုက်လေးနက်နေသည်။

"ကိုကိုလား အလကားပါဟယ်၊ အမယ်မယ် မပြောပါနဲ့ ကိုကို့ကို ထိ ခါးကြည့် ဗညားနေ့ပါ့ဟွန့်"

တီဗွီရှေ့မှ အသာထကာ ခြံထဲကို ဆင်းလာမိပါသည်။

ခြံဝင်းထဲက မီးတိုင်လေးအောက်မှာ မှီချထိုင်ရင်း မိုးကောင်းကင်ကို နန်းနွယ် မော့ကြည့်မိပါသည်။

လူက ဘယ်ရောက်နေနေ နှလုံးသားကတော့ ဖွဲ့ကိုဆီမှာပဲရှိသည်။

လူကိုတော့ ထိန်းချုပ်အမိန့်ပေးထားလို့ရသည်။

စိတ်က မရပါ။ စိတ်တွေက သူ့ဆီ ပြေးပြေးရောက်တတ်ပါသည်။

လူကိုတော့ ကန့်သပ်တားမြစ် ထိန်းချုပ်ထားပါ့မယ်။

နှလုံးသားနဲ့စိတ်ကတော့ လွတ်လွတ်လပ်လပ် သွားပါစေ။

ချစ်သူရှိရာ သွားချင်လည်း သွားပါစေတော့။

ကိုယ့်နှလုံးသား ဘယ်လောက်အထိ နာကျင်နေပြီလဲဆိုတာ ကိုယ်ပဲသိတော့...မတားရက်တော့ပါဘူး။

လောကကြီးထဲမှာ နန်းနွယ်ကြိုင်ဟာ တွယ်ရာမဲ့မိန်းမသားတစ်ယောက်ပါ။ မိဘလည်းမရှိ ညီအစ်ကို မောင်နှမလည်း မရှိ သူစိမ်းတွေကို မှီပြီး ရပ်တည်နေရသူပါ။

ကိုယ့်နှလုံးသားထဲက ခုလို မွတ်မွတ်သိပ်သိပ် တောင့်တလာသူကို အတွေးလေးနဲ့တော့ သတိရ တမ်းတပါရစေ။

ဖွဲ့ကိုရယ်...။

နန်းနွယ် သတိရလိုက်တာ...။

ဘာလို့ ခလေးခင်နဲ့ လာပတ်သက်နေရတာလဲဟင်။

ကိုယ့်ခြေအစုံကို ရှေ့တိုးမလာအောင် ရပ်တန့်စေနိုင်တာ ခလေးခင်ပဲ ရှိပါတယ်။

အဲဒီ ခလေးခင်နဲ့မှ ရှင်က လာပတ်သက်နေတယ်။

နန်းနွယ် ဘာလုပ်ရမလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ရှေ့တိုးရမလဲ။

ကားဟွန်းသံ 'တီတီ' ကြောင့် နန်းနွယ်ကြိုင် သတ်ခနဲ ဖြစ်ရသည်။

ကားစီးသူစုက နန်းနွယ်ဆီ ကျရောက်နေသည်။

ဖွဲ့ကိုက ကားရပ်ပြီး ကားပေါ်က ဆင်းလိုက်၏။

နန်းနွယ်ကို သည့်ထက်စောစော မြင်မိလျှင် ကားဟွန်းတီးမိလိမ့်မည် မဟုတ်ပါ။ တိတ်တိတ်ကလေး ကားရပ်ပြီး တိုးတိုးသက်သက် လှမ်းခေါ်မိမှာ။

မီးတိုင်အောက်ကခုံလေးမှာ မှီချထိုင်နေပုံက နွဲ့နှောင်းပျော့ပျောင်းလာတာမို့ သူ့ရင်ခုန်သံတွေ အလွန်အမင်း ကျယ်လောင်ကာ စိတ်လှုပ်ရှားသွားမိပါသည်။

ကားမီးရောင်ကြောင့်၊ ကားဟွန်းသံကြောင့် နန်းနွယ် လန့်သွားပုံရသည်။

ဖျတ်ခနဲ မတ်တတ်ရပ်ပြီး ခြံအဝင်ဝကို လျှောက်လာလျက် ခြံဝင်းတံခါး ဖွင့်ပေးသည်။

ဖွဲ့ကိုက ကားကို ခြံထဲထိမယူတော့ဘဲ လျှောက်ဝင်လာခဲ့သည်။ နန်းနွယ်ကြိုင်က မျက်လွှာချပြီး ခြေစုံရပ်နေသည်။

"နန်းနွယ်…"

သူ ခေါ်လိုက်မှပဲ မျက်လွှာလှန်ကြည့်သည်။

"လန့်သွားလား"

မေးတာကို မဖြေဘဲ သူ့ကို ငေးစိုက်ကြည့်နေ၏။

ခလေးခင်၏ မိတ်ဆွေဟု သိပြီးချိန်ကစလို့ ခုလိုငေးငေးမောမော မကြည့်ခဲ့တော့တာပါ။

သည်ညမှပဲ ဟိုတုန်းက ရင်းနှီးနွေးထွေးသော သက်ဝင်ချိုမြိန်သော မျက်လုံးကလေးကို ပြန်တွေ့ရသည်။

ဖွဲ့ကို ပြန်ကြည့်နေမိသည်။

တစ်ယောက်ကိုတစ်ယောက် မလွှဲတမ်း ကြည့်နေမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ဂိုက နန်းနွယ်ရှေ့ကို ခြေတစ်လှမ်းတိုးမိ၏။

သူ့လှုပ်ရှားမှုကြောင့် နန်းနွယ် သတိဝင်လာသည်။

ဘာလို့ မထိန်းနိုင်မသိမ်းနိုင် ဖြစ်ရတာလဲ။

မျက်လွှာချကာ ကိုယ့်ကိုယ်ကို အပြစ်တင်မိသည်။

ဖွဲ့ဂိုက နန်းနွယ်ပုံစံလေးကြောင့် မချင့်မရဲနှင့် ဒေါသလည်း ဖြစ်ရပါသည်။

ကိုယ့်ကို အရွဲ့လုပ်နေတာလား နန်းနွယ်ရယ်...။

"ဟာ...ကိုကို့ ကားသံကြားလို့ ထွက်ကြည့်တာ"

ခလေးခင်က သူတို့အနားရောက်လာသည်။ ဖွဲ့ဂိုက ခလေးခင်ကို ဆတ်ခနဲ လှည့်ကြည့်၏။ နန်းနွယ်ကို စကားဆိုဖို့ ခက်သွားပြီ။

"လာလေ...အိမ်ထဲဝင်ရအောင်"

ခလေးခင်က ဖွဲ့ဂိုဘေးမှာ ကပ်ရပ်သည်။

နန်းနွယ်ကြိုင်က ဖွဖွပြုံးရင်း ဟန်ဆောင်မိကာ ခြံဝင်းတံခါးကို အသာပြန်စေ့သည်။ ကားက အပြင်မှာမို့ ခြံတံခါးမပိတ်မိပါ။ သူ့ သူငယ်ချင်းဆီက ကားကို ဖွဲ့ဂို ယူသုံးတတ်ပါသည်။

တစ်ခါတလေလည်း ခလေးခင်တို့ကားနှင့် သွားလာတတ်၏။

နန်းနွယ်ကြိုင်က ပင့်သက်ရှိုက်သည်။

ဟို...လည်း အလုပ်တွေဟ တန်းလန်းမို့ ဖွဲ့ဂိုက ခလေးခင်နှင့် အတူတူ လေးလေးရှိရာ ပြန်သွားကြရမှာပါ။

သူကဖြင့် သည်မှာ အိမ်တစ်လုံးပင် မဝယ်။

အလုပ်ကိစ္စတွေ ပြီးပြတ်လို့ပြန်လာမှပဲ ဝယ်ချင်ဝယ်ဖြစ်မှာ။ တကယ်တော့ နန်းနွယ်ကြိုင်က သူ့အတွက် အဓိကမကျလှပါ။ နန်းနွယ် ဘက်ကသာလျှင် မျှော်လင့်ရင်ခုန်ခဲ့ရတာ။ နန်းနွယ် ချက်ချင်းပဲ ဝမ်းနည်းလာမိသည်။

မျက်ရည်က ဝေ့ချင်သည်။ လှိုက်လှိုက်လှဲလှဲ တမ်းတမိ...မှာ မျက်စိရှေ့ကို ဘွားခနဲရောက်လာသောအခါ နှလုံးသားသည် ဘယ်ထို့ မှ တင်းမထားနိုင်လောက်အောင် အရည်ပျော်သည်။

www.burmeseclassic.com

www.burmeseclassic.com

[illegible]

“[illegible] ခလေးက ပျင်းနေတာ။ တစ်နေရာရာ သွားရအောင် [illegible] ဟန်ကျတာပဲ”

[illegible] ခင် စကားကို ခေါင်းညိတ်၏။

သူက ခလေးခင်၏ ဧည့်သည်ပါ။

နန်းနွယ်ကြိုင်ကလည်း ရှေ့တိုးဖို့ထက် နောက်ဆုတ်ဖို့ပဲ စဉ်းစားနေသည်။ သူ့ကို မခံမရပ်နိုင်အောင် ဖြစ်စေသည်။

“ကိုကို လိုက်ပို့မှာလား”

“အင်းလေ…ခေါင်းညိတ်နေသားပဲ”

“ဟေး…ပျော်လိုက်တာ”

ခလေးခင်၏ ပွင့်လင်းနူးညံ့သော ဟန်ပန်လေးက ချစ်စရာကောင်းလှပါသည်။ ဖွဲ့ဂိုကိုပင် မစောင့်ဘဲ ခြံတံခါးဖွင့်ကာ ကားဆီ လျှောက်သွားနေပါပြီ။

“ဟော့ဟော့…၊ မုန့်က ဘယ်သူကျွေးမှာလဲ၊ ကိုကို့မှာ ပိုက်ဆံမပါဘူးနော်”

ဖွဲ့ဂိုစကားကြောင့် ခလေးခင်က မျက်စောင်းရွယ်သည်။

“ဟွန့်…သိပါတယ်နော်၊ ခလေးပဲ ကျွေးပါ့မယ်”

“ပြီးရော…”

ခလေးခင်က ဘောင်းဘီအိတ်ထဲက ပိုက်ဆံကိုထုတ်ပြီး ရှပ်အကျီအိတ်ထဲပြောင်းထည့်သည်။

ဖွဲ့ဂိုက နန်းနွယ်ကြိုင်ကို တစ်ချက်ကြည့်ပြီး နှုတ်ဆက်စကားမဆိုဘဲ ခြေလှမ်း၏။

သူ့ရင်ထဲမှာ ဘာတွေမှန်းမသိ နာကျင်နေပါသည်။

“မမနန်းနွယ်…”

ခလေးခင် ခေါ်သံကြောင့် ရင်ထဲမှာ ထိတ်ခနဲဖြစ်၏။

ဘာကို လန့်နေမိပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



မလုံမလဲ ဖြစ်နေအောင် အပြစ်လုပ်မိလို့လား။

ဖွဲ့ဂိုကို ချစ်မိသွားတာ အပြစ်ကြီးတစ်ခုလားဟင်...။

"လိုက်ခဲ့ပါလား...အိမ်ထဲမှာချည်းပဲ၊ အပျင်းပြေပေါ့။ ကား လျှောက်မောင်းမယ်။ ဆိုင်တစ်ခုမှာ မုန့်ဝင်စားမယ်။ လာပါ...တစ်ခါ တလေပဲဟာ...။

ခလေးခင်က နန်းနွယ်ကြိုင်ကို လှမ်းခေါ်နေတာမို့ ဖွဲ့ဂိုက ကားကို မမောင်းသေးဘဲ ငြိမ်ငြိမ်သက်သက် ထိုင်နေမိပါသည်။ ရုတ်တရုတ် ခလေးခင်ကို သူ နားမလည်။ ဘာလို့ နန်းနွယ်ကို ခေါ်ချင်ရတာလဲ။ သဘောရိုးမှ ဟုတ်ရဲ့လား။

နန်းနွယ်က တုန့်ပြန်စကားမဆိုဘဲ၊ ခေါင်းခါ ရယ်မောနေသည်။ ခလေးခင်က ကားတံခါးကို ဆွဲဖွင့်ပြီး ပြန်ဆင်းသည်။

"လာပါ...မမနန်းနွယ်ရဲ့"

ခလေးခင်က လက်ဖျားလေးဆွဲခေါ်သည်။

"လိုက်ခဲ့ပါဆို ခဏလေးပဲဟာ"

ဖွတ်ခေါ်မည့်ဟန်ပန်ကလေးကို မြင်ရသည်။

"နေဦး...ဒေါ်လေးမိကို သွားပြောဦးမယ်၊ တီဗွီလည်းဖွင့်ထား တယ်၊ ခြံတံခါးတွေဘာတွေ ပိတ်ဖို့ပြောခဲ့ရမှာပေါ့"

"အင်း...အင်း၊ မြန်မြန်လာ"

ခလေးခင်က ကားထဲပြန်ဝင်ထိုင်သည်။

ဖွဲ့ဂိုကို မျက်နက်ဝန်းကလေး ရွှေ့ကာကြည့်၏။

တစ်ခါတလေတော့လည်း အလိုမကျစိတ်နဲ့ ဆိုးချင်တယ် ကိုကို ရယ်...။

ဒီလောက် အဖြစ်သည်းနေကြတာကို ခလေး နှလုံးသားထဲက စူးစူးနစ်နစ် နာတယ်သိလား"

နီးနီးကပ်ကပ် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်ရင်း လိုက်တာ လောကကြီးကို မေ့နေကြပုံပါ။

ခလေး မကျေနပ်ဘူးကိုကို...။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုလည်း မတရားဘူး...။

အနှန်းနွယ်လည်း မတရားဘူး...။

ခလေးကို ဘာလို့ အဲဒီလို လုပ်ရတာလဲ။

ကိုကို့အပေါ် ခလေး ဘာများမကောင်းတာ လုပ်မိလို့လဲ။

နှန်းနွယ်ကြိုင်က အနွေးထည်အနီရဲရဲကလေး ထပ်ဝတ်ပြီး တဖျတ်ဖျတ် လျှောက်လာတာကို ခလေးခင်ရော ဖွဲ့ကိုပါမြင်သည်။

ခလေးခင်က ဖွဲ့ကိုမျက်စိရှေ့မှာ လက်ဝါးလေးဖြန့်လျက် ကာထားလိုက်၏။

"မကြည့်နဲ့..."

ခလေးခင်၏ အပြုအမူကြောင့် ဖွဲ့ကို အမ်းတန်းတန်းဖြစ်ကာ ရှက်လည်းရှက်သွား၏။ ခလေးခင် လက်ကို ဖယ်မိသည်။

ကားထဲက ခလေးခင်၏ အဟန့်အတားကို နှန်းနွယ်မမြင်လို့ သာတော်သေးသည်။

နှန်းနွယ်ကြိုင်က ကားတံခါးဖွင့် ဝင်ထိုင်သည်။

ခလေးခင်က တိုးတိုးသက်သက် ရယ်လိုက်၏။

ကိုကို မျက်နှာပျက်သွားတာ ရယ်ချင်စရာပါ။

"ကိုကို..."

"ပြော..."

"သီချင်းဖွင့်ပေးကွာ"

"ဖွင့်ပါလား ကားမောင်းနေတာ"

"မရဘူး...ကိုကိုဖွင့်ပေး"

ဖွဲ့ကိုက ကက်ဆက်ခွေလေးကို ကက်ဆက်ထဲ ထိုးထည့်လိုက်၏။ ...မင်ကပ်သပ်နေမှန်း သိသည်။

နှန်းနွယ်ကြိုင်က နောက်ခန်းထဲမှာ ကျောက်ရုပ်ကလေးလို တောင့်...င်း ငြိမ်သက်စွာပါလာ၏။

"ဘယ်ဆိုင်သွားမလဲ"

ဖွဲ့ကိုက မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖူချို..."

ခလေးခင်က ဖွဲ့ကိုလက်မောင်းကို ခေါင်းလေးမှီကာပြော၏။

လက်ရှိအခြေအနေကို နှစ်ယောက်စလုံး မမေ့အောင်သတိပေးတာပါ။

ကိုကိုက ခလေးခင်ကို အလိုလိုက်ပြီး အမြဲခုလိုဆိုးနွဲ့တာကို ခံခဲ့ရသူပါ။

အစက ကိုကို သည်အခြေအနေလေးကိုပဲ ကျေနပ်သာယာနေခဲ့တာပဲ မဟုတ်လား။

ခလေးခင်က ခုမှ စိမ်းစိမ်းသက်သက် နေပေးရမှာလား။

ဖွဲ့ကိုက သက်ပြင်းမောတစ်ချက် ရှိုက်သည်။

ခွင့်လွှတ်ပါ နန်းနွယ်ရယ်...။

မင်းကို မတွေ့ခင်အထိ ကိုယ် ခလေးအပေါ်အလိုလိုက် အနွံတာခံခဲ့ပါတယ်။ အလိုက်အထိုက်လည်း နေခဲ့ဘူးပါတယ်။

ကိုယ့်အပေါ် ချစ်သူကလေးတစ်ယောက်လို ပြောဆိုပြုမူ နေတာလေးကိုလည်း မဟန့်တားခဲ့ပါဘူး။

အဲဒါ ကိုယ့်အမှားပါ၊ ကိုယ့်အလွန်ပါ၊ ကိုယ့်အပြစ်ပါ။ တကယ်တမ်းနှလုံးသားက ချစ်တတ်လာပြီဆိုတော့ ခလေးခင်အပေါ် ကိုယ်ဘယ်လို ပြောင်းလဲရပါ့မလဲ၊ ဘယ်လို တင်းမာရမလဲ၊ ဘယ်လိုဟန့်တားရမလဲ။

နန်းနွယ်ကို မတွေ့ခင်အထိ ခလေးခင်ကိုပဲ ကိုယ်ချစ်သွားလိမ့်မယ်လို့ ထင်ခဲ့တာပါ။

သည်လိုအဖြစ်မျိုးကို ကိုယ်မမျှော်လင့်ခဲ့ဘူးကွာ...။

"ကိုကို..."

"ဟင်..."

"ခုန ခလေး ဖေကြီးနဲ့ ဖုန်းပြောဖြစ်တယ်"

"ဟုတ်လား"

သီးချင်းသံ တိုးတိုးကြောင့် ဖွဲ့ကိုကို ခလေးခင် အပြောနေရှန်း



www.burmeseclassic.com

www.burmeseclassic.com



နန်းနွယ် မကြားမိပါ။ ဖွဲ့ကို ပခုံးစွန်းမှာ ခေါင်းမီထားတာတော့ မြင်ရသည်။

ရင်ထဲမှာ မွန်းကြပ်ကြေကွဲမှုနှင့်အတူ တစ်မျိုးကြီးဖြစ်လာရသည်။

ခရမကခေါ်ပြီး နန်းနွယ်ကို နှိပ်စက်ချင်တာလား၊ အသိပေးချင်တာလား ခလေးခင်ရယ်။

"ခလေး..."

"ဟင်..."

"ကောင်းကောင်းနေကွာ ကိုကို ကားမောင်းနေတယ်"

"ဟင်...ခလေးက ဘယ်မှာ နှောင့်ယှက်လို့လဲ"

ဖွဲ့ကိုက ခလေးခင်ကို စိတ်ပျက်စွာနှင့် စကားမဆို...။

ကိုကို ကားမောင်းနေတာကို ခလေး မနှောင့်ယှက်ပါဘူးနော်၊ ခလေးနှိပ်စက်ချင်တာ ကိုကို နှလုံးသားပါ။ ရက်စက်တတ်တဲ့ ကိုကို နှလုံးသား၊ အပြောင်းအလဲမြန်တဲ့ ကိုကို နှလုံးသားကိုပါ။

ကိုကို့ဘက်ကတော့ ဒါ အချစ်စစ်ပါ။ ကိုကိုတကယ် နန်းနွယ်ကြိုင်ကို ချစ်မိပါပြီလို့ ဝန်ခံချင်ဝန်ခံလိမ့်မယ်။ ခလေးဘက်က ကြည့်ရင်တော့ ကိုကိုမကောင်းဘူး၊ ကိုကို ခလေးအပေါ် သစ္စာမရှိဘူး။

ချစ်ပါတယ်လို့ တစ်ယောက်ကိုတစ်ယောက် မပြောခဲ့ဘူးပေမဲ့ ခလေးရဲ့လေးနက်မှု ဂရုစိုက်မှု ဆိုးနွဲ့စိတ်ကောက်မှု အဲဒါတွေကို ကိုကို ကျေနပ်ခဲ့တယ်နော်...။

ခံစားရလွန်းလို့ ခုလိုလုပ်မိတာပါ ကိုကိုရယ်...။

ကိုကို့ကို ခလေးခင်ပဲ ပိုင်ပါရစေ...။

ကိုကိုနဲ့ မခွဲပါရစေနဲ့၊ မဝေးပါရစေနဲ့။

မမနန်းနွယ်ကြိုင် အခြေအနေမှန်ကို သိပါစေတော့...။

ခလေးခင်က မျက်လုံးလေးစုံမှိတ်လျက် သီချင်းတိုးတိုးလိုက်ဆိုနေ၏။

"အန်ကယ်က ဘာပြောလဲ"

ဖွဲ့ကိုက မေးသည်။

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



ခလေးခင်က မျက်လုံးလေးဖွင့်ပြီး ပြန်မေး၏။ မကြားလိုက်လို့ပါ အတွေးများနှင့် နစ်မြောနေသည်။

"ကိုကို...ဘာမေးတာလဲ"

"အန်ကယ်...ဘာပြောလဲလို့"

"ဘယ်တော့လောက် ပြန်လာကြမှာလဲတဲ့"

ဖွဲ့ကိုရင်ထဲ လေးပင်မောပန်းသွား၏။

နန်းနွယ်ကို သူ တကယ်ပဲဆုံးရှုံးရမှာလား...။

အတွေးနှင့်အတူ လန့်လာသည်။

"ကိုကို"

"ဟင်"

"ဘာငေး ...တာလဲ ဖြေလေ"

"ဖြည်း ...ပေါ့၊ ခုမှ ဘယ်နှစ်လများ ရှိသေးလို့လဲ"

"ကိုက်...လုပ်ကိစ္စတွေ မပြီးသေးဘူးလား"

ဖွဲ့ကို ခေါင်းခါပြသည်။

ခလေးကတော့ ပြန်ချင်ပြီ ကိုကိုရယ်...။

ကြာလေကြာလေ ကိုကို့ကို ဆုံးရှုံးရဖို့ သေချာလေမို့ပါ။

စိတ်မချဘူးကိုကို...။

ခလေးရင်ထဲမှာ မီးတောက်နေပြီ။

ဖေဖေက မမေးပေမဲ့ ခလေး လုပ်ကြံပြောမိသည်။

ကိုကို မျက်နှာပျက်သွားတာမြင်ရတော့ ထင့်ခနဲဖြစ်သည်။

"ခလေးက ဖေကြီးကို သတိရလို့လား"

ဖွဲ့ကိုအမေးက ခလေးခင်၏ ရင်ထဲကို စူးအောင့်သွားစေပါသည်။ တစ်ယောက်ထဲ ပြန်သွားစေချင်တာလား အဲဒီအဓိပ္ပါယ်လား ကိုကို။

သည်မှာနေရစ်ခဲ့ဖို့ ကြံရွယ်နေတာလား။

အလုပ်ကိစ္စတွေပြီးရင် ပြန်လာရမှာမှန်ပေမဲ့ လောလောဆယ် ကိုကိုနှင့် မမနန်းနွယ်ကို ဝေးသွားစေချင်သည်။ နေ့တိုင်းတွေ့မြင်နေတော့ သံယောဇဉ်တွေ ပိုများလာမှာပေါ့၊ ခလေး...ဒါကို အရမ်း

www.burmeseclassic.com



မေကြာတ်တယ်။

"မမနှန်းနွယ် ပျင်းနေပြီလား"

လှည့်ကြည့်ပြီး မေးလာသောအခါ နွမ်းနယ်သော အပြုံးကလေးနှင့် ခေါင်းရမ်းပြမိသည်။

နန်းနွယ် သိပါပြီ ဖွဲ့ကိုရယ်။

ခလေးခင်ကြောင့် နန်းနွယ်က ခြေစုံရပ်နေသလို ဖွဲ့ကိုကလည်း ရှေ့မတိုးရဲဘူး မဟုတ်လား။

တကယ့်တကယ်ကျတော့ ဖွဲ့ကို ခလေးခင်ကို မရက်စက်နိုင်ပါဘူး။ ခလေးခင် ဆိုးနွဲ့မှုလေးတွေကို ရှန်းမထွက်နိုင်ပါဘူး။

ခလေးခင်က နန်းနွယ်ကြိုင်ကို နှုတ်က တစ်စုံတစ်ရာဖွင့်ဟ မစားမြိစ်သော်လည်း သိအောင်မြင်အောင်ပြခဲ့ပြီ။

ဖွဲ့ကို ကားမောင်းနေရင်း အသက်ရှူကြပ်သွား ဖြစ်ကာ ရင်ထဲ မောပန်းလေးပင်လာ၏။

နန်းနွယ်ရှေ့မှာ ခလေးခင်က သူ့ပခုံးကို ပိုင်ပိုင်ထားသောအခါ သူတို့နှစ်ဦးသည် မိုင်ပေါင်းများစွာ ဝေးကွာသွားရသလိုပါပဲ။

သူ့ကို မုန်းသွားမလား စိတ်နာသွားမလား။ အထင်လွဲသွားမလား အမျိုးမျိုးတွေးပူသည်။ ရတက်မအေးနိုင်...။

ချမ်းစိမ့်သောညမှာ သူ ချွေးတွေပြန်လာသည်။

သည်အဖြစ်ကို ရင်မှာ ခါးသီးလွန်းသည်။ ချက်ချင်းပဲ ရှန်းထွက် ချင်သည်။ ခလေးခင်ကို ငဲ့နေမိလို့သာ။

"ကိုကို"

"ဟင်"

"ခလေး မရှိတုန်း လိမ်လိမ်မာမာနေနော်"

"အင်း..."

ပြီး...ပြီးရော ခေါင်းညိတ်လိုက်၏။

"ကိုကို...ဘာမှာမလဲဟင်..."

"ဘာမှ မမှာပါဘူး။ ခလေးပဲ ကိုယ့်ကိုယ်ကို ဂရုစိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ပူလို့လား"

ခလေးခင်က မျက်နှာလေးရှေ့ထုတ်ပြီး သူ့မျက်နှာကို သေချာမြင်အောင် ကြည့်ကာမေးသည်။

"ဖြေလေ…ကိုကို"

"ဘာကိုလဲ"

"ဟာ…အူကြောင်ကြောင်မလုပ်နဲ့"

"ဘာမှလည်း မလုပ်ရပါလား"

"မေးတာဖြေကွာ၊ ခလေးခင်ကို ကိုကို စိတ်ပူလားလို့"

ဖွဲ့ကိုက ရယ်သည်။

ကလေးဆန်လွန်းတာလေးက ရယ်ချင်စရာပါ။

"အမှန်အတိုင်းဖြေရမလား ညာရမလား"

ခလေးခင်ကို သူ စမိ၏။ ကားကို ညင်သာစွာ ဘေးကပ်ရပ်ထားမိသည်။

"ဟင်…"

တကယ်ပဲ သူ့စကားကြောင့် ဆတ်ခနဲ ဖြစ်သွားလေသည်။

"အမှန်အတိုင်းဖြေပေါ့"

နှုတ်ခမ်းလေးစူပြီး မပွင့်တပွင့်ပြောပေမဲ့ ထိုအဖြေအတွက် စိတ်ပူနေတာက အထင်းသားပေါ်လွင်၏။

ခလေးရယ်…။

ချစ်သူတစ်ယောက်လို နန်းနွယ်ကို ကိုကိုချစ်မိပါတယ်။

ဒါပေမဲ့…။

ခလေးကိုတော့ သူငယ်ချင်းလို ညီမလေးလို အင်း…အဲဒီထက်လည်း ပိုပါတယ်။

နန်းနွယ်ကြိုင်လောက်သာ နက်နက်ရှိုင်းရှိုင်းမဟုတ်တာ၊ တခြားလူတွေထက်တော့ ခလေးအပေါ် သာပါတယ်။ ကိုကို ခလေးကို နိုးရိမ်တာပေါ့။

ကိုကို ဝန်ခံပါတယ် ခလေးရယ်…။



www.burmeseclassic.com

www.burmeseclassic.com



ညာလည်း မညာရက်ပါဘူး….။

နှင်းနွယ်ကြိုင်ဆိုတာ ကိုကို့ဘဝမှာ မရှိခဲ့စဉ်က…။

ခလေးခင်ဟာ ကိုကိုအတွက် နံပါတ်တစ်ပါ။

ကိုကိုတို့နှစ်ယောက် ပွင့်ပွင့်လင်းလင်း ချစ်သူတွေ မဖြစ်ခဲ့ကြပေမဲ့ အပြန်အလှန် နားလည်မှုတွေ ဖြည့်ဆည်းပေးမှုတွေ ဖေးမရင်းနှီးမှုတွေ ဂရုစိုက်မှုတွေ ရှိခဲ့ဖူးပါတယ်။

အတိအလင်း ချစ်သူတွေ မဟုတ်ခဲ့သေးတာကိုဘဲ ကိုကိုက အခွင့်ကောင်းယူပြီး နှင်းနွယ်ကြိုင်ကို နှင့်နှင့်နဲ့ ချစ်သွားခဲ့တာပါ။ ချစ်ခွင့် ရသွားခဲ့တာပါ။

ကိုကိုဘက်ကကြည့်ရင် ကိုကိုဘာမှ မမှားဘူးလို့ ပြောမယ်ဆို ပြောလို့ရတယ် မဟုတ်လား။

ခလေးကို ချစ်ပါတယ်လို့ ကိုကိုမှ မပြောဘူးဘဲ။

ဒါပေမဲ့ ခလေးဘက်က ကြည့်ရင်တော့ ကိုကို သိပ်လွန်မှာပါ၊ မတရားလွန်းရာလည်း ရောက်ပါတယ်။

တမင်လုပ်တာ မဟုတ်ပါဘူးကွာ။

ကိုကို့ရင်ထဲမှာ နှင်းနွယ်ကြိုင်ကို မြတ်နိုးနှစ်သက်သွားလို့ပါ၊ ပြီးတော့ ခလေးဘက်က သံယောဇဉ်နဲ့ ယုံကြည့်မှုကို ကိုကို လျှော့တွက် ထားမိတာလည်း ပါတယ်။

"ဟာ…စိတ်မရှည်တော့ဘူး။ ဒါလေးဖြေဖို့ ဒီလောက်ခဲယဉ်းနေလဲ နေပါစေတော့ ကိုကို။ ခလေး မေးခွန်းကို ပြန်ရုပ်သိမ်းပါတယ်"

အသံမာဆတ်ဆတ်ကလေးကြောင့် ဖွဲ့ကိုအတွေးတွေ ပြတ်တောက်သွားရသည်။

"ကဲပါ…မောင်းတော့လေ မဖြေနဲ့တော့"

ဖွဲ့ကို ရယ်မိ၏။ ခလေးခင် မျက်စောင်းကလေးက သူ့ကို ပေါ့ပါးလန်းဆန်းစေသည်။

"ဖြေမှာပါ မဖြေဘူးလို့ မပြောမိပါဘူး"

"ဒါဆို ဖြေ…မြန်မြန်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုမပါဘဲ သွားမဲ့ခရီးအတွက် ခလေးခင်ကို ကိုကို အရမ်းစိတ်ပူတာပေါ့"

ခလေးခင်၏ မျက်နှာလေး လင်းခနဲ လက်ဖြာတောက်ပသွားရသည်။ အတိုင်းမသိ ကြည်နူးသောအပြုံးကလေးက နှုတ်ခမ်းပေါ်တင်ဟပ်လာသည်။

နန်းနွယ်ကြိုင်က ကားရပ်ထားပြီး စကားဆိုနေသော သူတို့နှစ်ယောက်ကြောင့် အနေခက်စိတ်ပျက်ရပါသည်။

လိုက်မလာမိလျှင် အကောင်းသားဟု တွေးမိသည်။

နန်းနွယ်ကြိုင်သာ ကားထဲပါမလာလျှင် ဖွဲ့ကို ခလေးခင်ကို ဘယ်လိုဆက်ဆံမှာလဲ။ ပခုံးလေးဖက်ထားမှာလား နဖူးလေး မွှေးရှိုက်မှာလား။

နန်းနွယ်က ရှင်တို့အတွက် အနှောင့်အယှက် သက်သက်များလား။

ထိုအတွေးက နှလုံးသားကို နာကျင်ကျရှုံးစေပါသည်။

ကိုကို့ပခုံးစွန်းမှ ခေါင်းလေးခွာလျက် ကားကူရှင်နောက်မှီကို မှီချလိုက်ရင်း ချိုသောအပြုံးနှင့် ငြိမ်သက်နေမိသည်။

"ကဲပါ...ကိုကို၊ မောင်းတော့လေ မမနန်းနွယ်ကို အားနာစရာ ဟင်း...ဟင်း"

ရယ်သံတိုးတိုးကလေးက ရှက်ရိပ်တစ်ဝက် ကြည်နူးရိပ်တစ်ဝက်ဖွဲ့ကို သက်ပြင်းရှိုက်မိသည်။

ခုမှပဲ အသက်ရှူချောင်တော့သည်။

ကပ်သီးကပ်သပ် နိုင်လွန်းသော ပိုင်စိုးပိုင်နင်းရှိလှသော ခလေးခင်ကို သူ စိတ်လည်းပျက်မိသည်။ သနားလည်း သနားသည်။

ကားကို ညင်သာစွာမောင်းလာရင်း နန်းနွယ်ကြိုင် မျက်နှာလေးကိုနောက်ကြည့်မှန်ထဲက ခိုးကြည့်မိသည်။

ခလေးခင်က လှစ်နေအောင် ပါးတာမို့ ကိုကို မမနန်းနွယ်ကိုလှမ်းကြည့်လိုက်တာ မြင်ဖြစ်အောင် မြင်ပါသည်။

ကိုကို...။

ခလေး နည်းနည်းအချင်တယ်, သိလား...။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလောက် မလျှင်ချင်တော့ဘူး၊ မပါးနပ်ချင်တော့ဘူး…။

တုံးတုံးအအ မိန်းမတစ်ယောက်ဆို ကောင်းမယ်။

ကိုကိုစိတ်ကို ကိုကို့အကြည့်ကို ကိုကို့နှလုံးသားကို ကိုကိုအပြုအမူကို ကိုကို့မျက်လုံးတွေကို အသေးစိတ် အနုစိပ် သရုပ်ခွဲကြည့်တတ်အောင်ကို ခလေးက တော်နေပါရောလား။ အဲဒါကြောင့် စိတ်ညစ်ရတာ ဝမ်းနည်းရတာ။

သူ့ကို တွေတွေငေးငေးကလေး စိုက်ကြည့်နေသော ခလေးခင် မျက်လုံးများနှင့် တစ်ချက်ဆုံမိသောအခါ ဖွဲ့ကို ကြိုးစားပြုံးပြရပါသည်။ နန်းနွယ်ကို သူ ကြည့်လိုက်တာ ခလေးမြင်သည်။

ခက်ပါလားကွာ…။

သူ့အခြေအနေက လူပ်လေမြုပ်လေဖြစ်နေပြီလား။ သူက နန်းနွယ်ကို နှစ်သက်မှန်းသိလေ ခလေးခင်က နန်းနွယ်ကြိုင်ရှေ့မှာ သူ့ကို ပိုတွယ်ကပ်လေ၊ ပိုင်ဆိုင်ကြောင်းပြချင်လေ။ သူ ရုန်းမရလေ ရှင်းမရလေပါပဲ။

နန်းနွယ်ကြိုင်က မျက်နှာလေး ပျက်နေသည်။

သူ့ကို စိတ်ဆိုးသွားပြီလား စိတ်နာသွားပြီလား…။

သည်တစ်ခါတော့ ခလေးခင်က သူ့ကို ငြိမ်ငြိမ်သက်သက် ကြည့်နေပြီး စကားတစ်ခွန်းမှမဆို။

ဘာတွေ စဉ်းစား ကြံစည်အကွက်ချနေပါလိမ့်။

ဖွဲ့ကို လန့်နေမိတော့သည်။

ခလေးခင်၏ စိတ်ကို သူက ကောင်းကောင်းကြီး သိထားသည်။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



သူ ဖုန်းဆက်တော့ နန်းနွယ်ကြိုင်က လာကိုင်သည်။

ဖွဲ့ကို တစ်ချက်စဉ်းစားနေမိသည်။

"ဟယ်လို..."

စိတ်မရှည်သံလေးနှင့် ထပ်ထူးသည်။

"နန်းနွယ်လား"

နန်းနွယ်ကြိုင် ချက်ချင်းပဲ နှုတ်ဆိတ်သွား၏။

ဖုန်းမြည်သံက တော်တော်နှင့်ရပ်မသွားတာမို့ ဒေါ်လေးမိနှင့် ခလေးခင်တို့ မအားလပ်ဘူးဘဲဟု နားလည်ကာ လာထူးမိတာပါ။ သူမှန်း သိလျှင် နန်းနွယ်မပြောချင်။

"နန်းနွယ်"

'ဟုတ်ကဲ့. ခလေးခင် ရေချိုးနေလား မသိဘူး'ဟု ဆိုမိသည်။ နန်းနွယ်ဆီ သူ ဖုန်းဆက်စရာမလို။

ညက မြင်ကွင်းသည် နှလုံးသားမှာ ပုံရိပ်ထင်နေသည်။ ထို နာကျင်မှုကို နောက်နောင် မကြုံချင်တော့ပါ။

"ဟုတ်လား...ကျွန်တော် စကားပြောချင်လို့"

www.burmeseclassic.com

www.burmeseclassic.com



"ခဏလောက်ကြာရင် ပြန်ဆက်ပေါ့"

"ကောင်းပါပြီ"

နန်းနွယ်၏ စိတ်ဆက်မာကျောသော အသံအေးအေးသည် ဖွဲကိုကို တော်တော်ကလေး ထိသွားစေသည်။

ဖုန်းကို ချက်ချင်းချပစ်သည့်အထိ သူ ပေါက်ကွဲသွားမိ၏။

နန်းနွယ်က ဖုန်းခွက်ကို အသာပြန်တင်ထားရင်း ပင့်သက်မှျင်းမှျင်းချမိသည်။

သူကပဲ စိတ်ဆိုးရသတဲ့လား။

ရှိပါစေတော့။

ခွင့်လွှတ်လိုက်ပါ့မယ်။

နောက်ဆုတ်စွန့်လွှတ်ဖို့ ပြင်ဆင်ပြီးမှတော့ ပြတ်ပြတ်သားသားပဲ လမ်းခွဲနှုတ်ဆက်ရအောင်။

သံယောဇဉ်တွေ မချန်ရစ်ချင်ဘူး။

မုန်းသွားကြမယ်ဆိုလည်း ပြီးကာပါပဲ။

စိတ်နာနာနဲ့မေ့နိုင်မယ်ဆို ပိုသက်သာမှာပါ။

"မမနန်းနွယ်"

"ဟင်..."

ခလေးခင်က ဘေးမှာလာရပ်ပြီး စူးစိုက်ကြည့်တာမို့ စိုစွတ်နေသော မျက်လုံးတွေကို တန်းခနဲ မြင်တော့သည်။

"ခလေး...ဖုန်းလား"

"ဟုတ်တယ်၊ ခဏကြာရင် ပြန်ဆက်မယ်တဲ့"

"ကိုကိုလား"

မေးသာမေးရတာပါ။ မမနန်းနွယ် အမူရာက သိသာပြီးသားပါ။

ကိုကိုနှင့် မမနန်းနွယ် ဘာဖြစ်ကြတာပါလိမ့်...။

မမေးမိအောင် နေလိုက်သည်။

တစ်ခါတလေ သိချင်တာကို မမေးဘဲ နေနိုင်အောင် ကြိုးစားချင်သည်။ သိပ်လိုချင်မက်မောနေတာကိုတောင် စိတ်ပျော်ခြင်းတစ်ဝက်



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်ခြင်းတစ်ဝက်နှင့် စွန့်လွှတ်ချင် စွန့်လွှတ်ရဦးမှာ။ ခုကတည်းက ခံနိုင်ရည်ရှိထားတာ မမှား…။

ချက်ချင်းလိုပဲ ဖုန်းသံက ပြန်မြည်သည်။

ခလေးခင်က နန်းနွယ်ကြိုင်ကို တစ်ချက်ကြည့်ပြီး ကောက်ယူထူးလိုက်၏။

"ဟုတ်ပါတယ် ကိုကို"

နန်းနွယ်ကြိုင်က ခလေးခင်အနားမှ လှည့်ထွက်ခဲ့သည်။

"ပြောလေ…ကိုကို"

ခလေးခင်အသံလေးကိုတော့ ကြားနေရသေးသည်။

"အင်းလေ…ဒီနေ့သွားမှာပဲ"

ဖွဲ့ကိုက ခလေးခင်ကို ပြောထွက်ဖို့ ဖွတ်မိုတ်ကြိုးစားမိပါသည်။ သူ့မှာ ဆက်လက်သည်းခံနိုင်စွမ်းတွေ မရှိတော့ပါ။

သူက ယောက်ျား ပြတ်သားရမှာက သူပါ။

နန်းနွယ်က သူ့ကို စကားပင် မပြောတော့။

ဒါကို သူ ကြိတ်မှိတ်မခံစားနိုင်။

"ခလေး"

"ဟင်…ပြောပါ ကိုကိုရဲ့၊ ဘာလဲ…"

"ခလေး သေချာနားထောင်ပေးပါ"

ကိုကို့စကားကြောင့် ခလေး ထင့်ခနဲဖြစ်ရသည်။

"ကိုကိုနဲ့ခလေးနဲ့ ဘယ်တုန်းကမှ ချစ်သူတွေ မဟုတ်ခဲ့ဘူးနော်၊ ကိုကို ခလေးခင်နဲ့ မိတ်ဆွေသူငယ်ချင်းလိုပဲ ခင်ခဲ့တာ"

ဖွဲ့ကိုစကားက ခလေးခင်ကို အနေကျို့သိမ်ငယ်သွားစေပါသည်။

ဘယ်လိုပြောလိုက်တာလဲ ကိုကိုရယ်…။

ရင်ထဲမှာ အဆံမတန် မွမ်းကြပ်နာကျင်သွား၏။

"တော်ကြာ…သူများတွေ တမျိုးထင်မှာစိုးလို့"

"နန်းနွယ်ကြိုင်က အထင်အမြင်လွဲပြီး နောက်ဆုတ်နေတာ မဟုတ်လား၊ တဲ့တိုးပြောပါ ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ခလေးနဲ့ကိုကိုက ရင်းနှီးတော့ ခလေးကို ထိခိုက်နစ်နာမှာလည်း စိုးတယ်"

ဘီခန်းလေးကိုမှီရင်း ဆက်နားထောင်နေလိုက်၏။

"ခလေး"

တစ်ဘက်က တိတ်ဆိတ်လွန်းတော့ ဖွဲ့ကို ခေါ်ကြည့်သည်။

"ဟယ်လို...ဟယ်လို၊ ခလေး"

"ပြောပါ ကိုကို၊ ခလေး နားထောင်နေပါတယ်"

"အထင်လွဲခံရတယ်ဆိုရင် နှစ်ယောက်စလုံးအတွက် မကောင်းဘူး လေ၊ အဲဒါပါ။ တခြားတော့ ဘာမှပြောစရာ မရှိပါဘူး"

ဖွဲ့ကိုဘက်က . တိတ်ဆိတ်သွားတော့ ခလေးခင်က ဖုန်းခွက်ကို ခဏကိုင်ထားပြီး နားစွင့်မိသေး၏။

ပြီးမှ အသာချလိုက်၏။

ထိုအခိုက်အတန့်ကလေးမှာပဲ ခလေးခင်၏ ဘဝတွင် ဖွဲ့ကိုဆိုသော လူတစ်ယောက် မရှိနိုင်တော့တာ သိလိုက်၏။

ဘယ်သောအခါမှ ခလေးခင်ရဲ့ ကိုကို မဖြစ်နိုင်တော့ပါဘူး...။

သည်လောက်ပြောရက်မှတော့ ပြောနိုင်မှတော့ ခလေးခင်ရဲ့အချစ်တွေအားလုံး ကိုကိုနဲ့မတန်တော့ပါဘူး၊ မထိုက်တော့ပါဘူး။

ခလေး ကိုကို့ကို စွန့်လွှတ်ပါ့မယ်။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



ခလေးခင် ကျိုက်ထီးရိုးဘုရားသွားနေချိန်မှာ ဖွဲ့ကို နန်းနွယ်ကြိုင်ဆီ ရောက်လာခဲ့ပါသည်။

သူ့ကို လိုအပ်တာကူညီဖို့ ခလေးက မှာသွားခဲ့သည်။

ခလေးက သူ့ကို တော်တော်ကလေး နက်နက်ရှိုင်းရှိုင်း မြတ်နိုးပုံပါ။ ဒါကို သူလည်းသိမှာပါ။

နန်းနွယ်က သူ့အတွက် ကော်ဖီနှင့်မုန့်ယူလာပေး၏။

"ကျွန်တော် နန်းနွယ်နဲ့ စကားပြောချင်တယ်"

"ဟင်"

"ဟိုတုန်းကလို ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး စကားပြောချင်တယ်၊ ခလေးခင်နဲ့ မရောထွေးခင်အထိ စတွေ့တွေ့ချင်းတုန်းကလို ဆက်ဆံရေးပေါ့ဗျာ"

ဖွဲ့ကိုကို နန်းနွယ်ကြိုင်က စူးစိုက်ကြည့်ပြီး နှုတ်ခမ်းလေး တင်းတင်းစေ့သွား၏။

မဖြစ်နိုင်တော့တာကို တောင်းဆိုနေပါလား။

ခလေးခင် မရှိချိန်ခဏမှာ သူက နန်းနွယ်ကြိုင်ကို ရင်းရင်းနှီးနှီး

www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ချင်တာများလား။

"ကျွန်တော်..."

နန်းနွယ်က ဖျတ်ခနဲမတ်တတ်ရပ်ပြီး လှည့်ထွက်သွားတာကြောင့် ဖွဲ့ကို စကားစရှိနှင့် ရပ်လိုက်ရသည်။

"နန်းနွယ်"

"ရှင်ဘာမှ မပြောရင်ကောင်းမယ်"

"ဗျာ"

ခပ်လှမ်းလှမ်းမှာ ခြေစုံရပ်လျက် သူ့ကို ကျောပေးထားကာ လှည့်မကြည့်ဘဲ တားမြစ်မိပါသည်။

"ရှင်နဲ့ခလေးခင်နဲ့ အခြေအနေကို မြင်ပါတယ်။ သိပါတယ်၊ ကျွန်မ ရှင့်ကို စိတ်မဆိုးချင်ဘူး။ ကျွန်မ့ကို မနှောင့်ယှက်ပါနဲ့"

"ဘာမြင်တာလဲ"

"အမှန်တရားပေါ့"

ဖွဲ့ကိုက ဝုန်းခနဲ နန်းနွယ်ကြိုင်ရှေ့ ရောက်သွားမိ၏။

"အမှန်တရား ဟုတ်လား။ ခလေးခင် ကျွန်တော့်ကိုမှီတာ အမှန်တရားလား။ ခင်ဗျား အထင်လွဲနေပြီ။ အမှန်တရားကို ခင်ဗျား သိပါတယ်။ ကိုယ့်ရင်ထဲက အမှန်တရားကို ကိုယ်တိုင်အသိဆုံးပဲ၊ ခင်ဗျား မညာချင်ပါနဲ့၊ ရှောင်မထွက်ပါနဲ့၊ ကျွန်တော့်ကို စကားပြောဖို့ သတ္တိမရှိဘူးလား။ ကြောက်နေလား"

ရှင်တော်တော်ဆိုးပါလား ဖွဲ့ကိုရယ်။

"ပြောစရာ ဘာမှ မရှိဘူး"

"ရှိတာပေါ့။ ကျွန်တော့်ရင်ထဲ ဘာရှိသလဲ ခင်ဗျား သိပါတယ်ဗျာ၊ ခင်ဗျားမျက်လုံးတွေကိုလည်း ကျွန်တော် နားလည်နေတယ်။ ခလေးနဲ့ မပတ်သတ်ခင်က ခင်ဗျား ဒီလို မဟုတ်ဘူး။ ခလေးနဲ့ သိနေတယ်ဆိုမှ ခင်ဗျား ပြောင်းလဲသွားတာ အဲဒါ ဝန်ခံရဲစမ်းပါ"

နန်းနွယ်ကြိုင်က နှုတ်ခမ်းလေးကိုက်ပြီး ခေါင်းမော့လိုက်၏။ ဘာလို့အကြပ်ကိုင် မေးခွန်းတွေလာထုတ်နေရတာလဲ။ ရှောင်ပိတ်ဖမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရိုက်မလို့လား…။

"ခလေးနဲ့ပတ်သတ်နေမှတော့ ရှင့်ကို ခလေးရဲ့မိတ်ဆွေတစ်ယောက်လိုပဲ ဆက်ဆံနိုင်မှာပေါ့၊ အဲဒါ ဘာဖြစ်လဲ"

"နန်းနွယ်"

ဖွဲ့ဂိုက နန်းနွယ်ကြိုင်ပခုံးနှစ်ဘက်ကို တင်းတင်းဆုပ်ကိုင်ပြီး မျက်လုံးချင်း ဆုံကြည့်သည်။

"ခုမှ သတ္တိတွေလာရှိမနေနဲ့ ရှင့်ကို အထင်သေးပြီးရင်း သေးရင်းပဲ၊ ဟိုနေ့ညက ရှင် မရုန်းထွက်ရဲပါဘူး။

ရှင့်ရင်ထဲမှာ ဘာရှိလို့ ခလေးရှေ့မှာ ဖွင့်ဟဝန်ခံရဲတဲ့သတ္တိ၊ ရုန်းထွက်ရဲတဲ့သတ္တိ ရှိခဲ့လို့လား"

နန်းနွယ်ကြိုင်က စူးရှသောစကားလုံးတွေကို ဖွဲ့ဂို မယုံနိုင်လောက်အောင် အံ့အားသင့်သွားရပါသည်။

ထိတ်ခနဲလည်း ဝမ်းသာမိသည်။

အလွန်အမင်းလည်း စိတ်မကောင်းဖြစ်ရသည်။

ဒေါသလည်းထွက်မိသည်။ ခံစားချက်တွေ ရှုပ်ထွေးသွား၏။

နန်းနွယ်ကြိုင်လည်း ကိုယ့်အသံတွေ ကိုယ်ပြန်ကြားပြီး ကြောက်လန့်တုန်လှုပ်လာသည်။

သည်လိုစကားတွေ နန်းနွယ်နှုတ်ဖျားက ပြောမိသတဲ့လား။ ပြောထွက်သတဲ့လား။

ဘာတွေ ဖြစ်ကုန်ပါလိမ့်…။

နှလုံးသားက နာကျင်မှုနှင့် ပွင့်အံလာသံတွေကို ကိုယ်တိုင်ပင် မကြားရဲပါ။

သူ့ကို အဲဒီလို ပြောဖြစ်လိမ့်မည်ဟု တစ်သက်လုံး မထင်ထားခဲ့ပါ။ ဝေးကြဖို့ပဲ အံကြိတ်တွေးထားခဲ့တာ။

ခလေးခင်ဆီက သူ့ကို နန်းနွယ် ဆွဲမယူချင်ပါ။

ယတိပြတ် ဆုံးဖြတ်ထားခဲ့သည်။

သို့သော် သူ့မျက်လုံးတွေနှင့် ဆုံမိခိုက်မှာ…။



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှ ထိန်ချန်ချုပ်ထိန်းမရ ပွင့်ထွက်ကုန်သည်။

"ကောင်းပြီလေ၊ ကျွန်တော် နားလည်ပြီ"

ဖွဲ့ကိုက သူ့မပခုံးတွေကို ဖြေလွှတ်ပြီး ခြေလှမ်းကျဲနှင့် ခုံမှာသွားထိုင်သည်။

သူ့ကို နန်းနွယ် လှည့်မကြည့်ရဲပါ။

ဘာလို့ ကိုယ်လိုချင်တာကို သူ့ဆီက တောင်းမိသလဲ…။

မဟုတ်သေးပါဘူး…။

နန်းနွယ် မှားသွားပြီလား။

တွယ်တာစရာ ဘာမှမရှိတော့လည်း တွယ်တာမိသူကို ပိုင်ဆိုင်ချင်စိတ်တွေနှင့် ရှုံးသွပ်မွန်းကြပ်နေရပါပြီ။

"စောစောကတည်းက အဲဒီလိုပြောလိုက် ပြီးရော"

"ရှင် နားလည်မှု လွဲနေပြီ"

"ဘယ်လို"

"ကျွန်မ ခလေးခင်ကို ညီမအရင်းလိုချစ်တယ်၊ သူ့ကို ဘာကြောင့်မှ စိတ်မဆင်းရဲစေချင်ဘူး၊ အဲဒါ ရင်ထဲက စကားပဲ"

"ခလေးခင် စိတ်ချမ်းသာဖို့ ခင်ဗျားက စိတ်ဆင်းရဲခံနိုင်ပေမဲ့ ကျွန်တော်က ဘာလို့ စိတ်ဆင်းရဲခံရမှာလဲ"

"ရှင်တို့ အစကတည်းက ပြေလည်ပြီးသားပါ"

နန်းနွယ် စွပ်စွဲတာကို သူ မငြင်းနိုင်…။

"ပြေလည်တာ မဟုတ်ပါဘူး"

"သိပါတယ် မြင်လည်းမြင်ပါတယ်"

"ခင်ဗျား မြင်တာက ခလေးခင် တမင်ရွဲ့တာကိုပါ"

"ဘာပဲဖြစ်ဖြစ်လေ ရှင်လဲ ကျေနပ်နေတာပဲ"

"လုံးဝ မဟုတ်ဘူး"

ဖွဲ့ကို စိတ်ကိုလာရသည်။

"ကျွန်တော်ကတော့ ကျွန်တော်စိတ်ချမ်းသာဖို့ပဲ တွေးတော့မယ်၊ အတ္တကြီးတယ်ပဲ ပြောပြော"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ရှင့်ကို လုံးပ လက်ခံမှာမဟုတ်ဘူး"

ဖွဲ့ဂိုက နန်းနွယ်ကြိုင်ကို အေးစက်စက်ကြည့်သည်။

"ဒါဆို စောစောက သတ္တိမရှိဘူးလို့ ဘာလို့ပြောတာလဲ၊ ခင်ဗျား အမျိုးမျိုးပဲဗျာ"

နန်းနွယ်ကြိုင်က သူ့ရှေ့မှာ လာထိုင်သည်။

"ကော်ဖီသောက်ပါ"

"တောက်..."

ဖွဲ့ဂို မကျေမနပ်ဖြစ်သံက ညည့်ခန်းထဲ ဟိန်းသွား၏။

အရေးမကြီးတာကို အရေးကြီးချိန်မှာ ရှေ့တန်းလာတင်သည်။ ကော်ဖီသောက်တာ မသောက်တာ အရေးလား။ တစ်ခါတစ်ခါ သူ ချစ်မိသော မိန်းမသည် သူ့ကို အရူးကို အရူးကို ဒေါင့်သက်သွားအောင် လုပ်တတ်လွန်းပါသည်။

နန်းနွယ်ကြိုင်က သူ့မျက်နှာပျက်သွားတာ၊ ပြီးတော့...စိတ်တိုသွား တာ မကျေမနပ်ဖြစ်သွားတာကို ငေးကြည့်နေမိသည်။

နောက်ဆို သည်လိုဟန်ပန်တွေကို ကြည့်နေခွင့်တောင် ရှိမှာ မဟုတ်၊ ဝေးကြရမှာပဲ မဟုတ်လား။

မြင်တွေ့ခွင့်ရချိန် ခဏလေးမှာ ကိုယ့်အပေါ်စိတ်ဆိုးဒေါသဖြစ်သွား တာကိုလည်း ကြိုဖူးချင်ပါသည်။

"ရှင်းရှင်းပဲမေးမယ်၊ ခင်ဗျား ကျွန်တော့်ကို ချစ်လား အမှန်အတိုင်း ပြောဗျာ"

"ခလေးမရှိတုန်းမှာ အခွင့်အရေးယူတယ်ပဲ ထင်ချင်ထင်။ ကျွန်တော့်အတွက် သည်အခွင့်လမ်းက ရခဲပါတယ်။ ကျွန်တော် ရှင်းရှင်း သိချင်တယ်"

နန်းနွယ်ကြိုင် မျက်နှာလေးရဲလျက် အနေခက်သွားသည်။

"ပြောပြီးသားပဲ၊ ခလေးခင် ငြိုငြင်မယ့်ကိစ္စမျိုး ရှေ့မတိုးပါဘူးဆို ဒီထက်ရှင်းအောင် မပြောတတ်တော့ဘူး"

"တော်ပြီဗျာ...မမေးတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက်စွာဆိုပြီး ကော်ဖီခွက်ကို ကောက်ယူသည်။

"ကော်ဖီသောက်တာပဲ...ကောင်းတယ်"

"ပြောသားပဲ ခုနကတည်းက..."

"ကျွန်တော်ကတော့ ခင်ဗျားကို ချစ်တယ်၊ ရအောင်လည်း ကြိုးစားမယ်"

သူ့စကားကြောင့် နန်းနွယ်ကြိုင် မျက်လုံးလေး ပြူးသွားရသည်။

ခလေးခင်နှင့် ပြဿနာ မဖြစ်ချင်ပါ။

စိုးရိမ်စိတ်နှင့် လန့်ဖြန့်လာ၏။

ဖွဲ့ဂိုက တားလို့ဆီးလို့ ရပါ့မလား...။

နန်းနွယ် နှုတ်ကလည်း လွှတ်ခနဲ ပြောမိသည်။

ခုမှတော့ ဘယ်လိုဖာထေးဖာထေး ပြန်နှုတ် ဆက်လိမ်ညာလို့ မရနိုင်တော့ပါ။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



ထူးထူးခြားခြား မနက်စောစော သူတည်းနေသော တည်းခိုခန်း၏ အခန်းလေးထဲအထိ ဖုန်းမြည်လာသောအခါ ဖွဲ့ကို အံ့အားသင့်ရပါသည်။

အလုပ်ကိစ္စတွေဆို ကုမ္ပဏီရုံးခန်းရောက်မှ ဖုန်းဝင်တတ်တာ သည့်လိုအချိန် သူ့ဆီဖုန်းဝင်တာ အင်မတန်နည်းသည်။

ဘယ်သူများလဲ...။

ခလေးခင်၏ ဖေဖေလည်း သည်အချိန် မဆက်တတ်ပါ။

နန်းနွယ်များဖြစ်မလား...။

သိပ်မထင်ပါ...။

မနက်စောစောဆို သူက မုန့်စားဖို့ အပြင်ထွက်တတ်တာများတော့ သူ့အခန်းကို ဖုန်းဘယ်သူမှ မဆက်ပါ။

ရေချိုးခန်းထဲက ထွက်လာပြီး ရှားရှားပါးပါးဖုန်းကို ကောက်ယူ ထူး၏။

"ဟယ်လို..."

"ကိုကိုလား..."

ခလေးခင်၏ အသံလေးကြောင့် ဖွဲ့ကို တစ်ချက်ပြုံးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဂရုအစိုက်ဆုံး သူတစ်ယောက်ဟာ ခလေးခင်ပါပဲ…။

ဒါကို သူ မငြင်းနိုင်ပါ။

နန်းနွယ်ကြိုင်ကတော့ ရှောင်ဖယ်ဖို့ကြိုးစားနေသူ…။

"ကိုကို ဂွတ်ဒ်မောနင်းနော်"

"အင်း…ဘယ်ကနေ ဆက်တာလဲ"

"အိမ်ကပေါ့"

"ပြန်ရောက်ပြီလား"

"မနေ့ကတည်းက"

"ဟုတ်လား…မတွေ့ပါလား"

ခလေးခင်က ညှင်းသဲ့သဲ့ရယ်သည်။

မမနန်းနွယ်ကြိုင်နှင့် ခြံထဲမှာစကားပြောပြီး ပြန်သွားတာကို ခလေးခင် နှစ်ရက်တိတိမြင်ပြီးသားပါ ကိုကိုရယ်။

ကိုကို့ရင်ထဲကို ဝင်ကြည့်နားလည်ပေးလိုက်ပါပြီ…။

ခလေးပြန်ရောက်နေတာကို ပြောမပြဖို့ မမနန်းနွယ်ကို ပိတ်ထားခဲ့တာလည်း ကိုကို့စိတ်ကို ပိုပြီး မြင်အောင်လို့ပါ။

"ကိုကို…"

ခလေးခင်၏ ခေါ်သံတိုးတိုးကလေးကြောင့် ဖွဲ့ကို တစ်မျိုးဖြစ်သွားရသည်။ ဘာကိုမှန်းမသိ စိတ်ပူသွား၏။

"နေမကောင်းဘူးလား"

"ကောင်းပါတယ်ကိုကို"

ကိုကို့ကို သေချာပေါက် ဆုံးရှုံးရတော့မယ်လို့သိတော့…

ခလေးကိုယ်တိုင် အဆုံးရှုံးခံတော့မယ်လို့ ဆုံးဖြတ်မိတော့ တစ်ခါတော့ ကိုကို့အတွက် ငိုပေးလိုက်ပါတယ်။

အမှတ်တရပေါ့ ကိုကိုရယ်။

ကိုကို့အတွက် ခလေးမျက်ရည်တွေ အမှတ်တရ ပေးခဲ့ပါရစေ ခွဲရတော့မယ် ကိုကို…။

ခလေးပေးတာက မျက်ရည်တွေပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကိုကို့အဖို့တော့ ချိုမြိန်တဲ့ ပျားရည်တွေလည်း ဖြစ်ချင်ဖြစ်မယ်။ အေးချမ်းတဲ့ ဆီးနှင်းတွေလည်း ဖြစ်ချင်ဖြစ်မယ်…။

"ခလေး…"

"ဟင်…"

"မုန့်စားသွားဖို့ လာခေါ်ရမလား"

ခလေးခင်က တုန့်ပြန်စကားမဆို…။

ကိုကိုက ပွင့်ပွင့်လင်းလင်း နှင်ထုတ်မယ့်အချိန်ထိ ခလေး မစောင့်ချင်တော့ပါဘူး။

မနှင်ခင်က ပြန်ပါ့မယ်…မပြောခင် ကြိုတင်ရှောင်တိမ်းပါရစေ။

ခလေးချစ်ရတဲ့ ကိုကို့နှုတ်ဖျားက အမုန်းစကားအမျက်စကားကို မကြားပါရစေနဲ့။

"ဟေ့…ဘာလို့ ငြိမ်နေတာလဲ၊ ဘယ်လိုအနိုင်ကျင့်ရမလဲ စဉ်းစားနေတာလား"

ဖွဲ့ဂိုက ရွှင်ရွှင်မြူးမြူးပဲ မေးလိုက်၏။

ခလေးခင်အသံလေးကြားရတော့လည်း သူ စိတ်ထိခိုက်မိဟာ အမှန်ပါ။ နောက်ဆို ဟိုတစ်နေ့ကလို စကားတွေ မပြောမိအောင် သူ ကြိုးစားတော့မည်။

နှုန်းနွယ်ကြိုင်က သူ့ကို စကားမဆိုနိုင်လောက်အောင် ဖြစ်သွားသောအခါ သူ ဝုန်းဒိုင်းကြဲပစ်ချင်အောင် ခံစားရလျက် မဆီမဆိုင် ခလေးခင်ကို ရမ်းမိပါသည်။

"ကိုကို နေကောင်းရဲ့လား"

"ကောင်းတာပေါ့ တစ်ခါမှ မဖျားဖူးဘူး"

"အဟင်း…"

ခလေးခင်က ဖုန်းခွက်ကလေးကို ရင်ဘတ်မှာ တင်းတင်းကပ်ထားမိသည်။

ခလေးဟု ကိုကိုခေါ်သံကို ရင်ထဲက နားထောင်မိသည်။

"ခလေး၊ ဟိတ်…ခလေး ဟယ်လို…ဟယ်လို…"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းခွက်ကို နားမှာပြန်ကပ်ပြီး ခလေးခင် ရယ်မိသည်။

"ဖုန်းဆက်ပြီး စကားမပြောတာ ဘာသဘောလဲ"

"ပြောနေသားပဲလို့ ကိုကို"

"ဟင်..."

"ခလေးလို့ ငါးခါ တိတိခေါ်ကွာ"

"ဘာ..."

စောစောစီးစီး သူ့ကို ရှိကျပြန်ပြီဟု သိလိုက်၏။

သို့ပေမဲ့ ကျေနပ်အောင် ခေါ်ပေးလိုက်သည်။

ခလေးဟု ငါးကြိမ်တိတိခေါ်တာကို ငြိမ်သက်နားထောင်နေ၏။ သူ ခလေးနှင့် မပြေမလည် မဖြစ်ချင်ပါ။

"ရပြီကိုကို..."

"နောက်ထပ် ငါးခါ ခေါ်ရဦးမလား"

ရပါပြီ ကိုကိုရယ်...။

ကိုကို့ခေါ်သံကို ဘယ်လောက်ဝေးဝေး ကြားနေတော့မှာပါ။ ရင်ထဲမှာ သိမ်းထားလိုက်ပြီ။

ခလေး ကျေနပ်ပါတယ်။

"ကိုကို..."

"ပြော..."

"ခလေး ဖေဖေ့ကို သတိရလို့ ပြန်တော့မယ်"

"ဟင်..."

ဖွဲကို ခုမှ မျက်လုံးကျယ်သွား၏။

နားကြားလွဲတာ မဖြစ်နိုင်ပါ။

"ကိုကို ဖေကြီးကို ဘာမှာဦးမလဲ"

"ခလေးက တစ်ယောက်တည်း ပြန်မှာလား"

ခလေးခင်က မျက်လုံးလေးစုံမှိတ်ထားမိ၏။

အံ့ဩသွားတာလား၊ ဝမ်းသာသွားတာလား။

"မဟုတ်ဘူး ကိုကို၊ ဗညားနီ လာခေါ်လိမ့်မယ်။ ခလေးဖုန်းဆက်



www.burmeseclassic.com

www.burmeseclassic.com



ထားတယ်၊ ဖေကြီးက ဗညားကို လွှတ်လိုက်မယ်တဲ့"

ဖွဲ့ကို ဘာပြောရမှန်း မသိတော့ပါ။

ခလေးခင်၏ ဆုံးဖြတ်ချက်က မြန်ဆန်သလောက် ပြတ်သားသည်။ သူ့စကားတွေကြောင့်များလား။

"ကိုကို ခလေး နောက်ထပ် မဆက်တော့ဘူး၊ ဒီနေ့ဗညားရောက်မလားမသိဘူး။ ဘုရားဖူးမသွားခင် ခလေး ဖုန်းဆက်ထားတာ"

"ခလေး..."

ဖွဲ့ကိုက ပြောစရာတွေရှိသလို ခပ်လောလော ခေါ်မိသည်။

"ကျေးဇူးပြုပြီး ဘာမှ မပြောပါနဲ့တော့ ကိုကို"

ခလေးခင်က တိုးတိုးတောင်းပန်သည်။

ခလေးရင်ထဲမှာလည်း ပြောချင်တာတွေ အများကြီးပါ။ အဲဒါတွေ အားလုံး မျိုသိပ်ပြီး သိမ်းထားနိုင်သလို ကိုကိုလည်း မျိုသိပ် ထားလိုက်ပါတော့။ ကိုကို့ဆီက ဘာမှ ခလေး မကြားချင်တော့လို့ပါ။

ဘာမှလည်း မလိုချင်တော့ဘူး ကိုကို။

အချစ်ဆိုတာကို မပေးနိုင်မှတော့ တောင်းပန်စကားတစ်ခွန်း နှစ်သိမ့်စကားတစ်ခွန်းလည်း မလိုပါဘူး။

ဖွဲ့ကို နှုတ်ဆိတ်သွားရသည်။

ခလေးခင်က ဖုန်းချသွား၏။

ဖုန်းကို ပြန်ခေါ်ဖို့ပြင်ပြီးမှ ခလေးခင်ဆီသွားတွေ့ဖို့ စိတ်ကူးသည်။ သူ့ကို လုံးဝ အတွေ့မခံတော့ဘူးဆိုတာ သူ မသိသေးပါ။

ဗညားရောက်လာပြီး၊ ခလေးခင်ကို ခေါ်သွားဖို့စီစဉ်နေတာကို ဖွဲ့ကို တိတ်တဆိတ်ပဲ ကြည့်နေရပါသည်။

တားခွင့်လည်း မရှိပါဘူး။

နန်းနွယ်ကိုပဲ သူက ရွေးချယ်ခဲ့ပြီမို့ ခလေးကိုတော့ သူ လုံးဝ စွန့်လွှတ်ရပါမည်။

ခလေးခင်က သူ့ဖေဖေနှင့်အတူတူပြန်လာတော့မှာ၊ သူနှင့်ဘယ်လောက်ကြာမှ ပြန်တွေ့ဖြစ်မည်မသိ။



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ကွင်းကို လိုက်ပို့ချိန်အထိ ခလေးခင်က သူနှင့်နှစ်ယောက်တည်း အတွေ့မခံ၊ စကားမဆို။

သူ့ဆီဖုန်းဆက်ပြီး စကားပြောခဲ့တာ နောက်ဆုံးပါ။

မိုးကြိုမ်တိတိ ခေါ်ခိုင်းခဲ့တာ တွေးမိတော့ သူ ခလေးခင်ကို အရှမ်းပဲ ကရုဏာသက်ရသည်။

ဘာသဘောမှန်း သူ မသိခဲ့ရိုးအမှန်ပါ။

'ကိုကို သွားတော့မယ်'ဟု နှုတ်ဆက်လာတော့၊ ဖွဲကို စိတ်မထိန်းနိုင်အောင် ဖြစ်ရပါသည်။

ရှင်းပြခွင့် ဘာလို့မပေးတာလဲ ခလေးရယ်။

တောင်းပန်ခွင့်ပေးပါ။

ကိုကို ခလေးအပေါ် မတရားခဲ့တာတွေ တောင်းပန်ပါရစေ။

ဖွဲကို ဆန္ဒတွေကို ခလေးက လုံးဝ မလိုက်လျောခဲ့ပါ။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



ခလေးခင် ပြန်သွားပြီးနောက် တစ်ရက်မှာတော့။

ဒေါ်လေးမိက ဖွဲ့ကိုကို လှပသော ပန်းနုရောင်ဗူးကလေးတစ်ခု ပေးလာ၏။

"ခလေး ပေးသွားခဲ့တာ"

ဖွဲ့ကို လှမ်းယူဖွင့်ကြည့်မိသည်။

ရေမွှေးဆွတ်ထားသော သဇင်ပန်းခြောက်ကလေး တစ်ခက်ပါ။

သူ ခလေးကို ပေးခဲ့ဖူးသော သဇင်တစ်ခက်ပါပဲ။

"ဘာပြောသွားသေးလဲ...ဒေါ်လေးမိ"

"မပြောပါဘူး။ အဲဒါပဲ ပေးခဲ့တာ"

ဖွဲ့ကို ခေါင်းငုံ့ပြီး သက်ပြင်းရှိုက်သည်။ ခလေးခင်ရယ်...ရင်ထဲ ရှိရှိသမျှ မျိုသိပ်ထားလိုက်ပါ့မယ်။

ခလေးဆန္ဒအတိုင်းပေါ့။

တောင်းပန်ရင်လည်း ခွင့်လွှတ်ပေးနေရဦးမယ်။

သည်အတိုင်းပဲ ရှိပါစေတော့။

✿

www.burmeseclassic.com

www.burmeseclassic.com



ချဉ်းကပ်လာသော ခြေသံဖွဖွကြောင့် နန်းနွယ် ဖျတ်ခနဲ လှည့်ကြည့်လိုက်ရာ…

"ဟင်…"

ဖွဲ့ကိုက သူမအနားသို့ လှစ်ခနဲ ရောက်လာသည်။

"နန်းနွယ်…"

နန်းနွယ်က ဘာမှမဖြစ်သလိုပင်…။

"ဘယ်လိုရောက်လာတာလဲ၊ ကားသံလည်း မကြားမိပါလား"

"အပြင်မှာရပ်ခဲ့တယ်၊ နန်းနွယ် ကျွန်တော့်ကို ရှောင်ပုန်းနေမှာစိုးလို့ အမိလာဖမ်းတာ"

"အံမယ်…"

"ဟုတ်တယ်၊ ဆက်ပြီးတင်းမာနေရင် သည်းမခံနိုင်တော့ဘူး"

"ရှင် အဲလိုကြုပ်ကြုပ်ပြော သိလား၊ အခု ခလေး တစ်ယောက်တည်း ပြန်သွားပြီ"

"တစ်ယောက်တည်း မဟုတ်ပါဘူး၊ ဗညားလာခေါ်တာပါ"

"ဟင်…ရှင် ဘယ်လိုသိလဲ"

"ခလေး ကျွန်တော့်ဆီ ဖုန်းဆက်ပြောတယ်"

"ဩော်…ရှင့်ကိုတော့ ခလေးက နှုတ်ဆက်ခဲ့တာပေါ့နော်"

နန်းနွယ် စိတ်ထိခိုက်စွာ ရေရွတ်မိသည်။

"နန်းနွယ်ကို နှုတ်မဆက်ဘူးလား"

"ဘာမှတောင် မပြောဘူး၊ ဒေါ်လေးမိပဲ သိတယ်"

"စာကလေးတစ်စောင်ပဲရေးပြီး အသိပေးတာ၊ သူ နန်းနွယ်ကို စိတ်ဆိုးသွားတယ် ထင်တယ်နော်"

ဖွဲ့ကိုက အားပေးသလို နန်းနွယ် လက်ဖျားလေးကို လှမ်းဆုပ်လိုက်သည်။

"စိတ်မဆိုးပါဘူး"

"ရှင် မသိပါဘူး"

"အချစ်နဲ့ပတ်သတ်ရင် တစ်ကိုယ်ကောင်းဆန်တယ်ဆိုတာ မရှိပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူးဗျာ၊ စိတ်ထဲမှာ ဘာမှထားမနေနဲ့''

''နန်းနွယ်အနားမှာ ကျွန်တော်ရှိပြီပဲ''

သူက အနားတိုးကပ်လာသဖြင့် နန်းနွယ်မျက်စောင်းလှည်ကာ...

''ဘယ်သူက ခွင့်ပြုသေးလို့လဲ''

''ဟာ...မရပါဘူး၊ ကျွန်တော့်မှာ ဘာပြဿနာမှ မရှိတော့ဘူး ဒီတော့ ပွင့်ပွင့်လင်းလင်းဖြေဗျာ''

''ကျွန်တော့်ကို ချစ်လား...''

ဖွဲ့ဂိုသည် မြူစိစိ သူ့ပုံစံလေးကို စိတ်မရှည်တော့ဘဲ ပခုံးကလေး နှစ်ဘက်ကို တင်းတင်းဆုပ်ကိုင်လိုက်သည်။

''ကြားချင်တယ်...ဖြေလေကွာ''

''ရှင် သိပြီးသားဆို''

''ဒီနှုတ်ခမ်းက ဖြေကွာ''

ဖွတ်ပင် ပူဆာတောင်းဆိုလေသည်။

''ချစ်တယ်...ချစ်တယ်၊ ပြီးရောမို့လား...လွှတ်...''

''ဒါဆို အမြန်လက်ထပ်မယ်...ဒါပဲ''

''အမယ်...အဲလိုရမလား၊ ကျွန်မမှာ မွေးစားအဖေ တစ်ယောက် လုံးရှိသေးတယ်၊ သူ ခွင့်ပြုမှ ဖြစ်မှာပေါ့''

''အိုကွာ...ဒါက ရပါတယ်၊ အန်ကယ့်ကို ကျွန်တော် ပြောမယ်''

''ဟင်...ချက်ချင်းကြီး သွားမပြောနဲ့ဦးလေ''

''ဒါ...ကျွန်တော့်သဘောပါ၊ အန်ကယ့်ဆီ ဖုန်းဆက်လိုက်မယ် ဗျာ''

ဖွဲ့ဂိုက အပိုင်ပြောတာမို့ နန်းနွယ်က သူ့အကျီစကို ပြန်ဆွဲထားရ သည်။

''နန်းနွယ်လား၊ လေးလေးပါ''

''ဟုတ်ပါတယ်၊ နန်းနွယ်ပါ''

တယ်လီဖုန်းထဲက လေးလေးအသံကြားလျှင် ကြိုတင်ပြင်ဆင်ထား သည့်ကြားက အသံတွေတုန်ကာ လက်ဖျားအေးချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူကလည်း ရှက်သွေးနှင့်ထူပူပြီး စိတ်လှုပ်ရှားနေမိသည်။

အရင်က အကြိမ်များစွာ လေးလေးနှင့် အေးအေးဆေးဆေး ဖုန်းပြောနိုင်ခဲ့ဖူးပေမဲ့ ဒီတစ်ကြိမ်မှာတော့ နန်းနွယ် ရင်တွေခုန်ကာ တုန်လှုပ်နေမိသည်။

လေးလေးရဲ့အသံကတော့ ဘာမှ ထူးခြားလို့မဟုတ်။

သို့သော် နန်းနွယ်က လေးလေး ကိုယ့်ကိုမေးမြန်းတော့မည့် အကြောင်းအရာကို ကြိုတင်သိနေခဲ့ပြီ မဟုတ်လား။

အဲဒါတွေလေ ဟောဒီ…ဖွဲကိုကြောင့်ပေါ့။

ချစ်မြတ်နိုးစိတ်နှင့် နှုတ်ခမ်းစူမိသည်။

လေးလေးကို သူ လျှောက်ပြောလို့သာ…

နန်းနွယ်သာဆို ဒီလောက်မြန်မြန် အသိပေးနိုင်မှာမဟုတ်။

ဖွဲကိုကလည်း သိချင်စိတ်ဖြင့် သူ့မန်ဘေးမှာ နားထောင်နေသည်။

"နေကောင်းလား…နန်းနွယ်"

"ဟုတ်ကဲ့…လေးလေးရော"

"ကောင်းပါ့ဗျာ"

"ခလေးခင် အဲဒီကို ပြန်ရောက်နေပြီ မဟုတ်လားဟင်"

"အေးလေ…ပြန်လာပြီပဲ"

ဦးချစ်လွင်က တစ်ချက်ရယ်လိုက်သည်။

တကယ်တော့ သူ့ရဲ့စိတ်လှုပ်ရှားမှုများကို ဖုန်းကွယ်ပေါ့ပါးစေလိုက်ခြင်းပါပဲ။

နန်းနွယ်ဆီက အဖြေသတင်းတစ်ခုကို နားထောင်ဖို့ အသင့်ပြင်ထားလိုက်သည်။

"ခလေးက ဗညားနဲ့အတူတူ လေးလေးဆီ ရောက်လာတယ်။ ဗညားနဲ့လက်ထပ်မယ်…ခွင့်ပြုပါတဲ့"

"ဟင်…ဟုတ်လား"

ခလေးခင်ရဲ့ပြတ်သားရင့်ကျက်မှုကို နန်းနွယ်အံ့ဩသွားမိ၏။

ခလေးသည် အသက်ငယ်ပင်ငယ်သော်လည်း ဆုံးဖြတ်ချက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်မှာ တိကျလွန်းပါလား။ လေးလေးဆီကပင် ခွင့်တောင်းလိုက်ပြီဆိုပဲ...။

နန်းနွယ် ရင်ထဲတမျိုးကြီးတော့ ဖြစ်သွားရတာအမှန်---

"ဟား...ဟား...ဟား။ ခလေးက ပွင့်လင်းတယ်ပေါ့၊ ငယ်ငယ်ကအတိုင်းပဲ အဖေကို သူငယ်ချင်းလိုပဲ။ သူက ပြီးတော့ ပြောသေးတယ်ကွ။ မမနန်းနွယ်လည်း အိမ်ထောင်ပြုတော့မှာတဲ့"

နန်းနွယ့်ပါးပြင်လေး နွေးသွားရသည်။

ဒီလိုပဲ ခလေးက ကြိုတင်ကြေငြာထားသတဲ့လား---

"ပထမတော့ လေးလေးက နောက်တယ်ထင်နေတာကွ သိလား ဘယ်နှယ့် နန်းနွယ်မှာ ရည်းစားရှိနေတာ လေးလေးဖြင့် မသိပါလားပေါ့"

"အာ...လေးလေးကလည်း"

"ဟုတ်တာပဲ၊ တစ်ခါမှ မကြားမိဘဲ၊ လေးလေးညံ့တာပဲ ထားပါတော့"

နန်းနွယ်မျက်နှာလေး ရှက်စနိုးပြုံးလာရတော့၏။

"ဘယ်သူလဲသိချင်ရင် ပြောမယ်တဲ့၊ ပဟေဠိ လုပ်လိုက်သေးတယ်"

"ခလေးက အဲဒီအတိုင်းပဲ"

"ဖွဲ့ကိုဆိုတော့ ပိုအံ့ဩတယ်၊ ဒီကောင်လေး ရန်ကုန်ရောက်နေတာ ဘာကြာသေးလို့လဲ၊ ဖုန်းဆက်ကြည့်မယ်လုပ်တုန်း ဖွဲ့ကိုဆီက ဖုန်းဝင်လာပြန်ရောပေါ့။ တကယ့်ကောင်ပဲ မြန်မှမြန်၊ နန်းနွယ်ကို လက်ထပ်ပါရစေဆိုပြီး လေးလေးဆီခွင့်တောင်းတယ်။ အခု နန်းနွယ်ကိုယ်တိုင် ပြောဖို့ပဲ ကျန်တော့တယ်ပေါ့။ ကဲ...ပြော၊ ဖွဲ့ကိုနဲ့မေတ္တာမျှနေကြပြီဆိုတာ ဟုတ်လားသမီး"

"ဟုတ်...ဟုတ်ကဲ့"

"ဒါများကွာ...ဘာဖြစ်လဲ၊ ဖွဲ့ကိုလည်း တခြားလူမှမဟုတ်တာ ကိုယ့်လူရင်းချင်းပဲ၊ လေးလေးသဘောတူတယ်။ ဘာမှ စိတ်မပူနဲ့တော့ပြီ လား..."

ဦးချစ်လွင်သည် ဆံပင်များကို တစ်ချက် သပ်တင်ကာ နှုတ်ဆိုသော

[illegible]

www.burmeseclassic.com



ထဲက အင်အားတို့ကို သုံးစွဲလျက် တစ်ခွန်းချင်း ပြောလိုက်သည်။

သူ့ဆီမှာရှိနေသော ခက်ခဲပင်ပန်းသမျှသော ခံစားမှုတို့သည် ထိုစကားလုံးများနှင့်အတူ စီးမျှောပါသွားသလိုပင် ရင်ထဲ လစ်လစ်ဟာဟာကျန်ခဲ့သည်။

သမီးရင်းရော၊ မွေးစားသမီးပါ သူ့ထဲမှ အမှန်တကယ်စွန့်ခွာဖို့ ပြင်ဆင် ထားကြပြီ။

ဒါကို သူ ခံနိုင်ရည် မမွေးလို့ရော ရမှာလား…။

"ကျေးဇူးတင်ပါတယ် လေးလေး"

တိုးတိတ်သော နှန်းနွယ်အသံလေးက ဦးချစ်လွင်နားထဲ ပဲ့တင်ထပ်သွား၏။

"လေးလေး ဝမ်းသာပါတယ်ကွာ၊ ကိုယ့်သမီးတွေအတွက်လည်း စိတ်အေးရတာပေါ့။ ခွဲတော့လည်း လေးလေးသမီးတွေက နှစ်ယောက်လုံး ပဲကိုး…ဟား…ဟား"

ဦးချစ်လွင်ရဲ့ရယ်သံကြောင့် နှန်းနွယ်စိတ် ပေါ့ပါးလန်းဆန်းသွားရ၏။ အပျော်တွေက ရင်ထဲအသည်းထဲ ပြည့်လျှံလာသည်။

မထင်မှတ်ဘဲ အရာရာဟာ လွယ်ကူအဆင်ပြေချောမွေ့သွားလေပြီ။

"သမီးတို့မင်္ဂလာပွဲကိစ္စ စီစဉ်ဖို့ လေးလေးခဏပြန်ခဲ့မယ်၊ ဟုတ်ပြီလား…။ အဆင်ပြေမှာပါ။ နောက်မှ ဖုန်းထပ်ဆက်မယ် ဘာပြောချင်သေးလဲ"

နှန်းနွယ်စိတ်ထဲ ခလေးကို ကျေးဇူးတင်ကြောင်း ပြောချင်သေးသည်။



www.burmeseclassic.com